# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၁၂ ရက် ဗုဒ္ဓဟူးနေ့ | 18, Wednesday May 2016 | (၈၅၆၅)


**လျှင်မြန်စွာပြုလုပ်**

မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၍ ကောင်းမှုကိုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို လျှင်မြန်စွာပြုလုပ်ရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၁၁၆)



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## အမြန်လမ်းမကြီး အရေးပေါ်ကုသမှုပေးနိုင်ရေးနှင့် သစ်လွင်ဆရာဝန်များရွေးချယ်ခန့်ထားရေး ဦးစားပေးဆောင်ရွက်မယ့် ကျန်းမာရေးဝန်ကြီးဌာန


စာမျက်နှာ
၁၆
၁၇
၁၈


# မြန်မာ့ကမ်းရိုးတန်းရှိ ကျွန်းများသို့ ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်မှုများလာ

**နေပြည်တော် မေ ၁၇**

သဘာဝအလှများဖြင့်ပြည့်စုံပြီး ရှည်လျားသည့်ပင်လယ်ကမ်းရိုးတန်း၊ ထူးခြားဆန်းကြယ်လှပသည့် သဘာဝတောတောင်ရှုခင်းများ၊ ရှားပါးသည့် သဘာဝအပင်များနှင့် ကျေးငှက်တိရစ္ဆာန်အမျိုးပေါင်း မြောက်မြားစွာနေထိုင်သည့်၊ ပင်လယ်ရေအောက် သန္တာကျောက်တန်းနှင့် ရေနေသတ္တဝါများ ပေါများသည့် မြန်မာ့ကမ်းရိုးတန်းအတွင်းရှိကျွန်းများသို့ ကမ္ဘာလှည့်ခရီးသည်များက စက်တပ်ရွက်လှေများဖြင့် လာရောက်လည်ပတ်ကာ အပန်းဖြေလျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ Mergui Sakura Travels & Tour Co., Ltd ၏ စီစဉ်မှုဖြင့် ဗြိတိန်နိုင်ငံသားလေးဦးပါဝင်သောအဖွဲ့သည် Mergui Angel စက်လှေဖြင့် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပန်းဇင်ရွာ၊ ရေပြည့်ကျွန်း၊ ရေပြည့်အော်ကျွန်း၊ ဒုံးရေတံခွန်၊ ဒုံးညောင်မှိုင်းရွာ၊ နတ်သမီးရေတွင်းကျွန်းများသို့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



မြန်မာ့ကမ်းရိုးတန်း မြိတ်ကျွန်းစုတွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်အပန်းဖြေရေကူးနေသည်ကို တွေ့ရစဉ်။

# သီလဝါအများပိုင်ကုမ္ပဏီအစုရှယ်ယာ စိတ်ဝင်စားသူများပြား၊ ရှယ်ယာအရောင်းအဝယ်ပြုလိုသူများအတွက် ဝန်ဆောင်မှုပေးသွားမည်

**ရန်ကုန် မေ ၁၇**

ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီတစ်ခုအဖြစ် မေ ၂၀ ရက်တွင် အစုရှယ်ယာများစတင်ရောင်းချတော့မည့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် Myanmar Thilawa SEZ Holding Public Ltd (MTSH) ၏ အစုရှယ်ယာများသည် နေရာစုံအလွှာစုံမှ ပါဝင်ထားသော ရှယ်ယာရှင်များကြောင့် စိတ်ဝင်စားသူများပြားပြီး အဆိုပါအစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်လိုသူများအတွက် securities account ဖွင့်လှစ်ရန် ဧရာဝတီဘဏ်ခွဲများအားလုံးတွင် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း AYAtrust Securities ကုမ္ပဏီမှ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာများ ထုတ်ရောင်းမည့်အများပိုင်ကုမ္ပဏီများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းဝင်ကုမ္ပဏီအဖြစ် ရှယ်ယာများ စတင်ရောင်းချခဲ့ရာတွင် F.M.I ကုမ္ပဏီပြီးနောက် ဒုတိယမြောက် ရှယ်ယာရောင်းချမည့်ကုမ္ပဏီအဖြစ် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် Myanmar Thilawa SEZ Holding Public Ltd (MTSH) အစုရှယ်ယာများကို စတော့အိတ်ချိန်းဈေးကွက် စတင်ဖွင့်လှစ်ချိန် မေ ၂၀ ရက်တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ရှယ်ယာအရောင်းအဝယ်ပြုလုပ်ရာတွင် ရန်ကုန်စတော့အိတ်ချိန်းတွင် တိုက်ရိုက်အရောင်းအဝယ်ပြုလုပ်ခြင်းမဟုတ်ဘဲ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က စိစစ်ခွင့်ပြုထားသည့် underwriter ကုမ္ပဏီများ၌ ငွေချေးသက်သေခံလက်မှတ်စာရင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳




ကြေးမုံ

# သဘာဝတံတိုင်းများ ထူထောင်ထိန်းသိမ်း

ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်ခဲ့သည့် လေဖိအားနည်းရပ်ဝန်းမှ မုန်တိုင်းငယ်ဖြစ်ပေါ်လာသည်။ အဆိုပါမုန်တိုင်းသည် မြန်မာနိုင်ငံသို့ အဖျားခတ်နိုင်သည်။ ဖြတ်ကျော်နိုင်သည်။ မည်သို့ပင်ဖြစ်စေ မုန်တိုင်းနှင့်အတူ မုတ်သုံမိုးရရှိတော့မည်ဖြစ်သည်။ မုတ်သုံရာသီမရောက်မီကတည်းက အယ်နီညို၏ ပြင်းထန်သည့်အပူရှိန်ကြောင့် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး မြန်မာနိုင်ငံအထက်ပိုင်းတွင် လေပြင်းတိုက်ခြင်း၊ မိုးရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း စသည့် သဘာဝဘေးဒဏ်များနှင့် ကြုံတွေ့ခဲ့ရသည်။

ဖြစ်ပေါ်လာမည့်မုန်တိုင်းနှင့်အတူ မြန်မာပြည်တစ်ဝန်း မုတ်သုံလေဝင်ရောက်ကာ မိုးဦးကာလနှင့် ကြုံဆုံကြရတော့မည်ဖြစ်သည်။ ဤမိုးကာလသည် ပုံမှန်မိုးကာလတော့မဟုတ်။ အရှိန်ပြင်းသော အယ်နီညိုနွေကာလကဲ့သို့ ရိုက်ချက်ပြင်းသော လာနီညာမိုးကာလကဲ့သို့ ဖြစ်လာနိုင်ခြေရှိသည်။ ယခုနှစ်ရာသီဥတုသည်ကား ပြည်သူပြည်သားများအား အငြိုးတကြီးနှင့် ရိုက်ခတ်နေသည့် ပြင်းထန်သော ရာသီဥတုဖြစ်သည်။

ဤသည်မှာလည်း ကိုယ်ပြုသောကံ ကိုယ့်ထံပြန်လာသကဲ့သို့ လူသားများက သဘာဝပတ်ဝန်းကျင်ကို မဆင်မခြင်ထုတ်ယူသုံးစွဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးပြီး ရာသီဥတုဖောက်ပြန်လာခြင်းဖြစ်သည်။ လာမည့်မိုးရာသီကာလအတွက် ရေနှင့်နီးစပ်ရာ မြစ်ချောင်းအင်းအိုင်နှင့်ပင်လယ်ကမ်းနားများမှာ အရေးကြီးသည်။ အရှိန်ပြင်းသောမိုးနှင့် တစ်ဟုန်ထိုးစီးဆင်းရိုက်ခတ်သည့် ရေတို့၏ မာန်ဟုန်ကိုကြံ့ကြံ့ခံနိုင်ဖို့လိုသည်။

အထူးသဖြင့် ပင်လယ်မုန်တိုင်းများ၊ ပင်လယ်ဒီရေများနှင့် ကြုံကြိုက်ရပါက ကြံ့ကြံ့ခံကာကွယ်ပေးနိုင်သည့်အရာမှာ ဒီရေတောများသာဖြစ်သည်။ ဒီရေတောများသည် သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးရေးအတွက် အခြားသစ်တောများထက် တန်ဖိုးကြီးသည်။ ပင်လယ်ရေကိုကာကွယ်ပေးရုံသာမက သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အခြားသစ်ပင်များထက် နှစ်ဆစုပ်ယူနိုင်စွမ်းရှိသည်။ ထို့အပြင် လေထုကိုပါ သန့်စင်ပေးပြီး ဇီဝထုတ်လုပ်မှုအမြင့်မားဆုံးဖြစ်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်သည်။

သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေးအတွက် နိုင်ငံအပေါ်ပိုင်းတွင် သစ်တောသစ်ပင်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရန်လိုပြီး နိုင်ငံအောက်ပိုင်းတွင် ဒီရေတောများကို ထိန်းသိမ်းဖို့လိုအပ်သည်။ သို့သော် နိုင်ငံအထက်ပိုင်းတွင်ရော အောက်ပိုင်းတွင်ပါ ထိန်းသိမ်းခဲ့ခြင်းမရှိဘဲ မိမိတို့အကျိုးစီးပွားအတွက် ဝိုင်းဝန်းဖျက်ဆီးခဲ့သဖြင့် ယခုအခါ သဘာဝပတ်ဝန်းကျင်ကြီးမှာ ထိန်းမရ သိမ်းမရ ပျက်စီးယိုယွင်းနေသည်မှာ မြန်မာတစ်နိုင်ငံတည်း မဟုတ်။ နိုင်ငံအများလည်း ပါဝင်လာသည်။

ဒီရေတောများကို လုံခြုံရေး၊ စီးပွားရေးအတွက် ရှင်းလင်းပစ်ခဲ့ကြသည်။ ဒီရေတော၏တန်ဖိုးနှင့်ဒီရေတောကို ထိန်းသိမ်းစောင့်ရှောက်ရန် မည်သူမျှအားမထုတ်ခဲ့ချေ။ ဒီရေတောများပြုန်းတီးလာသောကြောင့် ရာသီဥတုပြောင်းလဲခြင်း၊ ကမ်းပြိုခြင်း၊ သက်ရှိသယံဇာတများလျော့နည်းခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းတို့ ဖြစ်ပေါ်စေသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးပြီး ယခုကဲ့သို့ ပြည်သူများ သဘာဝဘေးအန္တရာယ်ခံစားနေရခြင်းမှ လျော့နည်းသက်သာလာစေရန် သစ်တောသစ်ပင်များနှင့် သဘာဝဒီရေတောများကို ပြန်လည်ပြုစုပျိုးထောင်ကာ ထာဝရထိန်းသိမ်းသွားရန် အရေးတကြီးလိုအပ်နေပါကြောင်း။ ။

## လွှတ်တော်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစဉ်များ ဆွေးနွေး



**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဥရောပပါလီမန်မှ လွှတ်တော်ကိုယ်စားလှယ် H.E.Ms. Judith Sargentini အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ခရမ်းလွန်ရောင်ခြည် ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းများ

| | |
|---|---|
| နေပြည်တော် | ၉ ဒသမ ၀ |
| ရန်ကုန် | ၉ ဒသမ ၆ |
| မန္တလေး | ၇ ဒသမ ၇ |

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဥရောပပါလီမန်အမတ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဥရောပပါလီမန်မှ လွှတ်တော်ကိုယ်စားလှယ် H.E. Ms.Judith Sargentini အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ညောင်တုန်းမြို့၌ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

**ညောင်တုန်း မေ ၁၇**

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၅၇)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် စတုဒိသာကျွေးပွဲကို ကဆုန်လပြည့်နေ့တွင် ညောင်တုန်းမြို့ အမှတ်(၈)ရပ်ကွက် အောင်သုခ လမ်းတစ်လျှောက်၌ အထူးစည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အမှတ်(၈)ရပ်ကွက် စိတ္တသုခလူငယ်အသင်းက ဦးဆောင်ပြီး ကဆုန်လပြည့်(စနေနေ့)တွင် ဥသျှစ်လှစေတီတော်ကြီးရှိ မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များဖြင့် ကဆုန်ညောင်ရေသွန်းလောင်းကြမည်ဖြစ်သည်။

ထို့ပြင်အမှတ်(၈)ရပ်ကွက် အောင်သုခလမ်းတစ်လျှောက်ရှိ နေအိမ် ၁၀၀ ကျော်မှ အလှူရှင်များက ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်း၊ မုန့်လက်ဆောင်း၊ မုန့်ဟင်းခါး၊ မုန့်လုံးရေပေါ်၊ ပေါင်မုန့်နို့စိမ်းနှင့် သာကူမုန့်များ၊ အအေး စသည်တို့ဖြင့် နိဗ္ဗာန်ဈေးလမ်းတစ်လျှောက် လာရောက်လည်ပတ်ကြသူပရိသတ်များအား စတုဒိသာကျွေးမွေးဧည့်ခံခြင်းများဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ထွန်းကျော်-ညောင်တုန်း)**

■

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၈၅၊ ဒီဝ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပုဂ္ဂလိက ဆေးတက္ကသိုလ်များ

■ မောင်နေ(ဆေးမန်း)

နိုင်ငံတော်၏ နိုင်ငံရေးစနစ်ပြောင်းလဲလာသည်နှင့် အတူ စီးပွားရေး၊ ပညာရေးအပါအဝင် နယ်ပယ် အသီးသီးတွင် ပုဂ္ဂလိက၏အခန်းကဏ္ဍသည် ယခင်က ထက် ပိုအရေးပါလာသည်။ နိုင်ငံ၏တာဝန်များကို တစ်ဖက်တစ်လမ်းမှ ဝင်ထမ်းသည်ဟု ဆိုနိုင်သလို နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီသည်ဟုလည်း တွက်နိုင်သည်။ ထို့ကြောင့် အခြေခံမူအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသော ပုဂ္ဂလိက၏ အခန်းကဏ္ဍကို နေရာပေးလက်ခံရမည်ဖြစ်သည်။ ယင်းတို့တွင် ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆေးကျောင်းများ၊ ဆေးတက္ကသိုလ် များ၊ ကျန်းမာရေးနှင့်နှီးနွယ်သော ကျွမ်းကျင်ဘာသာ ရပ်ဆိုင်ရာ ကျောင်းများ၊ တက္ကသိုလ်များလည်း ပါဝင် သည်။ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် အစိုးရအထောက်အပံ့ခံ ဆေးတက္ကသိုလ်များနှင့် ပုဂ္ဂလိက ဆေးတက္ကသိုလ်များ ဟူ၍ ရှိကြသည်။ နိုင်ငံ၏ အခြေ အနေ၊ လိုအပ်ချက်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပေါ်မူတည်ပြီး ယင်းတို့၏အရေအတွက်အချိုးမှာ ကွဲပြား ကြသည်။ နိုင်ငံအတော်များများတွင် အစိုးရ ဆေးကျောင်း၊ ဆေးတက္ကသိုလ်များ၏ အရေအတွက်က သိသိသာသာ ပိုများသည်။ နိုင်ငံတချို့တွင်မူ ပုဂ္ဂလိက ဆေးကျောင်း၊ ဆေးတက္ကသိုလ်အရေအတွက်က ပိုများ သည်ကိုတွေ့ရသည်။

အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဆေးတက္ကသိုလ် စုစုပေါင်း ၂၂ ကျောင်းရှိရာ ၂၀ မှာ အစိုးရအထောက်အပံ့ ခံဖြစ်ပြီး နှစ်ကျောင်းသာ ပုဂ္ဂလိကဖြစ်သည်။ မလေးရှား နိုင်ငံတွင် ဆေးကျောင်း၊ ဆေးတက္ကသိုလ် အများအပြား ရှိရာ အစိုးရတက္ကသိုလ်အရေအတွက်နှင့် ပုဂ္ဂလိက တက္ကသိုလ်အရေအတွက်မှာ မတိမ်းမယိမ်းဖြစ်သည်။ ပုဂ္ဂလိကတက္ကသိုလ်များအနက် သုံးခုမှာ နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ထားကြသည်။

ဂျပန်နိုင်ငံတွင် ပုဂ္ဂလိကနှင့် အစိုးရဆေးတက္ကသိုလ် အရေအတွက်မှာ ဆတူလောက်ရှိသည်။ မြန်မာနိုင်ငံတွင် တော့ လက်ရှိအချိန်တွင် တပ်မတော်ဆေးတက္ကသိုလ် အပါအဝင် ဆေးတက္ကသိုလ်ငါးခုရှိရာ အားလုံးမှာ အစိုးရ အထောက်အပံ့ခံ တက္ကသိုလ်များသာဖြစ်ကြသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ တရားဝင်ခွင့်ပြု ထားသော ပုဂ္ဂလိကတက္ကသိုလ်တစ်ခုမျှမရှိဟု သိရသည်။

နိုင်ငံတကာတွင် ပုဂ္ဂလိကကျောင်း၊ ပုဂ္ဂလိက တက္ကသိုလ်ဟု ဆိုရာ၌ နိုင်ငံသားပိုင်တက္ကသိုလ်များနှင့် နိုင်ငံတကာ တက္ကသိုလ်များ၊ ယင်းတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး ပူးတွဲဖွင့်လှစ်သည့် တက္ကသိုလ်များ ဟူ၍ရှိရာ အများစုမှာ နိုင်ငံသားပိုင်များ ဖြစ်ကြသည်က များသည်။ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်၊ ပူးတွဲဖွင့်လှစ်သည် ဆိုရာတွင်လည်း အထင်ကရ၊ နာမည် ကြီး၊ အဆင့်အတန်းမြင့်၊ အမှန်တကယ်တက္ကသိုလ်များနှင့် ချိတ်ဆက်ကြသည်များ ရှိကြသလို အဆင့်အတန်းမမီ တက္ကသိုလ်များ၊ စီးပွားရေးသက်သက်တက္ကသိုလ်နှင့် ချိတ်ဆက်၊ ပူးတွဲပြပြီး နာမည်ယူရုံ ကျောင်း၊ တက္ကသိုလ် များလည်း ရှိသည်။ လျှောက်သမျှ လက်ခံ၊ သာမန်ကာ လျှံကာ ကျောင်းတက်၊ ဖြေသမျှအောင်၊ ဘွဲ့အလွယ် တကူပေးသည့်ကျောင်းများ ဖြစ်သည်။ တချို့နိုင်ငံများ တွင်တော့ အကောင်းဆုံး အရည်အသွေးနှင့် အမြင့်ဆုံး အဆင့်အတန်းကိုမှန်းပြီး ကမ္ဘာ့အကောင်းဆုံး၊ အချမ်း သာဆုံး၊ နာမည်အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်များကိုသာ ဖွင့်ခွင့်ပေးသည်။

> **တက္ကသိုလ်များ၏ ပညာ အရည်အသွေး အာမခံမှုနှင့် ပတ်သက်ပြီး အမျိုးသားပညာရေး ဥပဒေတွင် ပညာအရည် အသွေးနှင့် အဆင့်အတန်း တိုးတက်မှုကို စစ်ဆေးအကဲ ဖြတ်မည့် အတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ် နှင့် ပြင်ပမှ အရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်း စဉ်တို့ ပါဝင်ရမည်ဟု ပါရှိ သည်။**

အစိုးရဆေးတက္ကသိုလ်များသည် နိုင်ငံတော်မှ မြေနေရာ၊ အဆောက်အအုံ၊ သင်ကြားရေးအထောက် အကူပြုပစ္စည်း၊ ဆရာ ဆရာမဝန်ထမ်းတို့၏ လစာပါ အစစအရာရာ တာဝန်ယူရုံမက အစိုးရဆေးရုံများကို သင်ကြားရေးဆေးရုံများအနေဖြင့် ချိတ်ဆက်အသုံးပြု ကြသည်ဖြစ်ရာ ကျောင်းလခမှအစ ကျောင်းစရိတ် သက်သာသည်။ ထို့ပြင် သင်ကြားရေးအဆင့်အတန်းနှင့် အရည်အသွေးကိုလည်း အဆင့်မီထိန်းထားကြသော ကြောင့် နိုင်ငံတကာတွင် အစိုးရဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရရန် အပြင်းအထန်၊ အပြိုင်အဆိုင် ကြိုးစားကြ ရသည်။ မြန်မာနိုင်ငံတွင်လည်း ဆေးတက္ကသိုလ် ငါးခုလုံး ၏ လိုအပ်ချက်မှန်သမျှကို အစိုးရက ပံ့ပိုး၊ ထောက်ပံ့ပေး သဖြင့် ကျောင်းသားတစ်ဦးစီ၏ အိတ်စိုက်သင်ကြားရေး စရိတ်မှာ နိုင်ငံတကာတွင် စံတင်လောက်အောင် နည်းသည် ကို တွေ့ရသည်။ နောင်တစ်ချိန် ကိုယ်ပိုင်စီမံအုပ်ချုပ် ထိန်းကျောင်းခွင့်ရတက္ကသိုလ်များအဖြစ် ပြောင်းလဲ သတ်မှတ်ချိန်တွင်လည်း ကျောင်းသားအများစု တတ်နိုင် အောင်၊ နိုင်ငံတကာနှင့်ယှဉ်လျှင် အဆမတန်သက်သာ နေဦးမည်ဟု ယူဆရသည်။ မတတ်နိုင်သည့် ထူးချွန် ကျောင်းသားများအတွက်လည်း အစီအမံများဆွဲပြီး ဖြစ်မည်ထင်သည်။

ပုဂ္ဂလိကဆေးတက္ကသိုလ်များသည် မြေနေရာ၊ အဆောက်အအုံ၊ သင်ကြားရေးဆေးရုံ၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းမှအစ ဆရာ၊ ဝန်ထမ်းလစာ များကို စိုက်ထုတ်၊ ရင်းနှီးကြရသဖြင့် ကျောင်းလခ၊ သင်ကြားရေးစရိတ်တို့မြင့်သည်။ ပုဂ္ဂလိကတက္ကသိုလ်များ သည် စီးပွားရေးကိုအခြေခံကာ ငွေကြေးအမြတ်အစွန်းကို ဦးတည်ကြသဖြင့်လည်း အစစအရာရာ ဈေးကြီးသည်။ ထို့ကြောင့်ယေဘုယျအားဖြင့် အစိုးရအထောက်အပံ့ခံ ဆေးတက္ကသိုလ်များတွင် ဝင်ခွင့်မရသော ကျောင်းသား များနှင့်ငွေကြေးတတ်နိုင်သော ကျောင်းသားများသည် ပုဂ္ဂလိကဆေးတက္ကသိုလ်များတွင် တက်ကြသည်။ နိုင်ငံ တကာရှိ ပုဂ္ဂလိကဆေးတက္ကသိုလ်များတွင် စနစ်တကျ တည်ထောင်၊ အရည်အသွေးနှင့် အဆင့်အတန်းအစဉ် အမြဲထိန်း၊ ဆရာဝန်ကောင်းများ မွေးထုတ်ပေးနေသော တက္ကသိုလ်များရှိသလို စီးပွားရေးသက်သက်၊ ပညာရေး လုပ်ငန်းကို အပေါ်ယံအပရိက အလုပ်ဖြစ်ရုံလုပ်စားသည့် အညံ့စားပုဂ္ဂလိက တက္ကသိုလ်များလည်းရှိသည်။ ယင်း တက္ကသိုလ်များက လျှောက်သမျှလက်ခံ၊ ဖောဖောသီသီ ဘွဲ့ပေးကြသည်။

ဆေးပညာသည် အသက်မွေးဝမ်းကျောင်းပညာဖြစ်ရုံ သာမက လူ့ကျန်းမာရေး၊ လူ့အသက်တို့နှင့် နှီးနွယ်သက်ဆိုင် နေသဖြင့် အစိုးရ၊ ပုဂ္ဂလိကဆေးကျောင်း၊ ဆေးတက္ကသိုလ် တို့၏ သင်ကြားရေးစနစ်၊ သင်ကြားရေးဝန်းကျင် စသည် တို့အားလုံး အရည်အသွေး၊ အဆင့်အတန်းမီရန်မှာ အလွန့်အလွန် အရေးကြီးသည်။ လက်ရှိအချိန်တွင် မြန်မာ နိုင်ငံ၌ အစိုးရဆေးတက္ကသိုလ် ငါးခုမှ နှစ်စဉ် ဆရာဝန် ၂၀၀၀ခန့် မွေးထုတ်ပေးလျက်ရှိသည်။ သင်ရိုးညွှန်းတမ်းတူ၊ စာမေးပွဲ မေးခွန်းနှင့် စနစ်တူ၊ သင်ကြားရေး ဆရာများ၊ တက္ကသိုလ်များအကြား ပြောင်းရွှေ့ဖလှယ်စသည်တို့ ကြောင့် လိုအပ်ချက်များရှိသော်လည်း တက္ကသိုလ် အားလုံး၏ အရည်အသွေးမှာ အတိုင်းအတာတစ်ခုထိ ထိန်းပြီးဖြစ်နေသည်။ ယင်းတက္ကသိုလ်များ အားလုံး နောင်တစ်ချိန် ကိုယ်ပိုင်စီမံခန့်ခွဲနိုင်ခွင့်ရ တက္ကသိုလ်များ ဖြစ်လာချိန်ကို မှန်းပြီး နိုင်ငံတကာတွင် ပြောင်းလဲနေသော ဆေးပညာသင်ကြားမှုနှင့် သင်ရိုးညွှန်းတမ်းပုံစံတို့နှင့် တစ်ပြေးညီဖြစ်စေရန် ရည်ရွယ်ပြီး တက္ကသိုလ်အသီးသီး သည် အရည်အသွေးနှင့် အဆင့်အတန်းစစ်ဆေးအကဲဖြတ် ခံနိုင်မှုအတွက် ကမ္ဘာ့ဆေးပညာသင်ကြားမှုအဖွဲ့အစည်း၏ စံသတ်မှတ်ချက်အတိုင်း အာဆီယံနိုင်ငံတွင်း ဆေးတက္က သိုလ်များ၏ အရည်အသွေး စစ်ဆေးသတ်မှတ်ပြီး လမ်းညွှန်အတိုင်းကြိုတင်ပြင်ဆင် ပြောင်းလဲမှုများ လုပ်နေ သည်ဟု စာရေးသူသိထားသည်။

မြန်မာနိုင်ငံတွင် အမျိုးသားပညာရေးဥပဒေသစ် နှင့် မြန်မာနိုင်ငံဆေးကောင်စီဥပဒေသစ်တို့ကို ပြဋ္ဌာန်း ပြီးသော်လည်း ပုဂ္ဂလိကတက္ကသိုလ်များ ဖွင့်လှစ်ခြင်း ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ မထွက်သေးချေ။ မြန်မာ နိုင်ငံတွင် ပုဂ္ဂလိကတက္ကသိုလ်များ မကြာမီဖွင့်လာကြတော့ မည့်အချိန်တွင် နိုင်ငံတကာတွင် ပုဂ္ဂလိကဆေးတက္ကသိုလ် များ ဖွင့်လှစ်သင်ကြားနေမှုများမှာ အတော်ခရီးရောက် နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဆေးတက္ကသိုလ် များ ဖွင့်လှစ်မှု နှစ်အတန်ကြာနောက်ကျခဲ့သည်ကို အခွင့် ကောင်းယူပြီး ရှေ့က နိုင်ငံတကာပုဂ္ဂလိကဆေးတက္ကသိုလ် များ၊ နှီးနွယ်တက္ကသိုလ်များ၏ အတွေ့အကြုံရလဒ်၊ ဆောင်ရန်၊ ရှောင်ရန်၊ သတိထားရန်တို့ကို သင်ခန်းစာယူကြ ရမည် ဖြစ်သည်။ အစကောင်းမှ အနှောင်းသေချာမည့် သဘောဖြစ်သည်။ တချို့နိုင်ငံများတွင် ပုဂ္ဂလိက ဆေးတက္ကသိုလ်များကို ဖွင့်ခွင့်ပေးသည်။ သူတို့၏ အရည် အသွေးကို အသေအချာစိစစ်ပြီးမှ ခွင့်ပြုသည်။ အစဉ် တစိုက်လည်း စနစ်တကျ ထိန်းကျောင်းသည်။ စောင့်ကြည့် သည်။ ဒီတော့ တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များ၏ အရည်အသွေးက အစဉ်အမြဲထိန်းပြီး ဖြစ်သည်။ တချို့နိုင်ငံများတွင်တော့ ပုဂ္ဂလိက ဆေးတက္ကသိုလ် များက မှိုလိုပေါ် သည်။

ထို့အတူ ယင်းတက္ကသိုလ်များ၏ အရည်အသွေး ထိန်းသိမ်းမှု၊ စောင့်ကြည့်ထိန်းကျောင်းမှု အားနည်းသည်။ ဒီတော့ ယင်းတက္ကသိုလ်များမှ ဘွဲ့ရ ကျောင်းသားများသည် အရည်အသွေးအဆင့်အတန်း ကျွမ်းကျင်မှုစံမမီ၊ နိုင်ငံ တကာက အသိအမှတ်မပြု၊ တစ်ခါတစ်ရံ ယင်းတက္ကသိုလ် သည် နိုင်ငံ၏ ဆေးကောင်စီကပင် အသိအမှတ်မပြု၊ စာသင်ရုံ၊ ဘွဲ့ပေးရုံသဘော ဖြစ်နေသည်။

စာရေးသူတို့ပြိတိန်နိုင်ငံတွင် ပညာသင်အလုပ်လုပ်၊ ဘွဲ့လွန် စာမေးပွဲဖြေစဉ်က စာရေးသူတို့ အိမ်နီးချင်း နိုင်ငံကြီးတစ်ခုရှိ တချို့ပုဂ္ဂလိကဆေးတက္ကသိုလ်များမှ အောင်သည့် ဆရာဝန်များ အလုပ်လုပ်ခွင့်လိုင်စင် စာမေး ပွဲလည်း ဖြေခွင့်မရှိ။ အလုပ်လုပ်ခွင့်လည်းမရှိ။ ဆရာဝန် ဘွဲ့သာ ရှိသည်။ ဘာဆိုဘာမျှအခွင့်အရေးမရှိ။

ပြီးခဲ့သည့် နှစ်အနည်းငယ်ကလည်း မြန်မာ ကျောင်းသားတချို့ ခါးသီးသည့်အတွေ့အကြုံခံကြရဖူးသည်။ စာရေးသူတို့ဒေသတွင်း နိုင်ငံတစ်ခုမှ ပုဂ္ဂလိက ဆေးတက္က သိုလ်တစ်ခုတွင် ကျောင်းလခ ဈေးကြီးကြီးနှင့် သွားတက်၊ ဆရာဝန်ဘွဲ့ရ၊ သို့ပေမယ့် အလုပ်သင်တစ်နှစ် သူတို့နိုင်ငံ မှာ လုပ်ခွင့်မရ။ ဘွဲ့သာရသည်။ဆရာဝန်အင်္ဂါမစုံ။ ဒီတော့ ဆရာဝန်ဟု အသိအမှတ်ပြုဖို့ခက်။ မည်သည့်နိုင်ငံတွင်မှ အလုပ်လုပ်ခွင့် လိုင်စင်စာမေးပွဲ ဖြေခွင့်မရှိ။ ဆေးကုခွင့် မရှိ။ ဆေးရောင်းရုံသာ ရှိတော့သည်။ ဒီမှာ ဈေးကွက်လာ ဖွင့်ပြီး ကျောင်းအကြောင်း ရှင်းပြစဉ်က မလိမ့်တပတ် အပြည့်အစုံရှင်းမပြ၊ ကျောချမှ ခံရမှန်းသိသည်။ ထို့ကြောင့် ဆေးတက္ကသိုလ်တို့၏ အရည်အသွေးနှင့် ဘွဲ့ရဆရာဝန် တို့၏ အရည်အသွေးကျွမ်းကျင်မှုတို့မှာ အရေးကြီး ကြောင်းသိသာသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆေးတက္ကသိုလ်တို့၏ အရည်အသွေးနှင့် အဆင့်အတန်းတို့ကို သတ်မှတ်ဆုံးဖြတ် နိုင်ရန် ကမ္ဘာ့ဆေးပညာသင်ကြားရေးအဖွဲ့၏ အရည် အသွေး အကဲဖြတ်လမ်းညွှန်၊ အာဆီယံဒေသ ဆေးပညာ သင်ကြားမှုအရည်အသွေးဖြတ် အချက်အလက်များရှိ သည်။

မြန်မာနိုင်ငံ ဆေးတက္ကသိုလ်များလည်း ယင်းနိုင်ငံ တကာ ဆေးပညာသင်ကြားရေး၊ အရည်အသွေး၊ အကဲဖြတ် အချက်အလက်များနှင့် ပြည့်မီရန်ကြိုးစားနေကြသလို မြန်မာနိုင်ငံ ဆေးကောင်စီကလည်း မြန်မာနိုင်ငံဆေး တက္ကသိုလ်များ အရည်အသွေးဆန်းစစ်ခြင်းနှင့် ပတ်သက် ပြီး စနစ်တကျ ဆောင်ရွက်နိုင်ရန် ကော်မတီများဖွဲ့ လုပ်ငန်းစနေပြီဟု သိရသည်။

၂၀၁၅ ခုနှစ် အမျိုးသားပညာရေးဥပဒေတွင် ဆေးကျောင်း၊ ဆေးတက္ကသိုလ်နှင့်ကျန်းမာရေးနှင့်နှီးနွယ် သောကျောင်း၊ တက္ကသိုလ်များသည် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရမည်ဟု ပါရှိသည်။ ထို့ကြောင့်လည်း ပုဂ္ဂလိက တက္ကသိုလ်များဖွင့်လှစ်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ များ အတည်ပြုခြင်း မရှိသေးသော်လည်း တချို့ပုဂ္ဂလိက ကျောင်း၊ တက္ကသိုလ်များသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ချိတ်ဆက်ပြီး ဖွင့်လှစ်ရန် စီစဉ်နေကြသည်များလည်း ရှိနိုင်သည်။

တက္ကသိုလ်များ၏ ပညာအရည်အသွေးအာမခံမှုနှင့် ပတ်သက်ပြီး အမျိုးသားပညာရေးဥပဒေတွင် ပညာ အရည်အသွေးနှင့်အဆင့်အတန်း တိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် အတွင်းအရည်အသွေး စစ်ဆေး အကဲဖြတ်မှု လုပ်ငန်းစဉ်နှင့် ပြင်ပမှအရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်တို့ပါဝင်ရမည်ဟု ပါရှိသည်။ နည်းဥပဒေ မထွက်ရှိသေးသဖြင့် မည်သို့ ဆောင်ရွက်မည်ဟု အသေးစိတ်မသိရသေးချေ။ ထို့အတူ မြန်မာနိုင်ငံဆေးကောင်စီဥပဒေသစ်တွင် ကောင်စီ၏ တာဝန်များကို ဖော်ဆောင်ရန် ဆေးပညာသင်ကြားရေး အဆင့်အတန်းမြင့်မားရေးနှင့် အရည်အသွေးပြည့်ဝ သော ဆေးပညာရှင်များ ပေါ်ပေါက်စေရေးအတွက် ဆေးပညာသင်ကြားရေး စံချိန်စံညွှန်းပြည့်မီကြောင်း တရားဝင် အသိအမှတ်ပြုရေးကော်မတီ ဖွဲ့စည်းရန်ဟု ပါရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ အစိုးရ၊ ပုဂ္ဂလိက ဆေးကျောင်း၊ ဆေးတက္ကသိုလ်များ၏အရည်အသွေး၊ အဆင့်အတန်းသတ်မှတ်ခြင်းအတွက် မြန်မာနိုင်ငံ ဆေးကောင်စီ၏ အသိအမှတ်ပြုခြင်း ရရှိရန် လိုအပ်မည့်သဘော ဖြစ်သည်။ အမျိုးသားပညာရေး ဥပဒေနှင့် ဆက်စပ်လိုက်ပါက မြန်မာနိုင်ငံ ဆေးကောင်စီ သည် မြန်မာနိုင်ငံ၏အစိုးရ၊ ပုဂ္ဂလိက ဆေးတက္ကသိုလ် များ၏ ပညာအရည်အသွေးနှင့် အဆင့်အတန်း တိုးတက်မှုစစ်ဆေးမည့် ပြင်ပ အရည်အသွေးစစ်ဆေး အကဲဖြတ်မှု လုပ်ငန်းစဉ်တွင် အဓိကပါဝင်ဆောင်ရွက် ရမည်ဟု ယူဆရသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပုဂ္ဂလိက ဆေးကျောင်း၊ ဆေးတက္ကသိုလ်များ ဖွင့်ခွင့်ပေးရာတွင် ပုံစံအမျိုးမျိုးရှိ သည်။ အဓိက ယင်းဆေးတက္ကသိုလ်များ၏ အရည် အသွေးနှင့် အဆင့်အတန်းကို ဖွင့်ခွင့်မပေးခင်ကတည်းက အသေအချာ စစ်သည်၊ လွယ်လွယ်နှင့် ဖွင့်ခွင့်ပေးလေ့ မရှိ။ ဂျပန်နိုင်ငံတွင် ပုဂ္ဂလိကဆေးတက္ကသိုလ်တစ်ခု ဖွင့်နိုင်ရန် အချိန် အတော်ကြာစိစစ်သည်။ ထိုင်းနိုင်ငံတွင် လည်း ကျန်းမာရေးဝန်ကြီးဌာန၊ပညာရေးဝန်ကြီးဌာန နှင့် ထိုင်းဆေးကောင်စီတို့၏ အရည်အသွေး စစ်ဆေးမှု ခံပြီးမှ စံချိန်စံညွှန်းမီမှ ဖွင့်ခွင့်ပေးသည်။မြန်မာနိုင်ငံ တွင်လည်း ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ကို ဝိုင်းဝန်းဖော်ဆောင်မည့် ပုဂ္ဂလိက ဆေးကျောင်း၊ ဆေးတက္ကသိုလ်နှင့် ကျန်းမာရေးနှင့် နှီးနွယ်တက္ကသိုလ် များကို ကြိုဆိုရမည်ဖြစ်သလို ယင်းတို့၏ အရည် အသွေးနှင့် အဆင့်အတန်းကို စနစ်တကျ စိစစ်ပြီးမှ ဖွင့်ခွင့်ပေးရန် စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေး အကဲဖြတ်ရန်လိုသည်ဟု ယူဆပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇-၅-၂၀၁၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃) တွင် ဖော်ပြထားသော နီမော်၏ "မြတ်နိုးတန်ဖိုးထားအပ်တဲ့ ရှေးဟောင်းအိမ်ကြီး တစ်အိမ်" ဆောင်းပါး၊ ကော်လံ (၃) စာကြောင်းရေ(၅) နှင့် ကော်လံ (၄)ဒုတိယပိုဒ်ခေါင်းစဉ်ငယ်တွင် သိပ္ပံမောင်ဝ ခေါ် ဦးစိန်တင်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် နာမည်လွဲမှားဖော်ပြမှုအတွက် အနူးအညွတ် တောင်းပန်အပ်ပါသည်။

(စာတည်း)

# ကမ္ဘာ့အကြီးဆုံး ဇိမ်ခံအပျော်စီးသင်္ဘောသစ်ကြီး ဗြိတိန်နိုင်ငံသို့ ရောက်ရှိ




**ဆောက်သမ်တန်(အင်္ဂလန်) မေ ၁၇**
ကမ္ဘာ့အကြီးဆုံး ဇိမ်ခံအပျော်စီးသင်္ဘောသစ်ကြီးဖြစ်သော Harmony of the Seas သည် ပထမဦးဆုံးအကြိမ် ပင်လယ်ရေကြောင်းခရီးရှည် မစတင်မီ အပြီးသတ်ပြင်ဆင်မှုခရီးတိုအဖြစ် ဗြိတိန်နိုင်ငံရှိ ဆောက်သမ်တန်ပင်လယ်ဆိပ်ကမ်းသို့ မေ ၁၇ ရက်တွင် ဆိုက်ရောက်လာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရွိုင်ရယ်ကာရစ်ဘီယန် အင်တာနေရှင်နယ်ကုမ္ပဏီ၏ ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိ သင်္ဘောကြီးဖြစ်သော ဇိမ်ခံအပျော်စီးသင်္ဘောကြီးသည် ၃၆၂ မီတာ(၁၁၈၇ ဒသမ ၆၆ ပေ)အရှည်ရှိပြီး ဘောလုံးကွင်းလေးကွင်းစာနီးပါးတမျှ အရွယ်အစားကြီးမားသည်။ အလေးချိန်မှာမူ ၂၂၇၀၀၀ ဂျီတီတန် ရှိသည်။

ခရီးသည် ၇၈၀ စီးနင်းလိုက်ပါနိုင်သော ဇိမ်ခံအပျော်စီးသင်္ဘောကြီးပေါ်တွင် စားသောက်ဆိုင် ၂၀၊ ရေကူးကန် ၂၃ ကန်ပါရှိပြီး တည်ဆောက်မှုကာလ နှစ်နှစ်ခွဲကြာမြင့်ခဲ့သည်။ မတ်လတွင် ပထမဆုံးအကြိမ် စမ်းသပ်ခုတ်မောင်းခဲ့သည်။

ဇိမ်ခံအပျော်စီးသင်္ဘောသစ်ကြီးသည် ပြင်သစ်နိုင်ငံ စိန့်နာဇိုင်ရှိ သင်္ဘောကျင်းမှ ထွက်ခွာလာခဲ့ပြီး အင်္ဂလိပ်ရေလက်ကြားကို မေ ၁၆ ရက်တွင် ဖြတ်သန်းခဲ့ပြီးနောက် ဆောက်သမ်တန် ပင်လယ်ဆိပ်ကမ်းသို့ မေ ၁၇ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်လာခဲ့သည်။

မေ ၂၂ ရက်တွင် ပင်လယ်ရေကြောင်းခရီးတိုအဖြစ် နယ်သာလန်နိုင်ငံရှိ ရော့တာဒမ်မြို့သို့ လေးရက်ကြာခရီးစဉ် သွားရောက်မည်ဖြစ်သည်။

မေ ၂၉ ရက်တွင် ပထမဆုံးအကြိမ် ပင်လယ်ရေကြောင်းခရီးရှည် ခရီးစဉ်အဖြစ် စပိန်နိုင်ငံဘာစီလိုနာမြို့သို့ ခရီးနှင်မည်ဖြစ်သည်။

**ရိုက်တာ။**




# မော်ဝါဒီသူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဒူတတ်တေးအသင့်ရှိဟုဆို

**မနီလာ မေ ၁၇**
ဖိလစ်ပိုင်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ရိုဒရစ်ဂို ဒူတတ်တေး **(အပေါ်ပုံ)**သည် မော်ဝါဒီသူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် အသင့်ရှိကြောင်း ဒူတတ်တေး၏ လက်ထောက်နှင့် စေ့စပ်ဆွေးနွေးရေးမှူးတစ်ဦးက မေ ၁၇ ရက်တွင် ပြောကြားလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ စစ်ရေးပဋိပက္ခအဆုံးသတ်ကာ ငြိမ်းချမ်းရေးတည်ရှိလာစေရန် ရည်ရွယ်လျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ခြင်းကို ကြိုဆိုကြောင်း ဖိလစ်ပိုင်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဟိုဆေးမာဂျိုမာဆီဆန်က မေ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးအဖွဲ့ဖြစ်သော အမျိုးသားဒီမိုကရက်တစ်တပ်ဦးသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲမူဘောင်ချမှတ်နိုင်ရေးအတွက် ဆွေးနွေးရန် ပြင်ဆင်လျက်ရှိသည်။

အဆိုပါအဖွဲ့သည် ရှေ့ပြေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဒါဗာအိုမြို့သို့ စေလွှတ်ပေးခဲ့သည်။ ဒူတတ်တေးသည် ယင်းမြို့၏ မြို့တော်ဝန်အဖြစ် ၂၂ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဒူတတ်တေးသည် ဖိလစ်ပိုင်ကွန်မြူနစ်ပါတီအား ဝန်ကြီးအဖွဲ့ရာထူး နေရာလေးနေရာ၌ တာဝန်ယူရန် အတွက်လည်း ကမ်းလှမ်းခဲ့သည်။ **ရိုက်တာ။**

# ဘဂ္ဂဒက်မြို့တော်တွင် ဗုံးနှစ်ကြိမ်ပေါက်ကွဲ ၄၄ ဦးသေဆုံး၊ လူ ၉၀ ကျော် ဒဏ်ရာရ

**ဘဂ္ဂဒက် မေ ၁၇**
အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် မေ ၁၇ ရက်က ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၄၄ ဦးသေဆုံးခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ မေ ၁၇ ရက် ဗုံးပေါက်ကွဲမှုသည် အီရတ်နိုင်ငံမြို့တော်အတွင်း ယခုနှစ်၏ သွေးထွက်သံယိုမှုအများဆုံးဖြစ်ပွားသည့် ဖြစ်ရပ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# ဆီးရီးယားငြိမ်းချမ်းရေး ဗီယင်နာတွင် ဆွေးနွေး

**ဗီယင်နာ မေ ၁၇**
နိုင်ငံပေါင်း ၂၀ မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သံတမန်များသည် ဗီယင်နာမြို့တွင် တွေ့ဆုံ၍ ဆီးရီးယားပဋိပက္ခဖြေရှင်းရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မည်သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ဆိုသည့်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးလျက်ရှိသည်။

ဆီးရီးယားနိုင်ငံ ထောက်ပံ့ကူညီရေး နိုင်ငံတကာဆွေးနွေးပွဲကို အမေရိကန်နှင့် ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူကျင်းပခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဘရော့ဗ်တို့ တက်ရောက်ခဲ့ကြသည်။ ဂျပန်၊ ဩစတြေးလျနှင့် နယ်သာလန်နိုင်ငံတို့သည် ယခင် ၁၇ နိုင်ငံအုပ်စုသို့ ပထမဆုံးအကြိမ် ဖိတ်ကြားခံခဲ့ရသည်။

အင်္ဂါနေ့က ကျင်းပသည့် အစည်းအဝေးတွင် လွန်ခဲ့သည့်လကတည်းက ဆီးရီးယားအစိုးရတပ်များနှင့် အတိုက်အခံလက်နက်ကိုင်အဖွဲ့များကြား ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးမှာလည်း ဖေဖော်ဝါရီလနောက်ပိုင်းတွင် အခြေအနေဆိုးရွားသွားခဲ့သည်။




ဆီးရီးယား အစိုးရတပ်များက အကြမ်းဖက်အစွန်းရောက်အဖွဲ့များနှင့် အစိုးရကို ဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များကို လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့များကလည်း ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ကုလသမဂ္ဂက ဆီးရီးယားနိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ပြီး ပြည်တွင်းစစ်ကို အမြန်ဆုံး အဆုံးသတ်စေချင်သည်။ သို့သော် လက်နက်ကိုင်တပ်ဖွဲ့များက ဆီးရီးယားအစိုးရတပ်များ၏ လေကြောင်းတိုက်ခိုက်မှုများကို အကြောင်းပြ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ငြင်းဆန်နေကြသည်။

ဗီယင်နာမြို့တွင် ကျင်းပသည့် ဆွေးနွေးပွဲသည် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပူးပေါင်းပါဝင်လာနိုင်မှု အလားအလာနှင့် အပစ်အခတ်ရပ်စဲရေးအတွက် နှစ်ဖက်လိုက်နာနိုင်ခြေရှိမှုများကို အဓိကဆွေးနွေးခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ။**

# ရုရှားနိုင်ငံမှ Mi Mi-17 သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် ၁၀ စင်း ထိုင်းနိုင်ငံ ဝယ်ယူ

**ဗန်ကောက် မေ ၁၇**
ထိုင်းနိုင်ငံက မီးငြိမ်းသတ်မှုနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးမစ်ရှင်များ၌ အသုံးပြုရန် ရုရှားနိုင်ငံမှ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များ ဝယ်ယူနေကြောင်း ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာဝစ်ဝေါင်ဆူဝမ်က ပြောကြားသည်။

ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် မေ ၁၇ ရက်မှ ၂၀ ထိ မော်စကိုသို့သွားရောက်မည့် တရားဝင်ခရီးစဉ်အတွင်း Mi Mi-17 ရဟတ်ယာဉ် ၁၀ စင်းအတွက် ဝယ်ယူရေးအမှာလွှာတစ်ရပ် တင်လျက်ရှိကြောင်း ၎င်းက အတည်ပြုပြောကြားသည်။ အမေရိကန်ဒေါ်လာ ၈၆ သန်းခန့် ကုန်ကျဖွယ်ရှိသော ရုရှားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်များကို သစ်တောများအတွင်း မီးငြိမ်းသတ်ရာတွင်နှင့် အခြားသဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုရန် ထိုင်းတပ်မတော်၏ မစ်ရှင်များ၌ အဓိကအသုံးပြုမည်ဟု ၎င်းက ဆိုသည်။

Mi Mi-17 ရဟတ်ယာဉ် ၁၀ စင်းကို ထိုင်းတပ်မတော်၏ သယ်ယူပို့ဆောင်ရေးမစ်ရှင်များတွင် ဖြန့်ကြက်ထားသော အမေရိကန်ပြည်ထောင်စုလုပ် CH-47 Chinook ရဟတ်ယာဉ်အုပ်စုသို့ ပေါင်းမည်ဖြစ်သည်။ သို့သော်လည်း ထိုင်းနိုင်ငံသည် စောစောပိုင်းကစီစဉ်ထားသော ရုရှားနိုင်ငံမှ T-90A တိုက်ခိုက်ရေးတင့်ကားများ ဝယ်ယူမည်မဟုတ်သော်လည်း ယင်းအစား တရုတ်နိုင်ငံလုပ် MBT 3000 တင့်ကားများဝယ်ယူရန် ဆုံးဖြတ်ပြီးဖြစ်သည်။

တရုတ်နိုင်ငံလုပ် MBT 3000 တင့်ကားများ ပထမအသုတ်ပေးပို့မှုကို လာမည့်နှစ်တွင်ပြုလုပ်ရန် စီစဉ်ထားသည်။ တရုတ်တင့်ကားများအရေအတွက် သို့မဟုတ် တင့်ကားများ၏ ဈေးနှုန်းကို မသိရသေးသော်လည်း ထိုင်းတပ်မတော်အနေဖြင့် တင့်ကားသစ် အစင်း ၁၀၀ ထိဝယ်ယူရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ။**

# ဆီ(ရေနံ)ယိုဖိတ်မှုကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုဖြစ်စဉ်များမှတစ်ဆင့် ထိခိုက်နစ်နာသူများနှင့် ဆုံးရှုံးမှုများ လျော်ကြေးရရှိရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် သဘောတူ

**နေပြည်တော် မေ ၁၇**
၁၉၆၉ ခုနှစ် ဆီ(ရေနံ) ယိုဖိတ်မှုကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုဖြစ်စဉ်များမှတစ်ဆင့် ထိခိုက်နစ်နာသူများနှင့် ဆုံးရှုံးမှုများကို လျော်ကြေးရရှိရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအား ပြင်ဆင်သည့် ၁၉၉၂ ခုနှစ် နောက်ဆက်တွဲသဘောတူစာချုပ် (CLC Protocol 1992)ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်က သဘောတူလိုက်သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၂) ရက်မြောက်နေ့၌ လွှတ်တော်ကိုယ်စားလှယ် (၇)ဦးတို့က ထောက်ခံဆွေးနွေးခဲ့ကြရာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ဖြိုးကျော်က အနာဂတ်မြန်မာနိုင်ငံသည် ရေနက်ဆိပ်ကမ်းများဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ရေနံတင်သင်္ဘောကြီးများနှင့် ကုန်တင်သင်္ဘောကြီးများ ဥဒဟိုဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ ယင်းအခြေအနေတွင် မြန်မာ့ပင်လယ်ပြင်၌ ဆီယိုဖိတ်မှုကြောင့် ပင်လယ်ပြင် ညစ်ညမ်းပြီး ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ယခုလိုအခြေအနေမျိုးတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ညီသည့် ဥပဒေများရှိရန် လိုအပ်သည့်အတွက် ပါဝင်လက်မှတ်ရေးထိုးသင့်ကြောင်း ဆွေးနွေးသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က CLC Protocol 1992 ကို နိုင်ငံပေါင်း (၁၃၄) နိုင်ငံ လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ အလားတူ အာဆီယံနိုင်ငံ (၇) နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများလည်း လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ နိုင်ငံတကာစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အကူအညီများ ရရှိနိုင်သည့်အပြင် နိုင်ငံတကာနှင့် ရင်းနှီးသည့်ဆက်ဆံမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါစာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် သတ်မှတ်နှုန်းထားများ ပေးဆောင်ရခြင်း ရှိ၊ မရှိကိုလည်း ပြည်သူများအား ချပြသင့်ပါကြောင်း ဆွေးနွေးသည်။


ကျောက်ဖြူမဲဆန္ဒနယ်မှ
ဦးဘရှိန်က


ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်

ဒက္ခိဏမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းက အဆိုပါစာချုပ်ချုပ်ဆိုခြင်းအားဖြင့် မြန်မာနိုင်ငံတရားရုံး၌ တရားစီရင်ခွင့်ရရှိမည်ဖြစ်ပြီး ပင်လယ်ပြင်ညစ်ညမ်းမှုဖြစ်ပေါ်ပါက ထိုက်တန်သည့် လျော်ကြေးများ ရရှိမည်ဖြစ်သည့်အတွက် ပါဝင်လက်မှတ်ရေးထိုးသင့်ကြောင်း ဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က CLC Protocol 1992 သည် မဖြစ်မနေ လက်မှတ်ရေးထိုးရမည့်ကိစ္စဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များလည်း ရှိကြောင်း၊ လိုအပ်သည့် ဥပဒေများကိုလည်း ပြင်ဆင်နေပြီဖြစ်ပါကြောင်း၊ မြန်မာ့ရေပိုင်နက်အတွင်း သင်္ဘောများမှ ဆီ(ရေနံ)နှင့် အခြားပစ္စည်းများ ယိုဖိတ်မှုကြောင့် ဖြစ်ပေါ်လာသော ရေထုညစ်ညမ်းမှုကာကွယ်တားဆီးရေးဥပဒေ၊ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ပါက အဆိုပါပျက်စီးဆုံးရှုံးမှုများအတွက် ပင်လယ်ရေကြောင်း လျော်ကြေးဆိုင်ရာဥပဒေများကိုလည်း ရေးဆွဲလျက်ရှိကြောင်း။

ထို့ပြင် ပိုင်နက်ရေပြင်အတွင်း ရေယာဉ်များမှ ဆီ(ရေနံ)ယိုဖိတ်မှု ဖြစ်စဉ်ဖြစ်ပွားပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေးကိစ္စ၊ နစ်နာမှု၊ ဆုံးရှုံးမှု လျော်ကြေးများကို အပြည့်အဝရရှိရေးကိစ္စရပ်များကိုလည်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် CLC Protocol 1992 လက်မှတ်ရေးထိုးရေးအတွက် ထည့်ဝင်ကြေးပေးရန် မလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဦးကျော်မျိုးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ်အဖြစ် ဦးဝင်းမြင့်တို့အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးကျော်တင့်ဆွေအား ခန့်အပ်တာဝန်ပေးအပ်ရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

# ဥရောပသမဂ္ဂပါလီမန်နှင့် ပြည်ထောင်စုလွှတ်တော်တို့ အတွေ့အကြုံဖလှယ်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၇**
ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းသည် ဥရောပပါလီမန်မှ လွှတ်တော်ကိုယ်စားလှယ် H.E.Mr. Judith Sargentiniနှင့် အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-5) ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥရောပသမဂ္ဂပါလီမန်နှင့် ပြည်ထောင်စုလွှတ်တော်တို့ အတွေ့အကြုံဖလှယ်ရေး၊ လွှတ်တော်ပြက္ခဒိန်ထားရှိရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကြီး၏ စွမ်းအင်မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရေနံဆီမီးခွက်

ငါ့ အသက်
ရှစ်ဆယ်ဘက် ရောက်ပြီ။
ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်
ငါ့ ရွာမယ် ငါစာကျက်
ရေနံဆီ မီးခွက်နဲ့။
ခုအခါ
ငါ ရွာပြန်တော့လည်း
ရေနံဆီမီးခွက်၊ တလက်လက်။
ခေတ်အဆက်ဆက်
စဉ်လာမပျက်၊ ရေနံဆီမီးခွက်။
လွမ်းရခက်၊ တမ်းရခက်။
မတိုးလည်းမတိုး၊ မတက်လည်းမတက်
ကျောင်းသားလေးတွေ ကျောင်းစာကျက်
ရေနံဆီမီးခွက်။ ။

မောင်ခွမ်းရည်

# စင်ကာပူနိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မေ ၁၇**
စင်ကာပူနိုင်ငံခြားရေးဝန်ကြီး H.E. Dr. Vivian Balakrishnan နှင့် အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



စင်ကာပူ နိုင်ငံခြားရေးဝန်ကြီးသည် ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများအား တွေ့ဆုံမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**■ မုန်တိုင်းငယ်မှ**
ဗဟိုချက်လေဖိအား (၁၀၀၀)ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။

**သတိပေးနှိုးဆော်ချက်**
မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ရေမြေပြင်လေသည် တစ်နာရီလျှင် မိုင် (၃၀)မှ (၃၅)မိုင်အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**
မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် အကြံပြုထားသည်။

**(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)**

# ခေတ်ထဲက ရသ၊ ရသထဲက ခေတ်

## ပုညခင်

**(ယမန်နေ့မှအဆက်)**

**၇။ စာပေဟောပြောပွဲများက စာပေလောကကို မြှင့်တင်ပေးနိုင်ပါသလား။**

၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် စာပေဟောပြောပွဲများ များစွာခေတ်စားလာခဲ့ကြသည်။ ဟောပြောပွဲများတွင်လည်း အမျိုးမျိုးအစားစားရှိကြသည်။ တချို့က စာဖတ်ရှိန်မြှင့်တင်ရေးကို ဦးတည်ကြသည်။ တချို့က ဘဝအောင်မြင်ရေး အားမာန်ပေးသည်။ တချို့ကတော့ နိုင်ငံရေးကိုအသားပေး၍ ဟောပြောကြသည်။ နိုင်ငံရေးကို ပြောခွင့်ရ၍ ပြောခြင်းသည် အပြစ်တင်စရာမဟုတ်သော်လည်း အမုန်းတရားများကို ရှေ့တန်းတင်၍ ဟောပြောခြင်းများသည် လူငယ်များ၏အနာဂတ်အတွက် အထောက်အကူဖြစ်နိုင်၊ မဖြစ်နိုင်ကို ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်သည်။ လူသည်နိုင်ငံရေးနှင့် မကင်းနိုင်၊ လူတိုင်းနိုင်ငံရေးအသိရှိရမည်။ ကိုယ့်နိုင်ငံ၏ သမိုင်းကြောင်းကို သိနားလည်ရမည်မှာမှန်ပါသည်။ သို့သော် ခါးသီးသော သမိုင်းကြောင်းများနှင့်ဝေးကွာခဲ့ကြသော တချို့လူငယ်များသည် နည်းပညာများဖြင့် ဘဝတိုးတက်လမ်းကို ရှာဖွေလိုကြပြီး ဘဝကို အကောင်းမြင်စိတ်နှင့် ဖြတ်သန်းလိုကြသည်။ ထိုသို့သော မျိုးဆက်သစ်လူငယ်များ၏ ရွေးချယ်ပိုင်ခွင့်ကိုလည်း လူကြီးများက လေးစားပေးရမည်ဖြစ်သည်။ ထိုသို့ လေးစားပေးခြင်းသည် အတိတ်ဖြစ်ရပ်တွေကို မေ့ပစ်ခိုင်းခြင်းမဟုတ်။ သူတို့ကို နိုင်ငံရေးအစွဲကင်းစွာ ရှင်သန်ခွင့်ပေးခြင်းဖြစ်သည်။ အတိတ်သည် အရေးမကြီးဘူးမဟုတ်၊ အရေးကြီးပါသည်။ သို့သော် လူငယ်များ၏ဘဝများစွာကို အတိတ်နှောင်ကြိုးများဖြင့် အုပ်ဆိုင်းထားမည့်အစား လူငယ်များ၏ အနာဂတ်အလင်းတံခါးကို ဖွင့်လှစ်ပေးနိုင်မည့် စာပေများကို ရေးသားထုတ်ဝေပေးနိုင်ဖို့ ထိုစာပေများကို ဖတ်ရှုချင်လာအောင် ဆွဲဆောင်ဟောပြောမှုက ပို၍ အရေးကြီးပါသည်။

**၈။ ပြတင်းတံခါး၏အခြားတစ်ဖက်**

စာအုပ်စာပေသည် ကမ္ဘာကြီးကို လှမ်းမျှော်ကြည့်နိုင်သော ပြတင်းတံခါးတစ်ချပ်ဖြစ်သည်ဟု ဆိုကြသည်။

ကျဉ်းမြောင်းမှောင်မိုက်သော အိမ်လေးတစ်လုံးတွင် နေထိုင်ရသူပင်လျှင် ပြတင်းပေါက်တစ်ခုသာရှိပါက လင်းလက်တောက်ပကျယ်ဝန်းသော ပြင်ပလောကကို လှမ်းမျှော်ကြည့်ခွင့်ရနိုင်သည်။ စာပေသည် မွန်းကျပ်ပိတ်လှောင်သော ဘဝတစ်ခုကို အလင်းဖွင့်ပေးနိုင်သော တံခါးချပ်ဖြစ်သည်။ လူငယ်များ ပြတင်းပေါက်က လှမ်းမျှော်ကြည့်သည့်အခါ စိတ်ဝင်စားဖွယ် တောက်ပသော မြင်ကွင်းများကိုမြင်ရဖို့ စာရေးဆရာများက ဖန်တီးပေးနိုင်ပါသည်။ သူတို့ကြည့်ချင်အောင်၊ သူတို့လှမ်းမျှော်ကြည့်သည့် မြင်ကွင်းများ တောက်ပလင်းလက်နေအောင် စာရေးဆရာများက အစဉ်အားထုတ် ကြိုးစားပြင်ဆင်ကြရမည်ဖြစ်သည်။

**၉။ ရှင်နည်းရသည့်အထဲ အင်္ဂက လူထွက်**

ထိုစကားပုံကို ကျွန်မတို့ ငယ်စဉ်ကပင် ကြားဖူးခဲ့ကြပါလိမ့်မည်။ ရသစာအုပ်စာပေများ ရှားပါးလာသည့်အချိန်မှာပင် အချို့သော ရသရေးနိုင်သည့် စာရေးဆရာများက နိုင်ငံရေးဆောင်းပါးများ၊ သတင်းဆောင်းပါးများ ရေးသားကြသည်ကို ပမာပြုကာ ထိုစကားပုံကို သုံးစွဲချင်ပါသည်။

နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေသော နိုင်ငံရေးဆိုင်ရာများ၊ တိုင်းပြည်၏ သတင်းအချက်အလက်များ၊ မခံချင်စရာများ၊ မမျှတမှုများသည် ရသစာရေးဆရာတစ်ယောက်ကို ဖြားယောင်းညို့ခေါ်နိုင်စွမ်းရှိသည်။ ရသဝတ္ထုအဖြစ် ဖန်တီးရေးဖွဲ့ရန်မှာ အချိန်များစွာ ယူရသည်။ သတင်းဆောင်းပါးအဖြစ် ရေးမည်ဆိုလျှင်တော့ ချက်ချင်းပင်ရေးဖွဲ့နိုင်ပါသည်။ ကိုယ်ရေးမည့်အကြောင်းအရာကို ပရိသတ်ထံ အလျင်အမြန်ရောက်စေလိုလျှင် ချက်ချင်း ဖေ့စ်ဘွတ်တင်၍ရသည်။ ထိုအခါ ပရိသတ်များနှင့်အပြန်အလှန် ဆွေးနွေးပြောဆိုခွင့်ရသည်။သို့တည်းမဟုတ် နေ့စဉ်ထုတ်သတင်းစာ၊ အပတ်စဉ်ထုတ် ဂျာနယ်များတွင် ထည့်သွင်းနိုင်သည်။ ထိုအားသာချက်များကြောင့်ပင် ရသစာရေးဆရာများသည် သတင်းဆောင်းပါးများဘက်သို့ တိမ်းညွတ်ယိမ်းယိုင်လာသောအခါ ဝတ္ထုရေးသားသည့်ဘက်တွင် တဖြည်းဖြည်းအားလျော့လာခဲ့ကြသည်။ ထိုအခါ ရှင်နည်းရသည့်အထဲ အင်္ဂက လူထွက်သလိုဖြစ်ရပြန်လေသည်။

ကျွန်မကိုယ်တိုင်ပင် တစ်ခါတစ်ရံ ယိမ်းယိုင်ခဲ့ဖူးသည်။ သို့သော် အချိန်မီ သတိကပ်ကာ ရသဝတ္ထုအဖြစ် ရေးဖွဲ့ရန်သာ အာရုံစိုက်ထားခဲ့သည်။ လူထွက်သည့်အင်္ဂတော့ မဖြစ်ချင်ပေ။

**၁၀။ ဗိုင်းရပ်စ်ကင်းသည့် စာရေးဆရာ**

စာရေးဆရာသည် မည်သည့်ဘက်က ရပ်တည်၍ စာရေးမည်နည်း။ နိုင်ငံရေးအပြောင်းအလဲများစွာ၊ တိုင်းပြည်၏ အခြေအနေများစွာနှင့် ကြုံကြိုက်ရသောအခါ စာရေးဆရာ၏ ရပ်တည်မှုသည် ရွေးချယ်စရာများဖြစ်လာသည်။ တချို့စာရေးဆရာများက အတိုက်အခံပါတီဘက်က ပြတ်ပြတ်သားသားရပ်တည်ကြသည်။ တချို့သော စာရေးဆရာများက အစိုးရဘက်က ရပ်တည်ကြသည်။ အစိုးရဘက်က ရပ်တည်ရေးသားသော စာရေးဆရာများကို ပေါ်လစီစာရေးဆရာ၊ ဖော်လံဖားစာရေးဆရာဟု အမည်တပ်ခဲ့ကြသည်။

အမှန်တကယ်တော့ ပြည်သူချစ်သော စာရေးဆရာသည် အာဏာမရှိသော်လည်း စာပေသြဇာတစ်ခုတော့ရှိနေမြဲဖြစ်သည်။ အစိုးရဟူသည် အမြဲမရှိနိုင်။ နှစ်ကာလအပိုင်းအခြားတစ်ခုပြီးဆုံးလျှင် အစိုးရတစ်ရပ်သည် ပြောင်းလဲသွားတတ်မြဲဖြစ်သည်။ အမြဲရှိနေတာကတော့ ပြည်သူများဖြစ်သည်။ စာရေးဆရာဟူသည် မည်သည့်အစိုးရဘက်ကမှ ရပ်တည်စရာမလို။ ပြည်သူ့ဘက်ကသာ ရပ်တည်ရမည်ဖြစ်သည်။ ပြည်သူ့အကျိုးစီးပွားကို ထိခိုက်လျှင်၊ အမှန်တရားက ယိမ်းယိုင်ခဲ့လျှင် ထိုသို့ယိမ်းယိုင်ထိခိုက်စေသောမည်သည့်အဖွဲ့အစည်းကိုမဆို ရဲရဲရင့်ရင့်စွာ ထောက်ပြနိုင်ရမည်။ မည်သည့်ပါတီကဖြစ်စေ၊ မည်သည့်အစိုးရကဖြစ်စေ ပြည်သူ့အပေါ် မမှန်မကန်လုပ်လာလျှင် မှန်ကန်သောဘက်သို့ ရောက်ရှိလာအောင် ပြည်သူ့ဘက်က ရပ်တည်ရေးသားရမည်သာဖြစ်သည်။ စာရေးဆရာ၏ ရပ်တည်မှုတွင် ဗိုင်းရပ်စ် မပါသင့်ပေ။

**၁၁။ စာအုပ်ဆိုင်များ၏ပုံသေနည်း**

တချို့သော စာအုပ်ဆိုင်ဝန်ထမ်းများသည် စာမဖတ်ကြချေ။ ထိုအခါ မည်သည့်စာအုပ်ကို တင်ရောင်းသင့်သည်၊ မည်သည့်စာအုပ်ကိုတော့ တင်မရောင်းသင့် စသည်ဖြင့် ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန် မဆုံးဖြတ်နိုင်ကြပေ။

များသောအားဖြင့် ၃၁ လမ်း၊ ၃၂ လမ်း စာအုပ်တန်းများရှိ စာအုပ်ဆိုင်များမှအပ အခြားသောစာအုပ်ဆိုင်ကြီးများသည် အငှားဆိုင်ဖတ်စာအုပ်များကို စင်တင်ရောင်းချလိုခြင်းမရှိပေ။ ထိုလိုင်းမှ စာရေးဆရာ၏ အမည်ကိုကြားလိုက်တာနှင့်ပင် ထိုစာအုပ်များကို မတင်ကြောင်း အကြောင်းပြန်ခဲ့ကြသည်။

အမှန်တကယ်တော့ စာရေးဆရာသည် အချိန်မရွေး ပြောင်းလဲနိုင်ပါသည်။ စာရေးဆရာတစ်ယောက်သည် သူ၏ အသက်အရွယ် ကြီးပြင်းလာခြင်းကြောင့်ဖြစ်စေ၊ အတွေ့အကြုံ၊ အသိအမြင်ရင့်ကျက်လာ၍ဖြစ်စေ စာပေရေးသားမှုများ ပြောင်းလဲရင့်ကျက်လာနိုင်ပါသည်။ ထိုသို့ပြောင်းလဲချိန်တွင် ရေးဖွဲ့လိုက်သော စာအုပ်များသည်လည်းအများပြည်သူကို ဆွဲဆောင်နိုင်သောစာအုပ်များဖြစ်လာနိုင်ပါသည်။ ထိုသို့သောစာရေးဆရာများရှိလျှင်လည်း စာအုပ်ဆိုင်များက ပုံသေသတ်မှတ်ချက်များဖြင့် မငြင်းဆန်ဘဲ ကြိုဆိုရမည်သာဖြစ်သည်။

**၁၂။ စာကြည့်တိုက်ဝန်ထမ်းတွေ တကယ်အလုပ်လုပ်ပါသလား**

ယခုအခါတွင် ကျွန်မတို့နိုင်ငံ၌ စာကြည့်တိုက်များစွာရှိလာပြီဖြစ်သည်။

ထိုစာကြည့်တိုက်များတွင် အများပြည်သူ အရွယ်မရွေး၊ လူတန်းစားမရွေး ဖတ်ရှုနိုင်သော စာအုပ်များ စုံလင်အောင် ဖြည့်ဆည်းထားပါသလား။ ဖြည့်ဆည်းထားသော စာကြည့်တိုက်များလည်းရှိပါသည်။ သို့သော် စာကြည့်တိုက်၏ အခန်းကဏ္ဍတွင် စာအုပ်ဖြည့်တင်းနိုင်မှုသာမက စာကြည့်တိုက်ဝန်ထမ်း၏ စေတနာပါမှုကလည်း အဓိကကျသည်။ စာကြည့်တိုက်သို့ စာအုပ်အသစ်ရောက်လာပါက ဗီရိုထဲထည့် သော့ခတ်ထားကာ ဖတ်သူမလာလေ အလုပ်ရှုပ်သက်သာလေဟူသောသဘောထားမျိုးမရှိဖို့လည်း အရေးကြီးသည်။ စာကြည့်တိုက်ဝန်ထမ်းကိုယ်တိုင်က တက်တက်ကြွကြွနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ လိုအပ်သလို စာဖတ်သူများ၏ လိုအပ်ချက်နှင့် စာအုပ်ဖြည့်တင်းမှုကိုက်ညီရန်လည်း လိုအပ်သည်။

**၁၃။ စာပေဆုများ၏တန်ဖိုး**

ယခုအခါတွင် ကျွန်မတို့နိုင်ငံတွင် စာပေဆု အမျိုးအစားများစွာရှိလာပြီဖြစ်သည်။ နိုင်ငံတော်အဆင့် စာပေဆုသာမက အဖွဲ့အစည်းများကပေးသော စာပေဆု၊ လူပုဂ္ဂိုလ်ကပေးသော စာပေဆုဟူ၍ အမျိုးမျိုးရှိရာ တချို့သော စာပေဆုရစာအုပ်များသည် အများအကြိုက်နှင့်ကိုက်ညီမှုရှိပြီး တချို့သောစာအုပ်များမှာ ကိုက်ညီမှုမရှိသည်ကိုလည်း တွေ့ရသည်။

စာပေဆုများချီးမြှင့်ခြင်းသည် စာပေနယ်အတွက် ကောင်းသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ စာပေဆုများ၏ တန်ဖိုးသည် အကဲဖြတ်အဖွဲ့ဝင်တို့၏ အကြိုက်ထက် ပိုမိုကျယ်ပြန့်ရမည်ဖြစ်သည်။ အကဲဖြတ်အဖွဲ့ဝင်များ၏ အမြင်ကျယ်မှု၊ စာပေဆိုင်ရာ အသိအမြင်နှင့် ဖြတ်သန်းမှု၊ အတွေ့အကြုံရင့်ကျက်မှု၊ သမိုင်းကြောင်းကောင်းမှု၊ ခေတ်နှင့်အညီ တွေးခေါ်စဉ်းစားဆုံးဖြတ်တတ်မှုတို့က စာပေဆုရွေးချယ်မှုအပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ရာ စာပေဆု အကဲဖြတ်အဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာနှင့် ဉာဏ်ပညာကြီးမားလေ စာပေဆု၏တန်ဖိုးမြင့်မားလေဖြစ်သည်။

**၁၄။ တာဝန်ကျေပြီလား**

ကျွန်မတို့စာရေးဆရာများသည် နှစ်ပေါင်းများစွာ ချုပ်ချယ်ကန့်သတ်မှုများစွာကြားကပင် ရှင်သန်လာခဲ့ကြသည်။ သို့သော် ခေတ်စနစ်ကိုချည်း အပြစ်တင်လို့မဖြစ်။ အနုပညာသည် အခက်အခဲ၊ အကျပ်အတည်းကြားကပင် ပေါက်ဖွားလာနိုင်သည်။

ထိုချုပ်ချယ်ကန့်သတ်မှုများအောက်မှ ကင်းလွတ်လာသောအခါ နိုင်ငံရေးစာပေများ အားကောင်းမောင်းသန်ထွက်ပေါ်လာခဲ့ကြသည်။ လက်ရှိခေတ်ကာလကို ပီပြင်စွာထင်ဟပ်စေသော ဝတ္ထုများကိုလည်း ရေးဖွဲ့ခွင့်ရလေပြီ။ ထိုအခြေအနေမျိုးတွင် ရသစာရေးဆရာများသည် တာဝန်ကျေကြပြီလား။ လက်ရှိခေတ်စနစ်ကို ပီပြင်စွာ ဖော်ညွှန်းရေးဖွဲ့နိုင်သော မည်ကဲ့သို့သော ဝတ္ထုရှည်ကြီးများကို ရေးဖွဲ့ပြီးကြပါပြီလဲဟု မေးခွန်းထုတ်စရာရှိလာသည်။

စာရေးဆရာများ တာဝန်ကျေမည့်အချိန်ကို စာဖတ်ပရိသတ်များကလည်း မျှော်လင့်လျက်ရှိကြောင်း သတိပြုရမည်ဖြစ်ပါသည်။

**၁၅။ ခေတ်ထဲက ရသ၊ ရသထဲက ခေတ်**

ယခု ၂၀၁၅ ခုနှစ်သည် ကျွန်မ စာပေလောကသို့ စတင်ခြေချခဲ့သော ၁၉၉၃ ခုနှစ်ကနှင့် များစွာကွဲပြားခြားနားသွားခဲ့ပြီဖြစ်သည်။ ၂၂ နှစ်အတွင်းတွင် ခေတ်စနစ်သည် ပြောင်းလဲလာခဲ့သည်။ ထိုပြောင်းလဲလာသည့် ခေတ်၏နောက်သို့ အမီလိုက်နိုင်မှသာလျှင် ပရိသတ်လက်ခံသော စာရေးဆရာအဖြစ် ဆက်လက်ရှင်သန်ရပ်တည်နိုင်မည်ဖြစ်သည်။

စာရေးဆရာများသည် ကိုယ်တိုင်လည်း အားကောင်းမောင်းသန် စာရေးဆရာဖြစ်အောင် ကြိုးစားရင်း အားကောင်းမောင်းသန်ပေါ်ထွက်လာမည့် ရသဝတ္ထုရေးသည့် စာရေးဆရာများကိုလည်း မျှော်လင့်ကြရမည်ဖြစ်သည်။

စာဖတ်သူများက ရသထဲက 'ခေတ်' ကို ရှာဖွေချင်ကြသလို စာရေးဆရာများကလည်း ခေတ်ထဲက ရသကို ရှာဖွေခံစား ဖန်တီးရေးဖွဲ့ရမည်ဖြစ်သည်။ ကျွန်မတို့ စာရေးဆရာမဖြစ်ခင် စာဖတ်သူဘဝက ရှေးရှေးက စာရေးဆရာ ဆရာမကြီးများ၏စာအုပ်များကို ဖတ်ရှုရင်း ကျွန်မတို့ မသိ၊ မမီလိုက်သော ခေတ်ကာလအကြောင်းတရားများကို သိရှိခဲ့ရသည်။ ထိုဆရာကြီး ဆရာမကြီးများ တာဝန်ကျေခဲ့ကြသည်။ ယခုအခါ ကျွန်မတို့ တာဝန်ကျေရမည့်အလှည့်ဖြစ်သည်။

ခေတ်၏ အဖြစ်အပျက်၊ ခေတ်၏ ဝေဒနာ၊ ခေတ်၏ အဆိုးအကောင်း၊ အကျိုးအကြောင်းကို မှန်ကန်သော ရှုထောင့်မှ တင်ပြရေးဖွဲ့နိုင်ရန် စာဖတ်သူက ခေတ်ရှေ့သို့ပြေးသွားချိန်တွင် စာရေးသူက ခေတ်နောက်တွင် ပြတ်မကျန်ခဲ့စေရန် အချိန်နှင့်အမျှ ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ စာဖတ်သူ များပြားတိုးပွားလာစေရန် စာရေးသူ၏ ကြိုးစားအားထုတ်မှု၊ ထုတ်ဝေဖြန့်ချိသူနှင့် စာအုပ်အရောင်းဆိုင်များ၏ ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်မှု၊ စာကြည့်တိုက်များ၏ ပူးပေါင်းပါဝင်မှု၊ ဆင်လည်း ဆင်အလျောက်၊ ဆိတ်လည်း ဆိတ်အလျောက်၊ စေတနာမှန်စွာရပ်တည်ကြိုးစားနေကြသော ကလောင်ကြီး၊ ကလောင်သေး၊ ကလောင်သစ်၊ ကလောင်ဟောင်းများစွာကို အဆင့်အတန်းမခွဲခြားဘဲ နေရာပေးမှု စသည်တို့နှင့်အတူ ရသစာပေများ အားကောင်းမောင်းသန်ပြန်လည်ထွက်ပေါ်လာရန် အဘက်ဘက်မှ ကြိုးစားအားထုတ်သင့်သည်ဟု ထင်မြင်မိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**(၂၀၁၅ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် စာပေဗိမာန်ခန်းမ၌ကျင်းပပြုလုပ်ခဲ့သော မြန်မာစာအုပ်လောကစာတမ်းဖတ်ပွဲတွင် ဆရာမပုညခင်ရေးသားဖတ်ကြားဖြန့်ဝေခဲ့သည့် ရသစာတမ်းကို ပြန်လည်ဖော်ပြပါသည်။)**

> **၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် စာပေဟောပြောပွဲများ များစွာခေတ်စားလာခဲ့ကြသည်။ ဟောပြောပွဲများတွင်လည်း အမျိုးမျိုးအစားစားရှိကြသည်။ တချို့က စာဖတ်ရှိန်မြှင့်တင်ရေးကို ဦးတည်ကြသည်။ တချို့က ဘဝအောင်မြင်ရေး အားမာန်ပေးသည်။ တချို့ကတော့ နိုင်ငံရေးကိုအသားပေး၍ ဟောပြောကြသည်။ နိုင်ငံရေးကို ပြောခွင့်ရ၍ ပြောခြင်းသည် အပြစ်တင်စရာမဟုတ်သော်လည်း အမုန်းတရားများကို ရှေ့တန်းတင်၍ ဟောပြောခြင်းများသည် လူငယ်များ၏ အနာဂတ်အတွက် အထောက်အကူဖြစ်နိုင်၊ မဖြစ်နိုင်ကို ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်သည်။ လူသည်နိုင်ငံရေးနှင့် မကင်းနိုင်၊ လူတိုင်းနိုင်ငံရေးအသိရှိရမည်။ ကိုယ့်နိုင်ငံ၏ သမိုင်းကြောင်းကို သိနားလည်ရမည်မှာမှန်ပါသည်။ သို့သော် . . .**

# ဓာတ်အားပြတ်တောက်မှုနှင့် ပတ်သက်၍ (ဓာတ်အားစနစ်ပြတ်တောက်မှု - System Break)

ဝေယံ

**(မေ ၄ ရက်နေ့ ဆောင်းပါးမှအဆက်)**

ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှု (System Break)ဖြစ်ရခြင်း အကြောင်း၊ မြန်မာနိုင်ငံ ဓာတ်အားစနစ်၏ အားနည်းချက်များ ပြုပြင်ရန် အချက်များကို ၂၀၁၆ ခုနှစ် မေလ ၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့ရာ တိုက်တိုက်ဆိုင်ဆိုင်ပင် ယင်းနေ့ ညနေပိုင်းတွင် ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှု (System Break) ဖြစ်ရပြန်ပါသည်။

System Break ဖြစ်ကြောင်း လျှပ်စစ်ဌာနဆိုင်ရာ Website များနှင့် Facebook များတွင် System Break ဖြစ်၍ ဓာတ်အားပြတ်တောက်ရခြင်းဖြစ်ကြောင်း အသိပေးဖော်ပြထားချက်ကို ဖတ်ရသော ရန်ကုန်မှ မိတ်ဆွေရင်းတစ်ဦးက ယခုရက်ပိုင်း မီးပျက်တာတွေမှာ System Break ကြောင့် မီးပျက်ပါကြောင်း အသိပေးချက်တွေ များနေပါကြောင်း၊ ဓာတ်အားမလုံလောက်လို့ ဓာတ်အားပြတ်တောက်တာနဲ့ System Break ဖြစ်ရတာတွေနဲ့ နားမလည်နိုင်တော့ဘူးဟု ပြောလာပါသည်။

ပြောလည်း ပြောချင်စရာ ဖြစ်ခဲ့ရပါသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မေ ၄ ရက်နေ့အထိ ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှု System Break ကိုးကြိမ်အထိ ဖြစ်ပေါ်ခဲ့ရာ အချို့နှစ်များ၏ တစ်နှစ်စာ System Break အကြိမ်လောက် ဖြစ်နေပါသည်။ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်း ၄ လ ကာလအတွင်း ဇန်နဝါရီလတွင် နှစ်ကြိမ်၊ ဧပြီလအတွင်း ငါးကြိမ်နှင့် မေလ ပထမပတ်တွင် နှစ်ကြိမ်ဖြစ်ခဲ့ပါသည်။ အထူးသဖြင့် ဧပြီလ ၁ ရက်မှ မေလဆန်း ၄ ရက်နေ့အထိ တစ်လကျော် (၃၄ ရက်) အတွင်း ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့သည့်အတွက် မယုံနိုင်လောက်အောင်ပင် ဖြစ်ခဲ့ရပါသည်။

**၂၀၁၆ ခုနှစ် System Break ဖြစ်စဉ်များ**

၂၀၁၆ ခုနှစ် မေ ၄ ရက်နေ့အထိ ဖြစ်ပွားခဲ့သော System Break ဖြစ်ရမှုများကို လေ့လာကြည့်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ၁၁-၁-၂၀၁၆ ရက်နေ့ ၀၉း၁၀ နာရီတွင် သာစည်-ရွှေမြို့ ၂၃၀ ကေဗွီဓာတ်အားလိုင်း ယာယီလိုင်းအပြစ် ဖြစ်ခဲ့ပါသည်။

(ခ) ၁၂-၁-၂၀၁၆ ရက်နေ့ ၂၀း၃၀ နာရီတွင် ရွှေမြို့-ပျဉ်းမနား ၂၃၀ ကေဗွီ ဓာတ်အားလိုင်းအပြစ် ဖြစ်ခဲ့ပါသည်။ ၎င်းလိုင်း၏ တိုင်အမှတ် (၇၂) လက်တန်း(ဗမာ)ပေါ်တွင် ငှက်သိုက်မှ ငှက်ချေးတန်းများမှ တစ်ဆင့် ဓာတ်အားလိုင်းကြိုးတစ်ချောင်း (C Phase)၏ ကြွေသီးမြေဓာတ်ကျမှု (Earth ကျခြင်း)ဖြစ်ပြီး လျှပ်စစ်ခုန်ကူးမှု (Spark)ကြောင့် ဖြစ်ခဲ့ရပါသည်။

(ဂ) ၂-၄-၂၀၁၆ ရက်နေ့ ၁၄း၃၆ နာရီတွင် ရွှေလီ-မန်စံ အမှတ်(၁) ဓာတ်အားလိုင်း တိုင်အမှတ်(၂၁၁)၏ A Phase လိုင်းကြိုးတွင် ကြွေသီးတစ်လုံးကွဲခြင်း၊ B Phase လိုင်းကြိုးတွင် ကြွေသီးတစ်လုံး အပေါက်ပေါက်ခြင်းများကြောင့် ဖြစ်ပါသည်။

(ဃ) ၁၂-၄-၂၀၁၆ ရက်နေ့ ၁၄း၅၅ နာရီတွင် ရွှေလီ-မန်စံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တိုင်အမှတ်(၁၂၇)နှင့် (၁၃၀) ကြားတွင် တောမီးများ လောင်ကျွမ်းခြင်းကြောင့် ဖြစ်ပါသည်။

(င) ၂၂-၄-၂၀၁၆ ရက်နေ့ ၁၅း၅၃ နာရီတွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာပြီး မိုးသီးများ ကြွေကျခြင်းကြောင့် ရဲရွာ-ဘဲလင်း ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တိုင်အမှတ်(၇၉) ထိပ်ပိုင်း ကျိုးကျခြင်း၊ အုန်းတော-ညောင်ပင်ကြီး ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တိုင်အမှတ်(၁၂၈) ထိပ်ပိုင်း ကျိုးကျခြင်းများကြောင့် ဖြစ်ပါသည်။

(စ) ၂၃-၄-၂၀၁၆ ရက်နေ့ ၁၉း၀၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးများ ကြွေကျခြင်းတို့ကြောင့် မန်စံ-ရွှေစာရံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၊ ဘဲလင်း-သပြေဝ ဓာတ်အားလိုင်းများတွင် ယာယီလိုင်းအပြစ်များ ဖြစ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

(ဆ) ၂၇-၄-၂၀၁၆ ရက်နေ့ ၁၈း၀၀ နာရီတွင် တောင်ငူ-ဖြူး-ကွန်း-သာယာကုန်း ၂၃၀ ကေဗွီ ဓာတ်အားလိုင်း လမ်းကြောင်းရှိ တိုင်အမှတ် (၁၈)နှင့် (၂၀)ကြား၊ တိုင်အမှတ်(၁)နှင့် (၃)ကြား ဓာတ်အားလိုင်းကြိုးများအောက်ရှိ ကြံစိုက်ခင်းများမှ ကြံရွက်အမှိုက်များ မီးရှို့ခြင်းကြောင့် လိုင်းကြိုးများ အပူလှိုင်းဒဏ်ထိခြင်းကြောင့် ဖြစ်ပါသည်။

(ဇ) ၂-၅-၂၀၁၆ ရက်နေ့ ၁၃း၅၀ နာရီတွင် မန်စံ-ရွှေစာရံ ဓာတ်အားလိုင်း တိုင်အမှတ်(၄၅)နှင့် (၄၆)အကြားတွင် လက်နက်ကြီးစထိမှန်၍ လိုင်းအမှတ်(၁)(Circuit-1)၏ C Phase ဓာတ်အားလိုင်းကြိုးပြတ်ကျခြင်းကြောင့် ဖြစ်ပါသည်။

(ဈ) ၄-၅-၂၀၁၆ ရက်နေ့ ၁၈း၃၄ နာရီတွင် မကွေးတိုင်းဒေသကြီးအတွင်း မိုးသက်လေပြင်းကျခြင်း၊ မိုးကြိုးပစ်ခြင်းများကြောင့် တောင်တွင်းကြီး-ရွှေတောင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တိုင်အမှတ်(၂၃၁)တွင် B Phase ဓာတ်အားလိုင်းကြိုးအား မိုးကြိုးပစ်ခံရခြင်းကြောင့် ယာယီအပြစ်ဖြစ်ခဲ့ပါသည်။

ဖော်ပြပါ ဖြစ်စဉ်များတွင် သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပွားမှု ငါးကြိမ်ပါရှိပါသည်။ ဖြစ်စဉ်(ဇ)မှလွဲ၍ ကျန်ဖြစ်စဉ်များကို လျှပ်စစ်ဝန်ထမ်းများက နေ့မအား ညမနား ပြုပြင်ဆောင်ရွက်ခဲ့၍ လုပ်ငန်းအားလုံး ပြီးစီးပြီးဖြစ်ပါသည်။ ဖြစ်စဉ်(ဇ)ဖြစ်သည့် ရွှေလီ-မန်စံ ဓာတ်အားလိုင်း လိုင်းအမှတ် (၁)ရှိ တိုင်အမှတ်(၄၅)နှင့် (၄၆)ကြားတွင် နယ်မြေလုံခြုံရေး အခြေအနေအရ သွားရောက်နိုင်ခြင်းမရှိသေး၍ ပြတ်ကျနေသော ဓာတ်အားလိုင်းကြိုးကို ပြုပြင်နိုင်ခြင်းမရှိသေးပါ။ ရွှေလီစက်ရုံမှ ဓာတ်အားကို မန်စံအထိ Double Circuit လိုင်းအမှတ်(၁)၊ လိုင်းအမှတ်(၂)တို့ဖြင့် တည်ဆောက်ရယူထားခြင်းကြောင့် စက်ရုံမှ ပို့လွှတ်သော ၄၀၀ မဂ္ဂါဝပ် ဓာတ်အားများမှ ၃၀၀ မဂ္ဂါဝပ်ကို ကျန်ရှိနေသော ကောင်းမွန်သည့် လိုင်းအမှတ်(၂)ဖြင့် ပေးပို့ပေးလျက်ရှိပါသည်။ ကျန်ရှိသော ၁၀၀ မဂ္ဂါဝပ်ခန့်ကို လိုင်းအမှတ်(၁)ရှိ ပြတ်ကျနေသောကြိုး ပြန်လည်ဆက်သွယ်ပြုပြင်ပြီးပါက ဓာတ်အားရယူနိုင်မည် ဖြစ်ပါသည်။

**ကြိုတင်အသိမပေးနိုင်သော ဓာတ်အားပြတ်တောက်မှု**

ဓာတ်အားပြတ်တောက်မှုများတွင် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ ကြံ့ခိုင်ထိန်းသိမ်းမှု၊ ပြုပြင်မှုများ ဆောင်ရွက်ခြင်း၊ ဝန်အားမနိုင်၍ ဓာတ်အားအလှည့်ကျပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါများတွင် ဓာတ်အားပြတ်တောက်မည့် ရက်၊ အချိန်ကို ကြိုတင်အသိပေး ကြေညာနိုင်ပါသည်။ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ ချွတ်ယွင်းမှု၊ သဘာဝဘေးဒဏ် ကျရောက်မှုများသည် ရုတ်တရက်ဖြစ်ပေါ်ခြင်းဖြစ်သည့်အတွက် မီးသုံးသူများကို ကြိုတင်အသိပေးနိုင်ခြင်းမရှိဘဲ ချွတ်ယွင်းသော အပိုင်း၊ နေရာ၊ ဖြစ်ပွားရသည့် အကြောင်းအရင်းများကို ရှာဖွေမှု ဆောင်ရွက်ပြီးမှ မီးသုံးသူများကို အသိပေးရပါသည်။ System Break ဖြစ်ရာတွင် တစ်ပြည်လုံးရှိ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းနှင့် ပတ်သက်မှုရှိသဖြင့် မည်သည့်နေရာက ဖြစ်ပွားသည်ကို မသိသေးခင် System Break ဟု ကြိုတင်ဖော်ပြပြီး ဖြစ်ပွားသည့်နေရာတွေ့သောအခါ ထပ်မံဖော်ပြရခြင်း ဖြစ်ပါသည်။ ဓာတ်အားစနစ်တွင် အဆင့်မြင့် Power System Control စနစ် ပြည့်စုံစွာ တပ်ဆင်ထားပါက ဖြစ်ပွားသည့်နေရာကို အမြန်ဆုံးသိနိုင်မည်ဖြစ်ပါသည်။

**လျှပ်စစ်ဝန်ထမ်းအားလုံး မနားရပါ**

System Break ကြောင့် ရုတ်တရက် ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်လာသဖြင့် မီးသုံးစွဲသူများ စိတ်သောကရောက်ကြရပါသည်။ ဓာတ်အားလိုင်း၊ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားပေးခွဲရုံ ဝန်ထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရှိ လျှပ်စစ်ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ယူရသော နယ်မြေအပိုင်းအတွင်း ပြည်သူကို အသိပေးခြင်း၊ မိမိတာဝန်ယူ ထိန်းသိမ်းသော ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ ချွတ်ယွင်းမှု ဖြစ်ပေါ်နေသလား စစ်ဆေးကြရပါသည်။ System က ဓာတ်အားပြန်လည်ပေးသည့်အခါ တိုင်းဒေသကြီး/ပြည်နယ်ရှိ ပင်မဓာတ်အားခွဲရုံများမှတစ်ဆင့် ခရိုင်/မြို့နယ်ရှိ ဓာတ်အားခွဲရုံများအထိ ဆက်သွယ်ကာ ဓာတ်အားပို့လွှတ် ဆောင်ရွက်ကြရပါသည်။ System က ဓာတ်အားပြန်ပေးသည့်အခါ ရုတ်တရက် ဗို့အားမြင့်ခြင်းကြောင့် ဓာတ်အားခွဲရုံများ၊ စက်ပစ္စည်းများပျက်စီးမှုမဖြစ်စေရန် ဓာတ်အားခွဲရုံ စက်ပစ္စည်းနှင့် ဓာတ်အားလိုင်းခလုတ်များကို ပိတ်ထားရာမှ တစ်ဆင့်ချင်း တစ်ဆင့်ချင်း အများပြည်သူသုံး ထရန်စဖော်မာများအထိ ဓာတ်အားရောက်ရှိလာအောင် ဆောင်ရွက်ပေးသွားရပါသည်။ မိမိပိုင်နက်အတွင်း ဓာတ်အားပြန်လည်ရရှိချိန်တွင် System Break ကြောင့် စက်ပစ္စည်းများ ချွတ်ယွင်းမှုမရှိဘဲ အခက်အခဲမရှိ အများပြည်သူ ဓာတ်အားပြန်လည်ပေးနိုင်တော့မှသာ ဝန်ထမ်းများအနေဖြင့် စိုးရိမ်ပူပန်မှု သောကဝေဒနာများကို သက်ပြင်းချနိုင်ကြပါသည်။

**System Break နှင့် စက်ပစ္စည်းချွတ်ယွင်းမှု**

အရှိန်ပြင်းစွာ မောင်းနေသောကားကို ရုတ်တရက် ဘရိတ်နင်းပြီး ရပ်သကဲ့သို့ပင် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများသည် ဝန်အားအပြည့်ဖြင့် ဓာတ်အားပေးထားချိန် System Break ကြောင့် ရုတ်တရက် ဓာတ်အားပေးမှုရပ်သွားခြင်းကြောင့် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများ ဖြစ်ပေါ်တတ်သည့်အပြင် စက်များ၏သက်တမ်းကိုလည်း ထိခိုက်စေပါသည်။ System Break ကြောင့် စွမ်းအားပြည့်လည်ပတ်နေသော သဘာဝဓာတ်ငွေ့ တာဘိုင်စက်များအနေဖြင့် Compressor Blade၊ တာဘိုင် Blade များ ကျိုးခြင်း၊ ကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ် ပူပြင်းလှသော နွေရာသီတွင် ဓာတ်အားပေးစက်များ ဝန်အားအပြည့် လည်ပတ်နေရာမှ System Break ဆက်တိုက်ဖြစ်ပွားမှုများကြောင့် ရန်ကုန်မြို့ရှိ ၄၂ မဂ္ဂါဝပ် ထွက်ရှိသော တာဘိုင်စက်နှင့် ၃၀ မဂ္ဂါဝပ်ထွက်ရှိသော တာဘိုင်စက် နှစ်လုံး ချွတ်ယွင်းမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပြီး ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်မြို့အတွက် ထပ်မံလိုအပ်နေသည့် ဓာတ်အားကို ဓာတ်အားစနစ်မှ တစ်ဆင့် ပြန်လည်ရယူရန်မှာလည်း ရန်ကုန်မြို့သို့ ပေးပို့သော System ၏ ဓာတ်အားလိုင်းကြိုးများမှာ ဝန်အားနိုင်နင်းမှုမရှိသည့်အတွက် အချို့နေရာများတွင် အလှည့်ကျဓာတ်အားပိတ် (ဝန်အားလျှော့ချ)ခြင်းများ ပြုလုပ်၍ ဓာတ်အားပေးနေရခြင်းဖြစ်ပါသည်။

**နွေရာသီနှင့် ဓာတ်အားသုံးစွဲမှု**

အယ်နီညိုရာသီဥတုကြောင့် ကမ္ဘာတစ်ဝန်း ဆည်မြောင်းတာတမံများ၊ မြစ်ချောင်းများတွင် ရေများ ခန်းခြောက်မှုနှင့်အတူ သောက်သုံးရေပြတ်လပ်မှု၊ ဆည်များအတွင်း ရေလျော့နည်းကျဆင်းမှုနှင့်အတူ ရေအားလျှပ်စစ်စက်ရုံများ ဓာတ်အားထုတ်လုပ်မှု လျော့နည်းလာခြင်းများ ကြုံတွေ့နေရပါသည်။ နွေရာသီ ပူပြင်းမှုကြောင့် လေအေးပေးစက်များ၊ ပန်ကာများသုံးစွဲမှု၊ စိုက်ပျိုးရေ၊ သုံးရေများအတွက် ဓာတ်အားသုံးစွဲမှု ပိုများလာပြီး ယခင်က ဝန်အား ၇၅ ရာခိုင်နှုန်းသာ သုံးစွဲသော ထရန်စဖော်မာများသည် ဝန်အား ၁၀၀ ရာခိုင်နှုန်းထိ ရောက်ရှိလာခြင်းနှင့် ကျော်လွန်ခြင်းများဖြစ်ပေါ်ကာ ဗို့အားကျဆင်းခြင်းနှင့် ထရန်စဖော်မာချွတ်ယွင်းမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ဗို့အားကောင်းမွန်ရေးနှင့် ထရန်စဖော်မာများ ချွတ်ယွင်းမှုများ မဖြစ်စေရေးအတွက် နေရာအချို့တွင် ဝန်အားလျှော့၍ ဓာတ်အားပေးရခြင်းများရှိလာပြီး ရန်ကုန်မြို့တွင်သာမက အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ကြုံတွေ့နေရသည့် ခက်ခဲမှုပင်ဖြစ်ပါသည်။ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ၏ System Improvement များကို ဘဏ္ဍာငွေရရှိမှုအရ နှစ်စဉ်တိုးချဲ့ဆောင်ရွက်နေသော်လည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။ အယ်နီညိုကုန်ဆုံးပြီး အပူချိန်တွေ ကျဆင်းကာ အေးချမ်းသောမိုးများ ရွာသွန်းမှုနှင့်အတူ ဓာတ်အား ပြတ်တောက်မှုနှင့် System Break ကိုလည်း ဝေးသွားစေချင်ပါသည်။

**ဓာတ်အားထုတ်လုပ်မှုစနစ်များ ပေါင်းစပ်ပါဝင်ခြင်း(Generation Mix)**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို ယနေ့အချိန်အထိ အပြည့်အဝနီးပါး ထုတ်လုပ်ပေးနိုင်သေးသော်လည်း နွေကာလကြာရှည်လာပါက ရေအားစက်ရုံများထုတ်လုပ်မှု ပိုမိုကျဆင်းလာပါမည်။ ထုတ်လုပ်မှုလျော့နည်းပြီး သုံးစွဲမှုများနေခြင်းကြောင့် System Break ဖြစ်ပေါ်မှုများ မရှိစေရန်အတွက် အလှည့်ကျဓာတ်အားပေးခြင်းကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လက်ရှိ ရေအားလျှပ်စစ်စက်ရုံများသည် ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း၏ ၆၇ ရာခိုင်နှုန်းထုတ်လုပ်ပေးလျက်ရှိပြီး ကျန်သဘာဝဓာတ်ငွေ့စက်ရုံများ၏ ထုတ်လုပ်မှုသည် ၃၃ ရာခိုင်နှုန်းရှိသည့်အတွက် နွေကာလကြာလာသည်နှင့်အမျှ ရေအားစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှု လျော့နည်းလာမည်ဖြစ်ပါသည်။ နွေရာသီများတွင် ဓာတ်အားမလုံလောက်မှု မဖြစ်စေရေးအတွက် အခြားနိုင်ငံများနည်းတူ အပူစွမ်းအင်သုံး (သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ချူကလီးယား) ဓာတ်အားပေးစက်ရုံများ၊ နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများ ပါဝင်သော ဓာတ်အားထုတ်လုပ်မှု (Generation Mix)ကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။



# ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၂/၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်)

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးကျော်တင့်ဆွေကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကနေဒါနိုင်ငံတို့အကြား မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး H.E.Mr. Mark Mc Dowell အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကနေဒါနိုင်ငံတို့အကြား မီဒီယာကဏ္ဍနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့စီးပွားရေးနှင့် ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား ၂၀၁၆ IMF Staff Visit Mission အဖွဲ့မှ Mission Chief , Mr. Yongzheng Yang ဦးဆောင်သည့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကုံကော်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ နိုင်ငံခြားငွေဈေးပြိုင် လေလံစနစ် (FX Auction)နှင့် အပ်ငွေလေလံစနစ် (Deposit Auction) ဆိုင်ရာကိစ္စရပ်များ၊ ဘဏ်အချင်းချင်း နိုင်ငံခြားငွေရောင်းဝယ်ခြင်း (Yangon Foreign Exchange Interbank Market) ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်မှုတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်အတူ ဘဏ်များအားလုံး လက်တွဲပူးပေါင်းပါဝင်ရန်လိုအပ်သည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံပိုင်ဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သာမက ဘဏ်များအားလုံးပါဝင်သည့် စနစ်ကျနမှုရှိသော ငွေကြေးဈေးကွက်အခြေအနေ ရောက်ရှိရေးဆိုင်ရာကိစ္စရပ်များ၊ လက်ရှိလေလံစနစ်အား ပိုမိုထိရောက်မှုရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးရာသီ စိုက်ပျိုးစရိတ် ထုတ်ချေးပေးလျက်ရှိ

**ချောင်းဆုံ မေ ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးစရိတ် အဆင်ပြေစေရေးအတွက် ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ကို မြို့နယ်လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်ခွဲက ယနေ့မှ စတင်၍ ထုတ်ချေးပေးနေပြီဖြစ်ရာ ခရိုက်သစ်ကျေးရွာမှ လူဦးရေ ၂၄ ဦး၊ စိုက်ဧက ၁၆၁ ဧကကို တစ်ဧက ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၄၁၅၀၀၀၀ ထုတ်ချေးပေးပြီး ကျန်ကျေးရွာများကိုလည်း ဆက်လက်ထုတ်ချေးပေးမည် ဖြစ်ကြောင်း သိရသည်။

**ထူးအိမ် (IPRD)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

**❖ မြန်မာ့ကမ်းရိုးတန်းမှ**

သွားရောက်ကာ သဘာဝအလှတရားများနှင့် ဆလုံလူမျိုးတို့၏ ယဉ်ကျေးမှု၊ နေထိုင်မှုဓလေ့စရိုက်များကို လေ့လာကြည့်ရှုခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအပြင်၊ ခရီးစဉ်ဒေသများသို့ လွယ်ကူစွာသွားလာနိုင်ခြင်း၊ မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူငှာ ဧည့်ဝတ်ကျေပွန်ခြင်း၊ တိုင်းရင်းသားပေါင်းစုံ၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာကြည့်ရှုနိုင်ခြင်း၊ သဘာဝရေမြေတောတောင်များ၊ ကမ်းရိုးတန်းအလှများရှိခြင်းတို့ကြောင့် လာရောက်လည်ပတ်ရန် ခရီးစဉ်ဒေသတစ်ခုအဖြစ် ထင်ရှားလာကာ စဉ်ဆက်မပြတ် ဝင်ရောက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝအခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပြီး မြောက်ဘက်နှင်းဖုံးတောင်တန်းများမှ တောင်ဘက်ကမ်းရိုးတန်းအထိ မျိုးစုံသောသဘာဝအလှတရားများ ပြည့်စုံနေသည့်အတွက် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များအား လာရောက်လည်ပတ်ရန် ဆွဲဆောင်လျက်ရှိသည်။

**(ကြေးမုံ)**

**✻ သီလဝါအများပိုင်ကုမ္ပဏီမှ**

securities account ဖွင့်လှစ်ပြီးမှသာဆောင်ရွက်နိုင်မည်ဟုသိရသည်။ underwriter ကုမ္ပဏီများအဖြစ် ကုမ္ပဏီ ၁၀ ခုကိုပဏာမရွေးချယ်ထားသည့်အနက် လက်ရှိတွင်ကုမ္ပဏီ ငါးခုမှ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ယင်းကြောင့် လာမည့်မေ ၂၀ ရက်တွင် စတင်ရောင်းချတော့မည့် မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်လိုသူများအတွက် AYAtrust Securities ကုမ္ပဏီအနေဖြင့်ရန်ကုန်၊ မန္တလေးရှိ ဧရာဝတီဘဏ်ခွဲများ၊ နေပြည်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးမြို့ကြီးများရှိ ဘဏ်ခွဲများတို့တွင် securities account ဖွင့်လှစ်နိုင်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



"သီလဝါအများပိုင်ကုမ္ပဏီရဲ့ အစုရှယ်ယာဈေးနှုန်းကို မေ ၁၉ ရက်မှာကြေညာမှာဖြစ်ပါတယ်။ ဈေးနှုန်းသိရတာနဲ့ အဲဒီနေ့ညနေ ၅ နာရီအထိ pre order တင်လို့ရပါတယ်။ ရန်ကုန်မှာ ဧရာဝတီဘဏ်ခွဲပေါင်း ရုံးချုပ်မပါဝင်ဘဲ ၆၃ ခုရှိပါတယ်။ ရန်ကုန်ဘဏ်ခွဲအားလုံးမှာ securities account ဖွင့်လှစ်နိုင်ဖို့ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီလထဲမှာပဲ ထပ်တိုးအနေနဲ့ရန်ကုန်ပြင်ပက ဧရာဝတီဘဏ် ၁၈ ဘဏ်ကနေ securities account ဖွင့်တဲ့ ဝန်ဆောင်မှုကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဓိကကတော့ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေရဲ့ မြို့ကြီးတိုင်းရဲ့ ဘဏ်ခွဲတွေမှာလုပ်ဆောင်ပေးသွားမှာပါ။ ရေရှည်ရည်ရွယ်ချက်ကတော့ ၂၀၁၆ ခုနှစ်အတွင်းမှာ ဧရာဝတီဘဏ် ၁၆၅ ခုပေါ့။ ဘဏ်ခွဲတိုင်းမှာအကောင့်ဖွင့်နိုင်အောင်ကြိုးစားနေတယ်။ ပထမအဆင့်အနေနဲ့က ရန်ကုန်ဘဏ်ခွဲအားလုံး၊ ဒုတိယအဆင့်ကရန်ကုန်ပြင်ပက ဧရာဝတီဘဏ် ၁၈ ခုမှာ ဝန်ဆောင်မှုပေးမယ်။ တတိယအဆင့်က ဧရာဝတီဘဏ်ခွဲအားလုံးဖြစ်သွားမယ်။ ပြီးတော့ အင်တာနက်ပလက်ဖောင်းစမယ်။ Customers တွေကိုယ်တိုင်ဘဏ်ကိုလာဖို့မလိုဘဲ အိမ်ကနေအွန်လိုင်းကနေလုပ်လို့ရမယ်။ ဒါတွေကိုတစ်ဆင့်ချင်း ဆောင်ရွက်သွားမှာပါ" ဟု AYAtrust Securities ကုမ္ပဏီမှ Head of Dealing ဦးထက်ဝေအောင်က ရှင်းပြသည်။

မကြာမီရောင်းချတော့မည့် သီလဝါအများပိုင်ကုမ္ပဏီ၏ အစုရှယ်ယာဈေးကွက်အပေါ် ယခင်ကထက် ပိုမိုစိတ်ဝင်စားစွာ စောင့်ကြည့်လျက်ရှိပြီး ရှယ်ယာအရောင်းအဝယ်ပြုလုပ်ရန်အတွက် securities account ဖွင့်လှစ်သူ၊ စုံစမ်းမေးမြန်းသူများလည်း များပြားလာကြောင်း သိရသည်။

"သီလဝါကတော့ လူစိတ်ဝင်စားမှုများတယ်။ တစ်ပတ်နှစ်ပတ်လောက်ကတည်းက ဖုန်းတွေလာနေပြီ။ စုံစမ်းမေးမြန်းနေကြပြီ။ အော်ဒါတင်လို့ရပြီလားပေါ့။ ကျွန်တော်တို့အပိုင်းကလည်း ပထမဦးဆုံး ကုမ္ပဏီကရောင်းချခဲ့တဲ့အတွေ့အကြုံတွေကြောင့် အဲဒီအတွက် ဝန်ထမ်းပိုင်းအနေနဲ့ရော အကုန်လုံး ပြင်ဆင်ထားပါတယ်။ သီလဝါက လက်ရှိရှယ်ယာပိုင်သူ ၁၇၀၀၀ လောက်ရှိတယ်။ အဲဒီတော့ ရှယ်ယာရောင်းချမယ့်အချိန်မှာ အခြေခံအဆောက်အအုံပိုင်းတွေ၊ ဖုန်းလိုင်းတွေအားလုံး ပြင်ဆင်ထားပါတယ်။ သီလဝါကုမ္ပဏီအနေနဲ့ ပြောရမယ်ဆိုရင် အစုရှယ်ယာအများဆုံးကတော့ရန်ကုန်၊ မန္တလေးက အများဆုံးပါပဲ။ ရန်ကုန်ပြင်ပကိုပြောမယ်ဆိုရင် တောင်ကြီး၊ မော်လမြိုင်တို့ရှိမယ်။ သီလဝါကတော့ စတော့အိတ်ချိန်း မတင်ခင်ကတည်းက ရှယ်ယာရောင်းချခဲ့စဉ်မှာ သူ့ရဲ့ရှယ်ယာတွေဟာ အလွှာစုံ၊ လူစုံ၊ တစ်နိုင်ငံလုံးအနှံ့ စိတ်ဝင်တစား ဝယ်ယူထားကြတာဖြစ်ပါတယ်။ နောက်ပြီး လူတစ်ဦးကိုဘယ်လောက်ပဲ ရှယ်ယာရောင်းမယ်ဆိုတော့ အလွှာစုံပါတယ်။ စိတ်ဝင်စားမှုများတယ်။ လူတစ်ယောက်ကိုဘယ်လောက်ထက် ပိုဝယ်လို့မရဘူးဆိုတဲ့ကန့်သတ်မှုလေးလည်းရှိတယ်။ လူထုကြား ပိုပျံ့နှံ့နေတဲ့သဘောဖြစ်နေတယ်။ ဒါကြောင့်မို့ သီလဝါရဲ့ ရှယ်ယာတွေစတင်ရောင်းချဖို့အတွက်သေချာပြင်ဆင်ထားပါတယ်" ဟု AYAtrust Securities ကုမ္ပဏီမှ Head of Dealing ဦးထက်ဝေအောင်က ပြောသည်။

Securities Account ဖွင့်လှစ်လိုသူများအနေဖြင့် ဘဏ်အကောင့်တစ်ခု မဖြစ်မနေလိုအပ်မည်ဟု သိရသည်။ ဘဏ်အကောင့်မရှိသေးသူများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိပြီး Securities Account ဖွင့်လှစ်ပြီးနောက် Customer ၏ မှတ်ပုံတင်မူရင်း၊ ဘဏ်အကောင့်နှင့်တကွ ID ဖွင့်ပေးကာ Customer ၏လုံခြုံမှုအနေဖြင့် ID ကို ထိန်းသိမ်းထားရမည်ဖြစ်ကာ ငွေပေးသွင်းမှုကို တစ်ရက်ကြိုတင်ပေးသွင်းမှုဖြင့် ရှယ်ယာအရောင်းအဝယ်ပြုလုပ်မှုကို ပြုလုပ်နိုင်မည်ဟု သိရသည်။ ယင်းစနစ်ကို ဆောင်ရွက်ထားသည့်အတွက်ကြောင့်လည်း ငွေကြိုပေးသွင်းမှုတွင် အမည်၊ ID နှင့်ငွေသွင်းနိုင်ပြီး iBanking နှင့်လည်း ငွေပေးသွင်းနိုင်ပြီဟု အဆိုပါ ကုမ္ပဏီမှသိရသည်။ securities account ဖွင့်လှစ်ရာတွင် ရှယ်ယာရှင်များ၏ မူရင်းရှယ်ယာလက်မှတ်များကို သိမ်းဆည်းပြီး ငွေချေးသက်သေခံစာရင်းလက်မှတ် Login ID နှင့် Password တို့ကို underwriting ကုမ္ပဏီများမှ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပြီး ယင်းနံပါတ်များဖြင့်သာ အွန်လိုင်းစနစ် ရောင်းဝယ်နိုင်မည်ဖြစ်ရာ ရှယ်ယာရှင်များအနေဖြင့် ရှယ်ယာလက်မှတ် ပျောက်ဆုံးခြင်း၊ အတုပြုလုပ်ခြင်းနှင့် လုံခြုံစိတ်ချရမှုမရှိခြင်းတို့အတွက် စိုးရိမ်စရာမရှိတော့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်ရာတွင် အစုရှယ်ယာများ ထုတ်ရောင်းမည့်အများပိုင်ကုမ္ပဏီ ခြောက်ခုကိုရွေးချယ်ထားခဲ့ရာ First Myanmar Investment Co.,Ltd၊ First Private Bank Ltd၊ Great Hor Kham Public Co.,Ltd၊ Myanmar Agribusiness Public Corporation Ltd၊ Myanmar Citizen Bank Ltd၊ Thilawa SEZ Holding Public Ltd တို့မှ ရန်ကုန်စတော့အိတ်ချိန်းတွင်အစုရှယ်ယာများကို စတင်ရောင်းချပေးနိုင်ရန်ပြင်ဆင်လျက်ရှိရာတွင် ပထမဦးစွာ F.M.I ကုမ္ပဏီက ရှယ်ယာများစတင်ရောင်းခဲ့ပြီး ဒုတိယအနေဖြင့် သီလဝါအများပိုင်ကုမ္ပဏီက ရှယ်ယာများ မေ ၂၀ ရက်တွင် စတင်ရောင်းချသွားနိုင်ရန် ပြင်ဆင်လျက်ရှိသည်ဟု ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။ ၀၀၀

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈/ ၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၁၇ရက်)**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/ ၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| (၁) ကြည်း ၂၄၈၅၇ ဒုတိယဗိုလ်မှူးကြီးထိန်ဦး | (အစား) | လေ ၁၇၅၃ ဗိုလ်မှူးကြီး နေဝင်း |
| (၂) ကြည်း ၂၆၇၂၃ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး | (အစား) | ကြည်း ၁၉၇၆၈ ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် |
| (၃)ကြည်း ၂၈၃၁၉ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး | (အစား) | ကြည်း ၁၇၃၄၀ ဗိုလ်မှူးချုပ် အောင်ကျော်ငြိမ်း |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉/ ၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၁၇ရက်)**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/ ၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါတပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| (၁) ကြည်း ၂၉၃၇၂ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း | (အစား) | ကြည်း ၁၇၂၇၈ ဗိုလ်မှူးချုပ် ချစ်ဦး |
| (၂) ကြည်း ၂၈၂၇၄ ဒုတိယဗိုလ်မှူးကြီး သိန်းလွင် | (အစား) | ကြည်း ၁၇၀၇၃ ဗိုလ်မှူးချုပ် သက်နိုင် |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၀/ ၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၁၇ရက်)**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/ ၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၁) ကြည်း ၂၉၅၉၅ ဒုတိယဗိုလ်မှူးကြီး ကျော်နိုင် | (အစား) | ကြည်း ၂၇၄၀၁ ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၂) ကြည်း ၃၀၅၆၃ ဒုတိယဗိုလ်မှူးကြီး အေးရွှေ | (အစား) | ကြည်း ၂၁၄၇၃ ဒုတိယဗိုလ်မှူးကြီးဌေးအောင် |
| (၃) ရေ ၃၉၃၇ ဒုတိယဗိုလ်မှူးကြီးကိုကိုမောင် | (အစား) | ရေ ၃၉၈၃ ဗိုလ်မှူး ရဲထွဋ် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| (၄) ကြည်း ၂၉၆၉၀ ဒုတိယဗိုလ်မှူးကြီးသန်းလွင် | (အစား) | ကြည်း ၂၄၈၆၁ ဒုတိယဗိုလ်မှူးကြီး အေးဇော် |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**❒ ရန်ကုန်မြို့တော်မှ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။ (၂) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၄ ကို အောက်ပါအတိုင်း အစားထိုးရမည်- “ ၆၄။ ကော်မတီဝင်၊ ခရိုင် သို့မဟုတ် မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်ရမည့် သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းကုန်ဆုံးချိန်အထိ ဖြစ်သည်။ (၃) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၈၃ ကို ပယ်ဖျက်ရမည်”ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက မေလ ၁၆ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။**

ယင်းသို့ ထုတ်ပြန်ကြေညာခဲ့မှုအပေါ် ရွေးကောက်ခံကော်မတီဝင် (၇) အနောက်ပိုင်းခရိုင်မှ ဦးခင်လှိုင် (ဇောတိက)၊ ကော်မတီဝင်(၈) တောင်ပိုင်းခရိုင်မှ ဒေါက်တာအေးမင်း၊ ကော်မတီဝင်(၉) မြောက်ပိုင်းခရိုင်မှ ဦးခင်မောင်တင့်တို့ သုံးဦး ဦးဆောင်ကာ ခရိုင်၊ မြို့နယ် ကော်မတီဝင်များက မေ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင်(၇)၏ ရုံးခန်းတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

“ကျွန်တော်တို့က ရွေးကောက်ခံထားတာဖြစ်တဲ့အတွက် ဥပဒေအရပဲ ဆောင်ရွက်စေချင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေအရ တာဝန်ဆက်လက်ထမ်းဆောင်နေခြင်းပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနဲ့ ပြဋ္ဌာန်းချက်များကို ဥက္ကဋ္ဌတစ်ဦးတည်း ဆောင်ရွက်ပိုင်ခွင့်မရှိပါဘူး။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ ရွေးကောက်ပွဲနည်းဥပဒေကို ပြင်ဆင်လိုပါက ကော်မတီအစည်းအဝေးမှာတင်ပြပြီး ကော်မတီကလည်း ရွေးကောက်ပွဲ နည်းဥပဒေပြင်ဆင်ရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များ ရေးရာကော်မတီများ၊ ဥပဒေပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ၊ မြို့မိမြို့ဖများနဲ့ ဖွဲ့စည်းပြီး ၂၀၁၄ ခုနှစ်က ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေရဲ့ အခြေအနေ၊ ပြည်သူလူထုရဲ့ပါဝင်မှု၊ မဲပေးမှုအခြေအနေတွေနဲ့ မဲပေးခွင့်တွေကို လေ့လာသုံးသပ်ပြီး ကော်မတီအစည်းအဝေးမှာ တင်ပြဆုံးဖြတ်ချက်ရယူရမှာဖြစ်ပါတယ်။ ကော်မတီဝင်အားလုံးရဲ့ ဆုံးဖြတ်ချက်ရယူပြီး ဥက္ကဋ္ဌ(မြို့တော်ဝန်)က အတည်ပြုချက် လက်မှတ်ရေးထိုးပြီး တိုင်းဒေသကြီးအစိုးရထံကို တင်ပြရမှာဖြစ်ပါတယ်” ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင်(၇)ဦးခင်လှိုင် (ဇောတိက)က ပြောသည်။

လက်ရှိ အမိန့်ကြေညာစာ ထုတ်ပြန်လိုက်သော ရွေးကောက်ပွဲ နည်းဥပဒေပြင်ဆင်သည့် ဥပဒေသည် ၂၀၁၆ အစိုးရသစ် သက်တမ်းကာလတွင်ကျင်းပရမည့် ကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲများအတွက် ပြင်ဆင်ခြင်းသာဖြစ်ပြီး ယခင်ရွေးကောက်ပွဲ နည်းဥပဒေ(၆၄)အရ တာဝန်ထမ်းဆောင်နေသော ရွေးကောက်ခံ ကော်မတီဝင်အဆင့်ဆင့်များနှင့် သက်ဆိုင်ခြင်းမရှိဘဲ ရွေးကောက်ခံကော်မတီဝင် ၁၁၅ ဦးမှာလည်း လက်ရှိတွင် တာဝန်ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ပြီး နောက်ရွေးကောက်ပွဲ ကျင်းပပေးသည်အထိ ထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ကော်မတီဝင်(၇) ဦးခင်လှိုင် (ဇောတိက)က ပြောသည်။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ ဆက်လက်တင်ပြ ဖြေရှင်းဆောင်ရွက်သွားရန် တင်ပြသွားမည်ဟုလည်း အဆိုပါကော်မတီဝင် သုံးဦးက သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့် ရွေးကောက်ပွဲများကို ၂၀၁၄ ခုနှစ်က ကျင်းပခဲ့ပြီး အဆိုပါရွေးကောက်ပွဲများ အများပြည်သူများအကြား ပျံ့နှံ့သိရှိမှုနည်းပါးခဲ့ကာ လုပ်ငန်းဆောင်တာများအပေါ်လည်း သိနားလည်မှုနည်းပါးသည်ဟု ရန်ကုန်မြို့ခံများက ပြောသည်။ လက်ရှိရွေးကောက်ခံကော်မတီများအနေဖြင့် ရွေးကောက်ပွဲအသစ် ထပ်မံကျင်းပသွားချိန်အထိ ဆက်လက် တာဝန်ထမ်းဆောင်သွားမည်ဟု မီဒီယာများအား ပြောကြားခဲ့သည်။

**(၀၀၁)**



## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/ ၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၅-၄-၂၀၁၆ ရက်နေ့မှ ၆-၅-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ (၃)ဦးနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်(၆)ဦး၊ မဂ္ဂဇင်း(၂)ဦးနှင့် အထွေထွေ(၆)ဦး ပေါင်း (၁၄)ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေးခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း (၁၃၃၉)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း(၁၇၉၇)ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း(၃၂)ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း(၃၁၆၈)ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ(၁)ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ(၁)ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**○အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲမှ**

လေ့ကျင့်လျက်ရှိပြီး စန်းစန်းမော်၊ သူဇာထွေးတို့ကဲ့သို့ နာမည်ကြီးဘောလုံးသမားဟောင်း အများစုပါဝင်နေခြင်းကြောင့် အင်အားတောင့်တင်းလျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိပြီး ဇွန်လအတွင်း ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ လာအိုကလပ်အသင်းများ ယှဉ်ပြိုင်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၅ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ကျင်းပမည့် ပြိုင်ပွဲလည်းဖြစ်သည်။

## အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များ မြန်မာ့ပညာရေးတိုးတက်စေရေး ပညာသင်ဆုများဖြင့် ပူးပေါင်းပါဝင်

**ရန်ကုန် မေ ၁၇**
မြန်မာနိုင်ငံနှင့် ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအခြေခံချင်းနီးစပ်သည့် အိမ်နီးချင်း အိန္ဒိယနိုင်ငံမှ မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာသင်ဆုများအား ပေးအပ်ချီးမြှင့်ခြင်းဖြင့် ပညာရေးဝန်ဆောင်မှုကဏ္ဍ၌ တက်ကြွစွာ ပူးပေါင်းပါဝင်လာကြောင်း သိရသည်။

Parul University ၏ အရှေ့တောင်အာရှဆိုင်ရာ Marketing Executive က "မြန်မာနိုင်ငံဟာ လက်ရှိအချိန်မှာ ဖွံ့ဖြိုးစနိုင်ငံ တစ်နိုင်ငံ ဖြစ်ပါတယ်။ ပညာခေတ်ကို အမီလိုက်နိုင်ဖို့သိလည်း မတတ်နိုင်ကြပါဘူး။ ကျွန်တော်တို့နိုင်ငံလည်း အစပိုင်းတုန်းက ဒီလိုပါပဲ။ ဒါကြောင့် ကျွန်တော်တို့နဲ့ ယဉ်ကျေးမှုချင်းနီးစပ်တဲ့ ဒီနိုင်ငံကိုစာနာစိတ်ထားပြီး အသက်သာဆုံး ဘယ်လိုဝန်ဆောင်မှုပေးရမလဲ စဉ်းစားရင်း ဒီမှာရှိနေကြတဲ့ ပညာရေးနယ်ပယ်ကလူတွေနဲ့ ညှိနှိုင်းပြီး ဒီလို စကောလားရှစ်ဝန်ဆောင်မှုကို လုပ်ဆောင်တာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

"Parul University က အိန္ဒိယနိုင်ငံ ဂူဂျာရပ်ပြည်နယ် Vadodara မြို့မှာရှိတာပါ။ အဲဒီနေရာဟာ မဟတ္တမဂန္ဒီရဲ့ နယ်မြေဖြစ်တာကြောင့် အမဲသား၊ ဝက်သားနဲ့ အရက်ကို ထိန်းချုပ်ထားပါတယ်။ ကျောင်းသားပေါင်း ၂၆၀၀ ကျော်ရှိတဲ့အနက် နိုင်ငံတကာက ကျောင်းသားပေါင်း ၃၅၀ ရှိပါတယ်။ ကျွန်တော်က သူတို့ပြောတဲ့အချက်အလက်တွေကို စံချိန်စံညွှန်းနဲ့ ကိုက်ညီမှုရှိ၊ မရှိ ကိုယ်တိုင်သွားရောက်ကြည့်ပြီးမှ ကျောင်းသားတွေကို ပို့ပေးဖို့စီစဉ်ပါတယ်။ အခုလည်း အဲဒီ Parul အပြင် ချင်းပြည်နယ်နဲ့ အနီးဆုံး လီဒိုလမ်းမကြီးပေါ်မှာရှိတဲ့ Assam down town University အပါအဝင် အိန္ဒိယတောင်ပိုင်း ရာဂျက်စ်သန်ပြည်နယ်မှာရှိတဲ့ Mody University တို့ကလည်း ၇၅ ရာခိုင်နှုန်းနဲ့ ရာနှုန်းပြည့် Scholarship တွေပေးမယ်လို့ ကမ်းလှမ်းလာတာတွေရှိတော့ ဇွန်လကုန်ပိုင်းမှာ သွားရောက်ကြည့်ရှုပါဦးမယ်"ဟု WEC တည်ထောင်သူ ဦးရန်ဝင်းနောင်က ဆိုသည်။



ပြီးခဲ့သည့် မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ၂၀၁၆ ခုနှစ် အိန္ဒိယပညာရေးပွဲတော်ကို ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ လာရောက်ကျင်းပခဲ့ရာ အိန္ဒိယနိုင်ငံရှိ ထိပ်တန်းတက္ကသိုလ် ၁၅ ခုမှ ပညာရေးပြခန်းများ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**

## ကျောက်ဆည်အရှေ့ဘက်ခြမ်း ကွမ်းစိုက်တောင်သူများ ဈေးကောင်းရ၍ အဆင်ပြေလျက်ရှိ

**မန္တလေး မေ ၁၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ဘက်ခြမ်းဒေသများတွင် ကွမ်းစိုက်တောင်သူများ ကွမ်းရွက်ဈေးမြင့်တက်လာ၍ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

"ကွမ်းရွက်ဈေးကောင်းလာတော့ ကွမ်းစိုက်တောင်သူတွေအဆင်ပြေကြတယ်။ ကွမ်းပင်က ရေကြိုက်တော့ ရေတွင်းတူးပြီး ရေတင်စိုက်ရတာ။ ရေတွင်းကလည်း ကျွန်တော်တို့ရွာဝန်းကျင်မှာ ပေ ၂၀ လောက် တူးရင်ထွက်တော့ ကုန်ကျစရိတ် သိပ်မရှိဘူး။ ကျောက်ဆည်အနီးဝန်းကျင်ဖြစ်တဲ့ စဉ့်ကိုင်၊ ကူမဲ၊ မြစ်သားနယ်တွေမှာ မိုးသက်လေပြင်းကျပြီး မိုးသီးကြွေကျမှုတွေကြောင့် သီးနှံတွေပျက်စီးမှုရှိခဲ့ပေမယ့် ကျောက်ဆည်အရှေ့ဘက်ဒေသမှာ မိုးသီးမကျတော့ သီးနှံပျက်စီးမှုမရှိခဲ့ဘူး။ တခြားနယ်က ကွမ်းခြံတော်တော်များများမှာ မိုးသီးထိတော့ ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့တယ်။ ဒါကြောင့် ကွမ်းရွက်ဈေးကောင်း လာတာ။ အရင်က တစ်ပိဿာကို ငွေကျပ် နှစ်ထောင်၊ သုံးထောင်ပဲရှိတာ။ အခု တစ်ပိဿာ ကျပ် ၆၅၀၀၊ ခြံထဲမှာတင်လာဝယ်နေကြတာ။ အရင်တုန်းက ဆောင်းပိုင်းကျမှ ဒီဈေးရတာ။

"မတ္တရာဘက်မှာတော့ ကွမ်းရွက်တစ်ပိဿာ တစ်သောင်းကျော် ဈေးပေါက်နေတယ်ကြားတယ်။ ကျွန်တော်တို့နယ်ဘက်က ကွမ်းရွက်ကတော့ သူတို့လောက်မကောင်းဘူး။ ဈေးလည်း သူတို့ လောက်မရဘူး။ ဒါပေမယ့် ဒီဈေးနဲ့ဆိုရင် တော်တော်အဆင်ပြေပါတယ်။ တစ်ဧကလောက်စိုက်ထားရင် ၁၀ ရက်ခြားတစ်ခါ အချိန် ၄၀ လောက်ထွက်နေတော့ အဆင်ပြေတယ်။ ဒီဘက်နယ်တွေဖြစ်တဲ့ သံရွာ၊ မုန်တိုင်၊ ပဲခင်း၊ ပေါင်းလောင်းကျေးရွာတွေက ကွမ်းခြံသမားတွေကတော့ အကုန်လုံးအဆင်ပြေကြပါတယ်"ဟု ပဲခင်းကျေးရွာမှ ကွမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ဘက်ဒေသများသည် ကင်းတားဆည်ရေသောက်စနစ်ဖြင့် စပါး၊ နှမ်း၊ ငရုတ်၊ ငှက်ပျော၊ သင်္ဘော၊ ကွမ်းရွက်၊ နနွင်းတက် သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကွမ်းစိုက်တောင်သူများ ဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ရေရှားပါးသည့်ဒေသများ၌ ကမ္ဘောဇအနာဂတ်အလင်းတန်းမှ သောက်သုံးရေများလှူဒါန်း

**နေပြည်တော် မေ ၁၇**
မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပူပြင်းသော အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် တိုင်းရင်းသားပြည်သူများ သောက်သုံးရေရှားပါးမှုများနှင့် ကြုံတွေ့လျက်ရှိနေချိန်တွင် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ရေတွင်းများတူးဖော်ပေးခြင်း၊ ရေကန်များ ပြန်လည်တူးဖော်ပေးခြင်း၊ သောက်သုံးရေရှားပါး၍ အခက်အခဲဖြစ်နေသော နေရာဒေသများသို့ ရေဂါလန်(၃၀၀၀) ဆံ့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

မေ ၁၄ ရက်နှင့် ၁၅ ရက်က ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာအုပ်စု ကျောက်ငှက်ရွာနှင့် ဟဲဟိုးရှမ်းရွာများသို့ လည်းကောင်း၊ မေ ၁၆ ရက်တွင် သောက်သုံးရေရှားပါးမှုကြောင့် အခက်အခဲဖြစ်နေသော ကလောမြို့နယ်အတွင်းရှိ မိုးကောင်းတောင်ရွာနှင့် သစ်ယားပင်ရွာတို့တွင် သောက်သုံးရေများ သွားရောက်ဖြန့်ဝေခဲ့သည်။



အလားတူ ကမ္ဘောဇဘဏ်လီမိတက် စစ်ကိုင်းဘဏ်ခွဲ(၁)မှ မန်နေဂျာနှင့် ဝန်ထမ်းများသည် စစ်ကိုင်းမြို့ မြသပိတ်ဘုံ ဆွမ်းလောင်းအသင်းနှင့် ပူးပေါင်း၍ မေ ၁၃ ရက်တွင် စစ်ကိုင်းမြို့နယ်အတွင်းရှိ အောင်မြေဦး(ဘက) ကျောင်း၊ မူဆယ်နမ့်ခမ်းကျောင်း၊ ထွင့်မှုခေါင်ရပ်ကွက်၊ ဇေယျာတိုးချဲ့ရပ်ကွက်၊ ရေမြက်ကြီးကျေးရွာ၊ ဆည်လေးတောကျေးရွာ၊ ရွာသာယာကျေးရွာ၊ အုန်းတော်ရွာ၊ စာရေးရွာ၊ ရွှေမင်းဝံရပ်ကွက်၊ အင်းစကျေးရွာတို့တွင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ ရေဂါလန်(၄၈၀၀) ဆံ့ Water Boxer ကားကြီးများဖြင့် နေ့စဉ်အလှည့်ကျ သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခဲ့ပြီး သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသော ပြည်သူများ အနေဖြင့် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းနှင့် ဆက်သွယ်၍ သောက်သုံးရေများ အလှူခံနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**



## အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**တနင်္သာရီ မေ ၁၇**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်တွင် အားကစားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို မြို့နယ်မိုးလုံလေလုံအားကစားရုံ၌ မေ ၁၆ ရက် ညနေ ၃နာရီခွဲက ကျင်းပခဲ့သည်။

ဖွင့်ပွဲနေ့ ပွဲဦးထွက်ပွဲစဉ်အဖြစ် ချောင်းငယ်ရပ်ကွက်အသင်းနှင့် အမှတ်(၅၅၇) ခြေမြန်တပ်ရင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၅၅၇)ခြေမြန်တပ်ရင်းအသင်းမှ သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၂၀ ရက်အထိ နေ့စဉ် နံနက်ပိုင်း၌ ပိုက်ကျော်ခြင်းပြိုင်ပွဲကိုလည်းကောင်း၊ ညနေပိုင်းတွင် ဘော်လီဘောပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ အမျိုးသားဘော်လီဘောအသင်း ရှစ်သင်း၊ အမျိုးသမီးအသင်း လေးသင်းနှင့် အမျိုးသားပိုက်ကျော်ခြင်း ရှစ်သင်းတို့မှ အသင်းဝင်များ ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

## ပြည်သူများ သက်သောင့်သက်သာသွားလာနေထိုင်ရေး ပလက်ဖောင်းပေါ် ဈေးရောင်းချသူများနှင့် တွေ့ဆုံ

**ရေး မေ ၁၇**
မွန်ပြည်နယ် ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် လူသွားလမ်းပလက်ဖောင်းနှင့် လမ်းမများပေါ်တွင် အဖီ၊ အမိုးပြုလုပ်ရောင်းချသော ဆိုင်ခန်းပိုင်ရှင်များအား တွေ့ဆုံဆွေးနွေးရာတွင် လုပ်ငန်းများကို မေ ၃၀ ရက် နောက်ဆုံးထားကာ မိမိအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ခဲ့ခြင်းမှာ မွန်ပြည်နယ်အစိုးရ၏ ရက် ၁၀၀ စီမံချက်တွင် ပါဝင်သော ပြည်သူများ သက်သောင့်သက်သာသွားလာနေထိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လူစည်ကားရာ ပလက်ဖောင်းနှင့် လမ်းမကြီးပေါ်သို့ ကျူးကျော် ဈေးရောင်းချမှုကြောင့် လမ်းမပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဈေးရောင်းဈေးဝယ် စည်ကားချိန်တွင်ဖြစ်ပေါ်လျက်ရှိ၍ လမ်းဘေးကျူးကျော်ဆိုင်များ ပုဂ္ဂလိကဆိုင်များ၏ ကျူးကျော်မှုများအားရှင်းလင်းသွားရန် စီမံချက်ကို ဧပြီ ၂၉ ရက်က လမ်းညွှန်မှာကြားထားကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**



# ပြည်ပဈေးကွက်သို့ သရက်သီးပိုမိုတင်ပို့နိုင်ရေးအတွက် GAP လက်မှတ်လျှောက်ထားနိုင်

**မန္တလေး မေ ၁၇**
မြန်မာနိုင်ငံမှ ပြည်ပဈေးကွက်သို့ သရက်သီးတင်ပို့မှု ပိုမိုရရှိရေးအတွက် အထောက်အထား တစ်ခုအဖြစ် GAP (Good Agricultural Practices) စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းနှင့် ပတ်သက်သည့်လက်မှတ်ရရှိရန် လျှောက်ထားနိုင်ပြီး လက်ရှိတွင် လျှောက်ထားသူ ၁၇ ဦးရှိကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သရက်သီးနှင့် ပတ်သက်သည့် GAP လက်မှတ်ကို ယခုနှစ်မှစတင် လုပ်ဆောင်ခြင်းဖြစ်ပြီး ယခင်နှစ်များကလည်း ပြည်ပသို့တင်ပို့နေခြင်း ဖြစ်သည်။

"ဒီနှစ်မှာ စလုပ်တာဆိုပေမယ့် အရင်နှစ်တွေက ကိုယ့်ဘာသာ နိုင်ငံခြားတင်ပို့နေကြတာပါ။ ဌာန အနေနဲ့ ခုလိုလက်မှတ်ရရှိဖို့ သရက်စိုက်တောင်သူတွေ စိတ်ဝင်စားလာအောင် ဝင်ပြီးကူညီပေးတယ်။အသိပညာပေးတယ်။ ခုလို လက်မှတ်ရပြီဆိုရင် ပြည်ပသရက်သီးတင်ပို့မှု မြင့်တက်လာမယ်"ဟု ယင်းဌာနမှ တိုင်းမန်နေဂျာ ဦးမြင့်ဦးက ပြောသည်။



GAP လက်မှတ်ရရှိရန်အတွက် ဌာနမှ ဆုံးဖြတ်ချက်ပေးကာ ချထားပေးခြင်းမဟုတ်ဘဲ သရက်စိုက်တောင်သူ စိုက်ခင်းမြေအနေအထား၊ စိုက်ကွင်းအခြေအနေ၊ စိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးရေးဆေးသုံးစွဲထားမှု၊ စိုက်ပျိုးမှုမှတ်တမ်းနှင့် အလုပ်သမားများ အခြေအနေများကို စစ်ဆေးပြီး နေပြည်တော်ရုံးချုပ်သို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"GAP လက်မှတ်ရရင် ပြည်ပတင်ပို့ရာမှာ သရက်သီးနဲ့ ပတ်သက်လို့ safety ဖြစ်ဖို့အတွက်ပါ။ လက်မှတ်ရှိရင် အခွန်ပေးစရာမလိုဘူး။ ခုတော့ လျှောက်ထားသူ များလာပေမယ့် အစောဆုံး လျှောက်ထားသူတွေ စစ်ဆေးပြီး ချထားပေးမယ်"ဟု သရက်သီးအစုအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောသည်။

"အရင်ကတည်းက GAP မရှိပေမယ့် နယ်စပ်ကနေ သွားနေတယ်။ GAP ရရင် ဈေးကွက်မှာ ထောက်ခံချက်ပေးတာဆိုတော့ ဘေးထွက်ဆိုးကျိုးမရှိဘူး။ စားသုံးသူအန္တရာယ်မရှိဘူး။ အထောက်အထားရှိရင် ဈေးကွက်ရမယ်။ စားသုံးသူကို အဓိကအခြေခံတယ်"ဟု တိုင်းမန်နေဂျာက ပြောသည်။

AEC အနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင်စတင်ပြီဖြစ်၍ GAP လက်မှတ်ရရှိခြင်းဖြင့် စားသုံးသူစိတ်ချရသည့် အနေအထားရရှိမည်ဖြစ်ကြောင်း၊ ၂၀၁၀ တွင် စင်ကာပူသို့ စတင်၍ တင်ပို့ခဲ့ပြီး ၂၀၁၁ တွင် တရုတ်ပြည်သို့ တင်ပို့ခဲ့ရာတွင် ထုပ်ပိုးမှုစနစ် ကောင်းမွန်စွာ ထုပ်ပိုးမှုကြောင့် သရက်သီးဈေးနှုန်း ပိုမိုရရှိလာကြောင်း နိုင်ငံခြားသို့ တင်ပို့သည့် သရက်သီးများမှာ စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်၊ ပန်းဘင်္ဂလားတို့ ဖြစ်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**

# ကျောက်ဆည်မြို့ အရှေ့ဘက်ဒေသများတွင် ငရုတ်စိုက်ခင်းများလှိုင်လှိုင်ပေါ်၍ တောင်သူများအဆင်ပြေ

**ကျောက်ဆည် မေ ၁၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ဘက်ဒေသများတွင် ငရုတ်သီးစိုက်ခင်းများ လှိုင်လှိုင်ပေါ်၍ ဈေးကောင်းရသောကြောင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ငရုတ်စိုက်ပျိုးရာတွင် ကင်းတားဆည်လက်ခွဲဖြစ်သည့် မြို့ကြီးဆည်ရေမြောင်းမှ ရေတင်စိုက်ကြပြီး ငရုတ်မျိုးမှာ ၆၉၂ မျိုးအစိုက်များပြီး တစ်ထုပ်ကို ကျပ် ၂၈၀၀ ပေးရကြောင်း၊ တစ်ထုပ်ကို မျိုးစေ့တစ်ထောင်ကျော်ပါပြီး တစ်ဧကကို မျိုးစေ့ ၁၀ ထုပ်ခန့်စိုက်ရကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက ငရုတ်စိုက်ခင်းတွေ အောင်မြင်တယ်။ ရေကလည်း ပေါတယ်လေ။ မျိုးစေ့ကို ပေါင်နဲ့ပျိုးထောင်ပြီး ရေလောင်းပေးရတယ်။ ပျိုးပင်တစ်လခွဲလောက်နေမှ စိုက်ခင်းထဲပြောင်းစိုက်တာ၊ ပြာသိုလပြည့်ကျော်၊ တပို့တွဲလဆန်းလောက်မှာ စစိုက်တယ်၊ ထယ်ရေးပြင်၊ ရေတင်၊ ပေါင်းနုတ်၊ မြေဩဇာကျွေး၊ ဆေးဖျန်းတာတို့ပြုလုပ်ပေးရတယ်။ စိုက်ပြီး သုံးလ၊ သုံးလခွဲလောက်မှာ အသီးစခူးဆွတ်တယ်။ ခူးပြီးအိမ်ရောက်ရင် နေလှန်းရတယ်"ဟု ကျောက်ဆည်မြို့နယ် ပဲခင်းကျေးရွာမှ ငရုတ်စိုက်တောင်သူ ကိုတိုးတိုးက ပြောသည်။

"ငရုတ်ပင်က သုံးလကျော်လောက် အသီးခူးလို့ရတယ်။ ၁၀ ရက်ခြား တစ်ခါခူးတာ။ တစ်ခါခူးရင် တစ်ဧကကို တင်း ၄၀ မှ ၅၀ ထိထွက်တယ်။ ယခုတော့ရွာမှာ တစ်တင်းကို ကျပ် ၇၅၀၀ နဲ့လာဝယ်တယ်။ ကျောက်ဆည်မြို့မှာတော့ ငရုတ်ခြောက်တစ်ပိဿာကို ကျပ် ၃၅၀၀ လောက်ဈေးပေါက်နေတာ။ ငရုတ်တစ်တင်းကို ပုံမှန်ဆို ၂ ပိဿာ ၈၀ ဆယ်သားလောက်ရှိတယ်။ ရွာမှာတော့ တင်းချိန်နဲ့ပဲရောင်းကြတာများတယ်။ ဈေးကောင်းတော့ အဆင်ပြေပါတယ်"ဟု ၎င်းကဆက်ပြောသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အရှေ့ဘက်ခြမ်းဒေသများတွင် ပြီးခဲ့သည့်ရက်များက မိုးသက်လေပြင်းများကျရောက်သော်လည်း မိုးသီးကျမှု မရှိခြင်းကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရပြီး ငရုတ်စိုက်တောင်သူများ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရသောကြောင့် တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်

**နေပြည်တော် မေ ၁၇**
ယခုနှစ်နွေရာသီတွင် အယ်နီညိုနှင့် ဆက်စပ်၍ သောက်သုံးရေရှားပါး ပြတ်လပ်နေမှုများ နိုင်ငံတစ်ဝန်း ဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ပြည်သူများရေရရှိရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မေ ၁၄ ရက်မှ ၁၆ ရက်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူများထံသို့အရောက် သောက်သုံးရေများ ဆက်လက်ဖြန့်ဝေလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပြင်စလူ မြို့နယ် လေယာဉ်ကွင်းကျေးရွာသို့ ရေဂါလန် ၃၂၀၀၊ ပုသိမ်မြို့နယ် သရက်တောကျေးရွာ လေးလောင်းကျေးရွာသို့ ရေဂါလန် ၄၀၀၀၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သရက်ကုန်းကျေးရွာသို့ ရေဂါလန် ၄၅၅၀၊ ကန်ဘောက်ကျေးရွာသို့ ရေဂါလန် ၁၅၀၀၊ ပေါင်းတည်မြို့နယ် မရိုးကျွန်းကျေးရွာသို့ ရေဂါလန် ၈၀၀ တို့ကိုလည်းကောင်း။

မြိတ်မြို့နယ် သဘွတ်ကျေးရွာသို့ ရေဂါလန် ၂၈၀၀၊ မြိတ်မြို့နယ် ချောင်းဝပြင်ကျေးရွာ ဘုရားကုန်းကျေးရွာ၊ တုံးပျောငယ်ကျေးရွာ၊ လက်မဲကျေးရွာတို့သို့ ရေဂါလန် ၇၂၀၀၊ ဟားခါးမြို့နယ် မြို့ကွက်သစ်ရပ်ကွက်သို့ရေဂါလန် ၃၂၀၀၊ မြဝတီမြို့နယ် အမှတ်(၃) ရပ်ကွက်သို့ ရေဂါလန် ၂၀၀၀၊ ဘားအံမြို့နယ် ငါးနတ်ပြာကျေးရွာ၊ ပန်းကုံးကျေးရွာ၊ ထုံးဖိုကွေ့ကျေးရွာ၊ တောကြီးကုန်းကျေးရွာ၊ ရွာလေးကျေးရွာ၊ သက်ကယ်ကုန်းကျေးရွာများသို့ ရေဂါလန် ၄၈၀၀နှင့် သောက်ရေလီတာ ၃၂၅၀ တို့ကိုလည်းကောင်း။

သထုံမြို့နယ် အောက်ကျင်းရပ်ကွက်နှင့် တောကြီးကျေးရွာသို့ ရေဂါလန် ၄၃၅၀ နှင့် သောက်ရေသန့်လီတာ ၃၀၀၀၊ တောင်စွန်းကျေးရွာသို့ ရေဂါလန် ၃၆၀၀၊ စစ်တွေမြို့နယ် ကန်ပြင်ရွာသစ်ကျေးရွာသို့ ရေဂါလန် ၁၀၀၀ တို့အား အသီးသီးဖြန့်ဝေပေးခဲ့ကြောင်းနှင့် ဤကဲ့သို့ လိုအပ်သောနေရာများသို့ နေ့စဉ်ဆက်လက်ဖြန့်ဖြူး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# အရည်အသွေးအာမခံချက်မရှိသော သောက်ရေသန့်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

၂။ အောက်ဖော်ပြပါ သောက်ရေသန့်များမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရည်အသွေး စိစစ်ထောက်ခံထားသည့် သောက်ရေသန့်များမဟုတ်ကြောင်း တွေ့ရှိရပါသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

| စဉ် | သောက်ရေသန့်အမှတ်တံဆိပ် | လုပ်ငန်းလိပ်စာ |
|---|---|---|
| ၁။ | Smart သောက်ရေသန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၂။ | KK သောက်ရေသန့် | အမှတ်၃/၅၀၊ (၆၃ × ၆၄) ကြား၊ အေးမေတ္တာလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၃။ | United Family သောက်ရေသန့် | ဇ-၅/၂၀၊ ခရေလမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ |
| ၄။ | အေးချမ်းသာ သောက်ရေသန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅။ | Moon Face သောက်ရေသန့် | မင်းကွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၆။ | AZURE သောက်ရေသန့် | မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ |
| ၇။ | Rain Cloud (မိုးတိမ်လွှာ) သောက်ရေသန့် | (၃၃ × ၃၄)လမ်းကြား၊ (၈၉ × ၉၀) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၈။ | Than Lwin (သံလွင်) သောက်ရေသန့် | ဝေဇယန္တာလမ်း၊ ရတနာပုံတက္ကသိုလ်အနီး၊ တောင်သမန်ရွာ၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ |
| ၉။ | Prince သောက်ရေသန့် | ၆၀×၆၉လမ်း၊ မြဝတီမင်းကြီးလမ်း၊ လမ်းသွယ်(၁၆)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၀။ | ကြည်ရတနာ သောက်ရေသန့် | စက်ရုံ ခ၁-၂/၄၆၊ (၅၈ × ၅၉) လမ်းကြား၊ အောင်ချမ်းသာလမ်းသွယ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၁၁။ | Mandalay သောက်ရေသန့် | ည၁/၅၊ အကွက်(၅၈၉)၊ ထိန်ကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၂။ | Fresh pH 7 သောက်ရေသန့် | အမှတ်(၉၃၀)၊ ဒုဋ္ဌဝတီလမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၃။ | R Plus သောက်ရေသန့် | မ-၃၂/၇၉၊ (၅၆)လမ်းနှင့်(၄၂)လမ်းထောင့်၊ ရဲမွန်တောင်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၁၄။ | တိမ်စင်ကြယ် သောက်ရေသန့် | (၄၁)လမ်း၊ ဈေးအရှေ့ဘက်၊ ပင်မ(၁၀)၊ အကွက်(၃၉၀)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၁၅။ | Pure 7 သောက်ရေသန့် | အမှတ်(၄/၃၀၅)၊ ကာယ(၃)လမ်း၊ ကာယရပ်ကွက်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ အမှတ်(၂၅)၊ ကျောင်းကြီး-၂လမ်း၊ ကျောင်းကြီးရပ်ကွက်၊ ကရုဏာကလေးများဂေဟာဝင်းအတွင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |

၃။ အစားအသောက်(သောက်ရေသန့်) ထုတ်လုပ်ရန်ထောက်ခံချက်မရှိဘဲ ဆက်လက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချကြောင်း စိစစ်တွေ့ရှိရပါက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၈ - ၅ - ၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညပိုင်း**

| | |
|---|---|
| ၆း၀၀ | အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ "စည်းအပြင်က လူ" |
| ၆း၂၀ | ကာတွန်းအစီအစဉ် "Cars" (အပိုင်း-၃) |
| ၇း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၄၇) |
| ၇း၄၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၄၇) |
| ၈း၃၀ | တေးဂီတအစီအစဉ် |
| ၈း၅၀ | ဆာဖာရီတိရစ္ဆာန်ဥယျာဉ် အစီအစဉ် |
| ၉း၀၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၃၀ | English Premier League (Review) (Part-1) |
| ၉း၅၀ | မြန်မာဗွီဒီယိုဇာတ်လမ်း "ကိုကိုကျော် တော်တော်ဆိုး" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ခန္ဓသုတ်၊မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၄၀ | "ကောင်းသောအမြင်" တရားတော် [ဆရာတော်ဒေါက်တာ အရှင်ပညိဿရာဘိဝံသ (ဓမ္မဒူတ )] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၅) |
| ၇း၃၀ | MRTV-4 သတင်း |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (VIVO Myanmar V3/V3 Max Product သစ်မိတ်ဆက်ပွဲအခမ်းအနား) |
| ၈း၀၀ | "မင်္ဂလာပါ"The Morning Show |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မ တို့ချစ်စကား" (အပိုင်း-၁၁၃) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | အနုပညာမိုးကောင်းကင် |
| ၁၁း၂၅ | ဟင်းချက်ရအောင် |
| ၁၁း၄၅ | MRTV- 4 Stage |
| ၁၂း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင် ကုန်သည်"(အပိုင်း-၇၈) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၅) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၆၅) |
| ၃း၃၅ | ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ ၁၉၈၂-၁၉၈၆ ခုနှစ်ဓာတုဗေဒဘာသာရပ် ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ ပုလဲရတု မြတ်ဆရာပူဇော်ပွဲနှင့် မိသားစုတွေ့ဆုံပွဲ) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၆) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၆) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၁၄) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၇၉) |
| ၉း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၅ | Let's Talk |
| ၄း၀၅ | World of Knowledge (Adventure Wanted Bull Riding) |
| ၅း၀၀ | အစီအစဉ်ပြီး |

### MWD

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၅ | မှတ်တမ်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၉း၀၀ | တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင် |
| ၄း၀၈ | တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း |
| ၄း၁၅ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၄း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၂၂) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အာရုဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၂၀) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | Let's Go |
| ၆း၃၅ | Dream Team & ရဲ့စိန်ခေါ်မှုများ |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၃၀) မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ ဟာသရုပ်စုံ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် အပိုင်း(၂၉) |

### mitv

| | |
|---|---|
| 07:26 | "Karaweik Palace- A Symbol Of Glorious Myanma Culture |
| 07:41 | "The Beauty In The North Of Myanmar |
| 08:26 | "The Mountain with antique stone sculptures & Mural Painting |
| 08:43 | "Products Of Myanmar - Shin Ma TaungThanakhar |
| 09:26 | "Hive Hunter |
| 09:45 | "Cultural Shows: Theatrical Art |
| 09:54 | "Young Artist: Maw Thu Da Nu |
| 10:25 | "Shwe Bo Township Bearing Five Names (Part-1) |
| 10:43 | "Shwe Bo Township Bearing Five Names(Part-2) |
| 07:26 | "Discovering Tribes: Akha- Their Life and Customs (Part-1) |

ကြေးမုံ ရုပ်ရှင်အညွှန်း

# အုတ်ကြီးမြက်ပေါက်ဇာတ်ကား ဆက်လက်ရုံတင်ပြသ




ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ယခုတစ်ပတ် ရုပ်ရှင်အညွှန်းကဏ္ဍမှာတော့ မြန်မာဇာတ်ကားများအနေနဲ့က ယခင်ပြသဆဲဇာတ်ကားများသာ ဆက်လက်ကြည့်ရှုကြရမှာဖြစ်ပါတယ်။

မြန်မာရုပ်ရှင်ဇာတ်ကားအနေနဲ့က နေတိုး၊ နေမင်း၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်နဲ့ သရုပ်ဆောင်ပေါင်းများစွာ ပါဝင်အားဖြည့်ပေးထားတဲ့ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်ရဲ့လက်ရာ အုတ်ကြီးမြက်ပေါက်ဇာတ်ကားမှာ ကမ်းနားသစ်ပင်ဆိုတာ အချိန်မရွေး ရေစုန်မျောသွားနိုင်တယ်လို့ခံယူထားသူ ရွှေအုတ်အဖြစ် အကယ်ဒမီနေတိုး၊ ဖိုးသိကြားအဖြစ် ထွန်းထွန်း၊ မြက်ရိုင်းအဖြစ် နေမင်း၊ ပေါက်ပေါက်အဖြစ် အကယ်ဒမီသက်မွန်မြင့်နှင့် မမကြီးအဖြစ် အကယ်ဒမီစိုးမြတ်သူဇာတို့က အဓိကပါဝင်အားဖြည့်ထားကြပါတယ်။

ရွှေစင်ဦးရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ဖြန့်ချိတဲ့ အဲဒီဇာတ်ကားကို ယခုတစ်ပတ်မှာ သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ပ်ရှိုင်ရယ် (စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာဝဇီရာ(လှိုင်သာယာ) ရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသသွားမည်ဖြစ်ပေါတယ်။

ဒါ့အပြင် ကမ္ဘာ့ရုပ်ရှင်ရုံတွေမှာ ရုံဝင်ငွေစံချိန်ချိုးနေတဲ့ ဇာတ်ကားတစ်ကားဖြစ်ပြီး ပြသပြီးဒုတိယပတ်အထိ ဝင်ငွေအမေရိကန်ဒေါ်လာ ၇၂ ဒသမ ၆ သန်းကျော်နဲ့ ထိပ်တန်းမှာရပ်တည်နေခဲ့တဲ့ ကပ္ပတိန်အမေရိက ဇာတ်ကားသစ်ကိုလည်း မင်္ဂလာ(၂)ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော် Cineplex 1 2 3၊ မင်္ဂလာစံပြ Cineplex 1 2 3၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိ Cineplex 1 2 3 တို့တွင် ဆက်လက်ရုံတင်ပြသသွားမှာဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ကပ္ပတိန်အမေရိကရဲ့ ပင်တိုင်သရုပ်ဆောင်တွေဖြစ်တဲ့ ရောဘတ်ဒေါ်နေးဂျူနီယာ၊ ခရစ္စအယ်ဗန်၊ မင်းသမီး စကားလက်ဂျိုဟန်ဆန်နှင့် အန်တိုနီမစ်ကီတို့က အဓိကပြန်လည်ပါဝင်အားဖြည့်ပေးထားကြပါတယ်။

ပြီးခဲ့တဲ့တစ်ပတ်ကမှ အသစ်ရုံတင်ခဲ့တဲ့ လျှို့ဝှက်သည်းဖိုဇာတ်ကား The Huntsman Winter's War ကိုလည်း ဒီတစ်ပတ်မှာ ဆက်လက်ရုံတင်ပေးသွားဦးမှာဖြစ်တယ်လို့ သိရပါတယ်။ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးကနေထုတ်လုပ်ပြီး သရုပ်ဆောင် ခရစ္စဟမ်းစ်ဝေ့၊ ဂျက်စီကာချက်စတိန်းနဲ့ အမ်မီလီဘန့်တို့က ခေါင်းဆောင်ပါဝင်ထားပြီး သည်းထိတ်ရင်ဖို အက်ရှင်ဒရမ်မာဇာတ်ကားတစ်ကားလည်း ဖြစ်ပါတယ်။ ဒီဇာတ်ကားသစ်ကို ရှေ့ဆောင်နဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတို့မှာ ဆက်လက်ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ပါကြောင်း တစ်ပတ်စာရုပ်ရှင်အညွှန်းကဏ္ဍအဖြစ် ရေးသားတင်ဆက်လိုက်ရပါတယ်။

**(ဖြိုးစန္ဒာမြင့်)**



ကေပေါ့ပ် ကြယ်ပွင့် CL

## တိုင်းမ်မဂ္ဂဇင်း၏ 100 Most Influential People စာရင်းတွင် ကေပေါ့ပ်အနုပညာရှင်များပါဝင်

တိုင်းမ်မဂ္ဂဇင်း၏ 100 Most Influential People စာရင်းတွင် ကေပေါ့ပ်ဂီတကြယ်ပွင့်များဖြစ်သည့် Big Bang နှင့် အမျိုးသမီးတေးသံရှင် CL တို့ပါဝင်နေကြောင်း အဆိုပါမဂ္ဂဇင်း၏ ထုတ်ပြန်ချက်အရ သိရသည်။

အွန်လိုင်းမှတစ်ဆင့်မဲပေးမှုများအရ Big Bang အဖွဲ့က နံပါတ်(၃)နေရာနှင့် ကေပေါ့ပ်အမျိုးသမီးတေးသံရှင် CL က နံပါတ် ၂၆ နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

CL အနေဖြင့် ၂၀၁၅ ခုနှစ်ကလည်း အဆိုပါ Most Influential People စာရင်းတွင် ပါဝင်ခဲ့ပြီး ယခုနှစ်အပါအဝင် နှစ်နှစ်ဆက်တိုက် ပါဝင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် Big Bang အဖွဲ့အား စွမ်းအားအကြီးမားဆုံးသော အမျိုးသားကေပေါ့ပ်အဖွဲ့အဖြစ် တိုင်းမ်မဂ္ဂဇင်းမှ ဖော်ပြခဲ့သည်။

100 Most Influential People စာရင်းတွင် အခြားသောအနုပညာရှင်များအနေဖြင့် တေလာဆွတ်ဖ်၊ ဒရာကီတို့လည်းပါဝင်ကြောင်း သိရသည်။

အဆိုပါစာရင်းတွင် ဂီတ၊ နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာ စသည့်နယ်ပယ်ပေါင်းစုံမှ ပုဂ္ဂိုလ်များပါဝင်သည်။

မျိုး စ န္ဒာ မောင် - စု စည်း ရေး သား သည်

## ဆောင်းဆန်ဟွန်း၏ အချစ်ရေးပြိုကွဲခြင်းမှာမဟုတ်ကြောင်း ၎င်း၏အေဂျင်စီငြင်းဆို



တောင်ကိုရီးယားသရုပ်ဆောင် ဆောင်းဆန်ဟွန်းနှင့် တရုတ်မင်းသမီး Liu Yi Fei တို့သည် ၂၀၁၅ နှစ်ကုန်ပိုင်းက ချစ်ကြိုးသွယ်ခဲ့ကြပြီး ပြီးခဲ့သည့်လပိုင်းက ၎င်းတို့အချစ်ရေး ပြိုကွဲသွားခဲ့ကြောင်း သတင်းများထွက်ပေါ်လာမှုကို ဆောင်းဆန်ဟွန်း၏ အနုပညာအေဂျင်စီက တရားဝင်ငြင်းဆိုခဲ့ကြောင်း သိရသည်။

ဆောင်းဆန်ဟွန်းနှင့် တရုတ်မင်းသမီးတို့သည်ခုနှစ်လအကြာ ချစ်ကြိုးသွယ်ခဲ့ကြပြီးနောက် ယခုအခါ လမ်းခွဲတော့မည်ဖြစ်ကြောင်း တရုတ်မီဒီယာတစ်ခုတွင်ဖော်ပြထားသည့် ဖော်ပြချက်တစ်ခုကို ယင်းသို့ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

"သူတို့ကွဲတော့မယ်ဆိုတဲ့ အဲဒီသတင်းဟာ မှားပါတယ်။ မင်းသမီး Liu Yi Fei ဟာလည်း မကြာခင်က ကိုရီးယားကိုလာလည်ပြီး ဆောင်းဆန်ဟွန်းနဲ့တွေ့ဆုံခဲ့ပါတယ်"ဟု အဆိုပါအေဂျင်စီက ထုတ်ပြန်သည်။

ဆောင်းဆန်ဟွန်းနှင့် မင်းသမီး Liu တို့သည် ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့သည့် တရုတ်-ကိုရီးယားပူးတွဲထုတ်လုပ်ထားသည့် The Third Way of Love ဇာတ်ကားတွင် အတူပါဝင်သရုပ်ဆောင်ခဲ့ကြကာ ရင်းနှီးမှုရရှိခဲ့ကြခြင်းလည်းဖြစ်သည်။ ထို့ပြင် ၎င်းတို့နှစ်ဦးအနေဖြင့် မကြာမီတွင် လက်ထပ်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သွားကြတော့မည်ဖြစ်ကြောင်းလည်း သိရသည်။

**အားကစား**

# မန်ယူ၌ ဇန်ဟားလ်ဆက်ရှိမည်ဆိုပါက ဒီဂီယာ မန်ယူမှ ထွက်ခွာမည်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်း၌ လက်ရှိနည်းပြ ဇန်ဟားလ်ဆက်ရှိနေမည်ဆိုပါက ဂိုးသမားဒီဂီယာအနေဖြင့် မန်ယူအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂိုးသမားဒီဂီယာသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကတည်းက မန်ယူအသင်းမှ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သူဖြစ်သည်။ သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည့် အစီအစဉ်ပျက်ခဲ့ရပြီးနောက် မန်ယူအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုခဲ့သည်။

ဂိုးသမားဒီဂီယာသည် မန်ယူအသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ဘောလုံးရာသီ သုံးရာသီဆက်တိုက် မန်ယူအသင်း၏ အကောင်းဆုံးကစားသမားအဖြစ် မန်ယူအသင်းပရိသတ်များ၏ အားပေးထောက်ခံမှုကိုလည်း ရရှိထားခဲ့သူဖြစ်သည်။

■

# ဇာကာအား ယူရို ၂၀၁၆ မတိုင်မီ စာချုပ်ချုပ်ဆိုခေါ်ယူရန် အာဆင်နယ်မျှော်လင့်



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် မိုချန်ဂလာဘတ်အသင်းမှ ဆွစ်ဇာလန်ကြယ်ပွင့် ဇာကာအား ပြင်သစ်မြေ၌ ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲမတိုင်မီ စာချုပ်ချုပ်ဆိုခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားထားပြီး လက်ရှိတွင် ဇာကာနှင့် အာဆင်နယ်အသင်းတို့သည် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်းလည်း သိရသည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ကွင်းလယ်ကစားသမား ဇာကာအား လွန်ခဲ့သည့်လများစွာကတည်းကပင် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး မန်စီးတီးအသင်းကလည်း ခေါ်ယူရန်ဆန္ဒရှိနေခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် မိုချန်ဂလာဘတ်ကွင်းလယ်ကစားသမား ဇာကာအား အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက အမ်မရိတ်အရောက်ခေါ်ယူနိုင်မည်လား သို့မဟုတ် မန်စီးတီးအသင်းနည်းပြဖြစ်လာမယ့် ဂွါဒီယိုလာကပဲ အီတီဟက်ဒ်အရောက်ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဇာကာအား ခေါ်ယူမည်ဆိုပါက အလွတ်ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ကုန်ကျလိမ့်မည်ဖြစ်ကြောင်းလည်းသိရသည်။ မန်စီးတီးအသင်း၏ နည်းပြသစ် ဂွါဒီယိုလာကမူ ကွင်းလယ်ကစားသမား ဇာကာအား ခေါ်ယူရန်ဆန္ဒရှိနေသည့်အပြင် အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယားကိုလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။



# လက်စတာစီးတီးနည်းပြ ကလော်ဒီယိုရာနီရီ တစ်နှစ်တာအကောင်းဆုံးနည်းပြဆု ဆွတ်ခူး

လက်စတာစီးတီးအသင်းနည်းပြ ကလော်ဒီယိုရာနီရီသည် လိဂ်ပြိုင်ပွဲမန်နေဂျာများအဖွဲ့ကပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အသက်(၆၄)နှစ်အရွယ်ရှိ အီတလီနိုင်ငံသား နည်းပြ ရာနီရီသည် လက်စတာစီးတီးအသင်းနှင့်အတူ ၎င်း၏ ပထမရာသီတွင် လက်စတာစီးတီးအသင်း၏ သမိုင်းတစ်လျှောက် မရရှိခဲ့ဖူးသည့် ပရီမီယာလိဂ်ဖလားကိုလည်း ရယူပေးနိုင်ခဲ့သူဖြစ်သည်။

ယင်းသို့ စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် နည်းပြရာနီရီသည် ပရီမီယာလိဂ်၏ ဂုဏ်ပြုဆုကိုလည်းလက်ခံရရှိခဲ့ပြီး ဘရိုက်တန်နည်းပြ ခရစ်ဟူတန်သည်လည်း ချန်ပီယံရှစ်၏ ဂုဏ်ပြုဆုကို လက်ခံရရှိခဲ့သူဖြစ်သည်။ ထို့အတူ ဝီဂန်နည်းပြ ဂယ်ရီကယ်လ်ဝဲလ်သည် လိဂ်ဝမ်းမှလည်းကောင်း၊ နော့တန်သမ်နည်းပြ ခရစ်ဝိုက်ဒါသည် လိဂ်တူးမှလည်းကောင်း ဆုများအသီးသီးရရှိခဲ့သည်။

လက်စတာစီးတီးအသင်းနည်းပြ ရာနီရီသည် လက်စတာစီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်တစ်လတာအကောင်းဆုံးဆု သုံးကြိမ်အထိ ရရှိခဲ့ပြီး ပြီးခဲ့သည့်လက အီတလီတစ်နှစ်တာအကောင်းဆုံးနည်းပြဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ငွေ ကြယ် - စု စည်း ရေး သား သည်

# ဂျူဗင်တပ်သာဗိုလ်စွဲမယ့် ကိုပါအီတာလီယာဖလား

**ကိုပါအီတာလီယာဖလားဗိုလ်လုပွဲရင်ခုန်သံ**

**အေစီမီလန် - ဂျူဗင်တပ် နံနက် ၁း၁၅ (၂၂-၅-၁၆) အိုလံပီကိုကွင်း**

၂၀၁၅-၂၀၁၆ ခုနှစ် ဘောလုံးရာသီရဲ့ ကိုပါအီတာလီယာဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို လာမယ့် မေ ၂၂ ရက်မှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ အဲဒီပွဲကို ရိုးမားအသင်းရဲ့ အိမ်ကွင်းဖြစ်တဲ့ စတာဒီယိုအိုလံပီကိုကွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီဗိုလ်လုပွဲမှာတော့ အေစီမီလန်နဲ့ ဂျူဗင်တပ်တို့ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။

ဂျူဗင်တပ်ဟာ ကိုပါအီတာလီယာဖလားဗိုလ်လုပွဲကို (၁၆)ကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဒီပြိုင်ပွဲမှာ (၁၀)ကြိမ် ဗိုလ်စွဲထားပြီး ကိုပါအီတာလီယာဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအဖြစ်ရပ်တည်နေတဲ့ အသင်းဖြစ်ပါတယ်။ အေစီမီလန်ကတော့ ကိုပါအီတလီယာဖလား ဗိုလ်လုပွဲကို (၁၃)ကြိမ်မြောက် တက်ရောက်နိုင်ခြင်းဖြစ်ပြီး ချန်ပီယံဆုဖလားကို (၅)ကြိမ် ရရှိထားတယ်။ အေစီမီလန်က ကိုပါအီတာလီယာဖလားချန်ပီယံဆုကို ၂၀၀၃ ခုနှစ်မှာ နောက်ဆုံးရရှိထားတာဖြစ်ပြီး ဂျူဗင်တပ်ကတော့ လက်ရှိချန်ပီယံဖြစ်တာကြောင့် လာမယ့်ဗိုလ်လုပွဲမှာ ဂျူဗင်တပ်ကပဲ ချန်ပီယံဖလားကို ကာကွယ်နိုင်မှာလား၊ ဒါမှမဟုတ် အေစီမီလန်ကပဲ တစ်ကျော့ပြန်ရယူနိုင်မှာလားဆိုတာက စိတ်ဝင်စားဖို့ ကောင်းနေတယ်။

တကယ်တော့ ဂျူဗင်တပ်ဟာ အေစီမီလန်ထက် ပိုမိုခက်ခဲတဲ့ ပြိုင်ဘက်တွေကိုဖြတ်ကျော်ပြီး ဒီဗိုလ်လုပွဲကို တက်ရောက်လာနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်ဟာ အခုနှစ် ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ ၁၆ သင်း ရှုံးထွက်အဆင့်က စတင်ကစားခဲ့ရတာဖြစ်ပြီး အဆိုပါအဆင့်မှာ စီးရီးအေပြိုင်ဘက် တိုရီနိုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ကွာတားဖိုင်နယ်မှာလည်း လာဇီယိုနဲ့ရင်ဆိုင်ခဲ့ရပေမယ့် ဂျူဗင်တပ်ဟာ အဲဒီပွဲနှစ်ပွဲစလုံးမှာ ပေးဂိုးမရှိဘဲ နိုင်ပွဲရယူနိုင်ခဲ့သလို ဆီမီးအဆင့်မှာလည်း ဂျူဗင်တပ်ဟာ စီးရီးအေထိပ်တန်းအသင်း တစ်သင်းဖြစ်တဲ့ အင်တာမီလန်နဲ့ရင်ဆိုင်ခဲ့ရကာ အင်တာကို အိမ်ကွင်းပထမအကျော့ပွဲမှာ ၃-၀ နဲ့ အနိုင်ရခဲ့ပြီး ဆန်စီရိုကွင်းမှာ ကစားခဲ့တဲ့ ဒုတိယအကျော့ပွဲမှာတော့ ၃-၀ နဲ့ ပြန်လည်အရေးနိမ့်ခဲ့ရပေမယ့် ပင်နယ်တီအဆုံးအဖြတ်မှာ ၅-၃ နဲ့ အနိုင်ရရှိခဲ့တာကြောင့် ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်တယ်။

အဆိုပါ အင်တာနဲ့ကစားခဲ့တဲ့ ဒုတိယအကျော့ပွဲမှာ ဂျူဗင်တပ်ဟာ တိုက်စစ်မှူး ဇာဇာ၊ ကွင်းလယ်ကစားသမား ကာဝိဒိုအဆာမိုနဲ့ စတီဖာနိုစတူရာရို၊ ဗဟိုခံစစ်မှူး ရူဂါနီတို့လို ဒုတိယဦးစားပေးကစားသမားတွေကို ပွဲထွက်စာရင်းမှာ ထည့်သွင်းအသုံးပြုခဲ့တာကြောင့် အင်တာရဲ့ ကစားအားကို မယှဉ်နိုင်ဘဲ ရှုံးပွဲကြုံခဲ့ရတာလည်းဖြစ်တယ်။

ဒီဗိုလ်လုပွဲမှာလည်း အဓိကခံစစ်မှူး ဘိုနူချီဟာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်ဘူး။ ဒါပေမယ့် ဝါရင့်ခံစစ်မှူးတစ်ဦးဖြစ်တဲ့ ဘာဇာဂလီကို ထည့်သွင်းအသုံးပြုခဲ့ရင် ခံစစ်ပိုင်းအားပျော့မှု နည်းပါးသွားမှာသေချာတယ်။

ဒါ့အပြင် ကွင်းလယ်မှာလည်း ပေါ့ဂ်ဘာ၊ ကူရာဒါဒို၊ ခီဒီရာတို့လို ကစားသမားတွေရှိနေကာ တိုက်စစ်ပိုင်းမှာလည်း မိုရာတာ၊ မန်ဇူကစ်၊ ဇာဇာတို့ ရှိနေပြန်တာကြောင့် ဂျူဗင်တပ်ရဲ့စုဖွဲ့မှုဟာ တောင့်တင်းမှုအပြည့်ရှိလာနိုင်ပါတယ်။ ဒါ့အပြင် ဂျူဗင်တပ်ဟာ လက်ရှိခြေစွမ်းပိုင်း တည်ငြိမ်မှုရှိသလို ကစားသမားတွေရဲ့ တစ်ဦးချင်းခြေစွမ်းကလည်း ကောင်းမွန်နေတာကြောင့် ဗိုလ်စွဲနိုင်ဖို့ ပိုမိုအလားအလာကောင်းနေပါတယ်။

အေစီမီလန်အတွက်ကလည်း အခုနှစ် ကိုပါအီတာလီယာဖလားဗိုလ်လုပွဲဟာ အရေးပါတဲ့ပွဲတစ်ပွဲဖြစ်နေပါတယ်။ အထူးသဖြင့် အခုနှစ်စီးရီးအေမှာ အဆင့် ၇ နေရာမှာသာ ရပ်တည်နေတဲ့ အေစီမီလန်အနေနဲ့ ကိုပါအီတာလီယာဖလား ချန်ပီယံဖြစ်ခဲ့ရင် လာမယ့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီရဲ့ ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ကို ဝင်ရောက်ခွင့်ရမှာဖြစ်သလို ၂၀၁၀-၂၀၁၁ ခုနှစ် စီးရီးအေချန်ပီယံဖြစ်ခဲ့ပြီးနောက်ပိုင်း ဆုဖလားရယူနိုင်ခြင်းမရှိတဲ့ ဖြစ်စဉ်ဆိုးကိုလည်း အဆုံးသတ်နိုင်မှာကြောင့် ဖြစ်တယ်။

ဒါပေမယ့် ကိုပါအီတာလီယာဖလားဗိုလ်လုပွဲမှာ အေစီမီလန်ဗိုလ်စွဲနိုင်ဖို့ဆိုတာက ခက်ခဲလွန်းတယ်လို့ဆိုရမယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာ နည်းပြ မီဟိုင်းလိုဗစ်ကို ရာထူးက ထုတ်ပယ်ပြီး အီတလီနဲ့ အေစီမီလန်အသင်း ကွင်းလယ်ခံစစ်ကစားသမားဟောင်း ခရစ္စတီ ဘီရော့ချီကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပေမယ့် အေစီမီလန်ဟာ အကောင်းဆုံးခြေစွမ်းကို မရခဲ့ဘူး။ ဘီရော့ချီရဲ့ လက်အောက်မှာ အေစီမီလန်ဟာ ငါးပွဲကစားခဲ့ပြီးချိန်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲ သရေ၊ တစ်ပွဲရှုံးရလဒ်ရရှိခဲ့တာမို့ ရလဒ်ပိုင်းအရ မဆိုးဘူးလို့ပြောရပေမယ့် တိုက်စစ်နဲ့ ခံစစ်ကတော့ တည်ငြိမ်မှုအားနည်းနေတာကြောင့် ဂျူဗင်တပ်ရဲ့ တိုက်စစ်နဲ့ ခံစစ်ကိုယှဉ်နိုင်ဖို့ အခက်အခဲရှိနိုင်တယ်။

အေစီမီလန်ဟာ ဒီကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ တတိယအဆင့်က စတင်ကစားခဲ့ရပြီး ရင်ဆိုင်ခဲ့ရတဲ့ ပြိုင်ဘက်အသင်း ငါးသင်းအနက် ဆမ်ဒိုးရီးယားနဲ့ ကာပီတို့ကလွဲရင် ကျန်အသင်းတွေဟာ အသင်းငယ်တွေသာဖြစ်တယ်။ စတုတ္ထအဆင့်မှာ ရင်ဆိုင်ခဲ့ရတဲ့ ခရိုတိုနီကတောင် အချိန်ပိုကျမှ အနိုင်ရခဲ့ခြင်း၊ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲမှာလည်း အလက်ဇန်းဒရီးယားကိုတောင် ၁-၀ နဲ့သာ အနိုင်ရခဲ့တာတွေဟာ အေစီမီလန်ရဲ့ ခြေစွမ်းပိုင်းက အထက်မြက်ဆုံးပုံစံမှာ မရှိသေးဘူးဆိုတာ မြင်သာတယ်။

အေစီမီလန်ဟာ ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ အဓိကကစားသမားအများစုကို ထည့်သွင်းအသုံးပြုနေပေမယ့် ဂျူဗင်တပ်ရဲ့ ခြေစွမ်းတည်ငြိမ်မှုကို ယှဉ်နိုင်ဖို့ ခက်တာကြောင့် ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲမှာ အေစီမီလန် အောင်ပွဲခံနိုင်ဖို့ ခက်ခက်ခဲခဲ ရုန်းကန်ရဖို့ရှိနေတယ်။

အေစီမီလန်နဲ့ ဂျူဗင်တပ်တို့ဟာ ကိုပါအီတာလီယာဖလားပြိုင်ပွဲ ဗိုလ်လုပွဲမှာသုံးကြိမ်ဆုံတွေ့ခဲ့ဖူးပြီး ဂျူဗင်တပ်က နှစ်ကြိမ်၊ အေစီမီလန်က တစ်ကြိမ် အနိုင်ရခဲ့ဖူးတယ်။ အခုနှစ် စီးရီးအေပြိုင်ပွဲမှာအေစီမီလန်ဟာ ဂျူဗင်တပ်ကို အိမ်ကွင်းမှာရောအဝေးကွင်းမှာပါ ရှုံးပွဲကြုံခဲ့ရမှုကိုလည်း သတိပြုရမယ်။ အေစီမီလန်အနေနဲ့ ဆုဖလားလက်မဲ့ကာလကို အဆုံးသတ်ဖို့နဲ့ ဥရောပပြိုင်ပွဲဝင်ခွင့်ရရေး မျှော်လင့်ချက်တွေအတွက် ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲမှာ အကောင်းဆုံး အားစိုက်လာမှာဖြစ်ပေမယ့် ဂျူဗင်တပ်ကလည်း တည်ငြိမ်တဲ့ ခြေစွမ်းပုံစံနဲ့ အေစီမီလန်ကို ရင်ဆိုင်ကစားနိုင်မှာ အသေအချာပဲ။

ဒါကြောင့်လည်း အခုနှစ်ရာသီမှာ ကစားသမားတစ်ဦးချင်းအနေနဲ့ရော အသင်းလိုက်စွမ်းဆောင်နိုင်မှုအပိုင်းမှာပါ ပိုမိုအားသာချက်ရှိတဲ့ ဂျူဗင်တပ်ကသာ ကိုပါအီတာလီယာဖလားပြိုင်ပွဲရဲ့ ချန်ပီယံဖြစ်လာလိမ့်မယ်လို့ သုံးသပ်တင်ပြလိုက်ရပါတယ်။

½brifrif



# ကျေးလက်ဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် သထုံခရိုင်၌ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ငွေကျပ် ၁၄၉ သန်းနီးပါးအသုံးပြုမည်

**သထုံ မေ ၁၇**

သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူ့အတွက် ရက် ၁၀၀ အကျိုးပြုလုပ်ငန်းစီမံချက်ဖြင့် သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် လုပ်ငန်းများကို ငွေကျပ် ၁၄၉ သန်းနီးပါးခန့် အသုံးပြုကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များစွာရှိနေသော်လည်း ဦးစားပေးလုပ်ငန်းများအဖြစ်ရေတွင်းရေကန်တူးဖော်ရေးနှင့် တံတားဆောက်လုပ်ရေး လုပ်ငန်းများကိုသာ ရက်ပေါင်း ၁၀၀ အတွင်း အပြီးသတ် ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးဝင်းက ပြောသည်။

"ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်နေတဲ့ ရေ၊ မီး၊ လမ်း၊ တံတား စတဲ့လုပ်ငန်းတွေထဲက ရက်ပေါင်း ၁၀၀ အတွင်းမှာ ရေတွင်းရေကန်တူးဖော်ရေးနဲ့ တံတားပြုပြင်ရေး လုပ်ငန်းတွေကို ရတဲ့ဘတ်ဂျက်နဲ့ အပြီးဆောင်ရွက်ပေး သွားမယ်။ ဒီနှစ်မှာ ရေရှားပါးတဲ့အတွက် လာမယ့်နှစ်တွေမှာ ရေအခက်အခဲနည်းပါးအောင် ရေတွင်းရေကန် တူးပေးတာဖြစ်ပြီးတော့ တံတားတွေဆိုတာကလဲ သွားလာရေးအတွက် မရှိမဖြစ်လိုအပ်လို့ပါ" ဟု ၎င်းက ဆက်လက် ပြောသည်။

သထုံခရိုင်အတွင်းဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၈ ဒသမ ၉၁၅ သန်းဖြင့်ကျိုက်ထိုမြို့နယ်တွင် ပေ ၃၀ တံတား နှစ်စင်း၊ ဘီးလင်းမြို့နယ်တွင် ပေ ၅၀ တံတား တစ်စင်းနှင့် မြေသားရေကန်နှစ်ကန်၊ လက်တူးတွင်းရေတွင်း ငါးတွင်း၊ သထုံမြို့နယ်တွင် ပေ ၂၀ တံတားတစ်စင်းနှင့် ၄၅ ပေ တံတားတစ်စင်း၊ ပေါင်မြို့နယ်တွင်မြေသားရေကန် တစ်ကန်၊ ၁၅ ပေ တံတား နှစ်စင်းနှင့် ၁၆ ပေ တံတား တစ်စင်းတို့အား ရက် ၁၀၀ အတွင်း အပြီးသတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

# ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက် ဆောင်ရွက်မှု တွေ့ဆုံဆွေးနွေး

**ပခုက္ကူ မေ ၁၇**

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ဆောင်ရွက်မှု တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၅ ရက် နံနက် ၉နာရီခွဲက ပခုက္ကူမြို့နယ် ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က ရက် ၁၀၀ စီမံချက်နှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ရက် ၁၀၀ စီမံချက်အတွင်း ရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ရေး လိုအပ်မှုနှင့် ရဲတပ်ဖွဲ့၏ အားသာချက်၊ အားနည်းချက်များကို ပွင့်လင်းစွာဝေဖန်ထောက်ပြဆွေးနွေးပေးကြရန် ပြောကြားရာ အခမ်းအနားသို့တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်းနှင့် ဒေါ်ဇင်နီနီဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ခရိုင်ပြန်/ဆက်**



# ဆိုင်ကယ်စီးသူများ သတိပြုလိုက်နာရမည့် အသိပညာပေးဆိုင်းဘုတ်ထူ

**ဆိပ်ဖြူ မေ ၁၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်ဖြင့် ဆိုင်ကယ်စီးနင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး သတိပြုလိုက်နာရမည့် အချက်ကိုးချက်ပါရှိသည့် အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းကို မေ ၁၆ ရက် နံနက် ၉နာရီခွဲက အနော်ရထာတံတားထိပ် ဆိပ်ဖြူမြို့အဝင်နေရာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆိုင်းဘုတ် စိုက်ထူရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးညဏ်မျိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်အောင်ထွန်း၊ တပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ တပ်ကြပ်ကြီးဌေးတင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပြီး အဆိုပါ အသိပညာပေးဆိုင်းဘုတ်များကို လူစည်ကားသည့် အနော်ရထာတံတားထိပ်မြို့အဝင်နှင့် မြို့နယ်စည်ပင်သာရေးအဖွဲ့ပိုင်ပတ္တမြားဈေးနေရာများတွင် စိုက်ထူပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်** (IPRD)

# ကျေးရွာပေါင်းစုံ ဘော်လီဘော၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ကော့သောင်း မေ ၁၇**

ပြည်သူ့အတွက် ပထမရက် ၁၀၀ စီမံချက်အဖြစ် ကော့သောင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဌဖလား ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ ဘော်လီဘော၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား မေ ၁၅ ရက် မွန်းလွဲပိုင်းက ခရိုင်အားကစားခန်းမ၌ ကျင်းပခဲ့ရာ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာပေါင်းစုံမှ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဘော်လီဘောပြိုင်ပွဲတွင် ၁၆ သင်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှစ်သင်း၊ အုပ်စုပတ်လည်ပွဲစဉ်များ အဖြစ်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖွင့်ပွဲနေ့ အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမပွဲအဖြစ် ဘန်းကခွန်ကျေးရွာအသင်းနှင့် အေးရိပ်ငြိမ်ရပ်ကွက်အသင်း၊ ဒုတိယပွဲအဖြစ် ရွှေပြည်စိုးကျေးရွာအသင်းနှင့် သီရိမြိုင်ရပ်ကွက်အသင်းတို့ စတင်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲများအား မေ ၂၁ ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။

**ကျော်စိုး(ပြန်/ဆက်)**



# ရက် ၁၀၀ အတွင်း ယာဉ်မောင်းလိုင်စင်၊ ယာဉ်သက်တမ်းတိုးခြင်း ဆောင်ရွက်

**ကျောက်ကြီး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးတင်အောင်ဦး ဦးဆောင်သောအဖွဲ့သည် မေ ၁၄ ရက်နှင့် မေ ၁၅ ရက် နှစ်ရက်တိုင် ယာဉ်မောင်းလိုင်စင်၊ ယာဉ်မှတ်ပုံတင်လုပ်ငန်းများကို ကျောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမဆောင်၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

၎င်းအဖွဲ့သည် သင်မောင်းလိုင်စင် အပါအဝင် ဆိုင်ကယ်သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

"ရက် ၁၀၀ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်တစ်ခုပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလဲပါတယ်။ ဆိုင်ကယ်နဲ့ပတ်သက်တဲ့ လူလိုင်စင်၊ ဆိုင်ကယ်သက်တမ်းတိုးတာတွေ လုပ်ပေးပါတယ်" ဟု ခရိုင်ဦးစီးမှူး ဦးတင်အောင်ဦးက ပြောသည်။

ယင်းအဖွဲ့ဆောင်ရွက်ပေးရာတွင် 'က-၁' ယာဉ်မောင်းလိုင်စင် ၅၉ စောင်၊ 'က' လိုင်စင် ၁၈၈၅ စောင်၊ 'သင်'လိုင်စင်သစ် သုံးစောင်နှင့် နှစ်လဲလိုင်စင်များတွင် 'သ' သက်တမ်းတိုး ရှစ်စောင်၊ 'က'လိုင်စင်သက်တမ်းတိုး ၁၀ စောင် အပါအဝင် ဆိုင်ကယ်သက်တမ်းတိုးခြင်းတွင် ၄၄၆ စီး၊ နယ်ဝင် လေးစီး ဆောင်ရွက်ပေးခဲ့ကြောင်း စာရင်းများအရ သိရသည်။

"ဝမ်းသာတယ်လို့ပဲပြောရပါမယ်။ စည်းကမ်းတကျနဲ့ ဆိုင်ကယ်မောင်းတဲ့အခါ သိသင့်၊ သိထိုက်တာတွေသိထားတော့ အန္တရာယ်မဖြစ်နိုင်ပါဘူး" ဟု ဆိုင်ကယ်မောင်းလိုင်စင် လာရောက်လုပ်ကိုင်သူ ကိုသဲကိုက ပြောသည်။

**ကိုကျောက်ကြီး**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၅)တွင် ဖော်ပြထားသော ပုံများတွင် ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ မြွေဆိပ်ဖြေဆေးစက်ရုံမှ မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်နေစဉ်နှင့် ထုပ်ပိုးနေစဉ်ပုံစာများအစား အသည်းရောင်အသားဝါ ကာကွယ်ရေးစက်ရုံ(ရွာသာကြီး)မှ အသည်းရောင်ဘီကာကွယ်ဆေးများ ထုတ်လုပ်နေစဉ်၊ ထုပ်ပိုးနေစဉ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် စာဖတ်ပရိသတ်အား တောင်းပန်အပ်ပါသည်။

**(စာတည်း)**

ကြေးမုံ
မေ ၁၈၊ ၂၀၁၆ (ဗုဒ္ဓဟူးနေ့)



# အမြန်လမ်းမကြီး အရေးပေါ်ကုသမှုပေးနိုင်ရေးနှင့် သစ်လွင်ဆရာဝန်များ ရွေးချယ်ခန့်ထားရေး ဦးစားပေးဆောင်ရွက်မယ့် ကျန်းမာရေးဝန်ကြီးဌာန

**၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သောအစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။**

**အမေး၊ အရေး - မော်စီ**

**အစိုးရသစ်အနေဖြင့် ရက် ၁၀၀ အတွင်း ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာသိပ်သည်းကျစ်လျစ်ရန်နှင့် အဆင့်အတန်းပိုမိုမြင့်တင်နိုင်ရန်၊ ရောဂါပျံ့နှံ့ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရန်၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်နှင့် လက်တွေ့ကျသည့် ပြည်သူ့ကျန်းမာရေးစီမံကိန်းကိုရေးဆွဲနိုင်ရန်တို့ အကောင်အထည်ဖော်ဆောင်ရွက်မည့်အပေါ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများအား မေးမြန်းထားခြင်းဖြစ်ပါသည်။**



ကျန်းမာရေးစောင့်ရှောက်မှု ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးနေမှုကို တွေ့ရစဉ်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**
**ကျန်းမာရေးဝန်ကြီးဌာန**

**မေး။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ရက်ပေါင်း ၁၀၀ အတွင်း ဘယ်လိုရည်ရွယ်ချက်၊ ရည်မှန်းချက်တွေထားပြီး ဘယ်လိုစီမံချက်တွေကို ရေးဆွဲအကောင်အထည်ဖော်သွားမလဲဆိုတာကို သိပါရစေ။**

**ဖြေ။** လက်တွေ့မှာ လူတွေခံစားနေရတဲ့ ကျန်းမာရေးအခြေအနေတွေကို ထင်ဟပ်ဖို့ အခြေခံကိုထားမယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် ကုသရေးဦးစီးမှူးတွေရဲ့အသံကို နားထောင်မယ်။ တစ်ပြည်လုံးမှာရှိတဲ့ ဆေးရုံအုပ်ကြီးတွေရဲ့ အကြံပြုချက်တွေကို နားထောင်မယ်။ ဒ့ါအပြင် သုတေသနရဲ့ တွေ့ရှိချက်တွေကို သေသေချာချာ အလေးအနက်ထားပြီး စဉ်းစားမယ်။

တစ်ချိန်တည်းမှာပဲ ရက် ၁၀၀ အတွင်းမှာ လုပ်မယ်ဆိုရင် ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာ သိပ်သည်းကျစ်လျစ်ရေးကို လုပ်ဆောင်သွားပါမယ်။ ဒ့ါအပြင် ကျန်းမာရေးဝန်ကြီးဌာနမှာဆိုရင် ဆုံးဖြတ်မှုအဆင့်ဆင့်တွေက အလွန်များပါတယ်။ ဒါတွေကို တတ်နိုင်သမျှလျှော့ချပြီးတော့ မြန်ဆန်တဲ့ ဆုံးဖြတ်ချက်တွေလည်းလုပ်မယ်။ ဒီလိုလုပ်တဲ့အခါမှာလည်း ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း လုပ်လို့မရပါဘူး။ INGO တွေ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတွေ၊ လူထုအခြေပြုအဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းရှိတယ်။ သူ့အောက်မှာ လူမှုအဖွဲ့အစည်းတွေ အများကြီးရှိတယ်။ ဒီအဖွဲ့တွေနဲ့ပေါင်းပြီး လုပ်မှရပါမယ်။ အဲဒီလိုပေါင်းပြီးလုပ်ဖို့ စဉ်းစားထားပါတယ်။

**မေး။ ဘယ်လိုကဏ္ဍတွေကို ပထမဆုံးအနေနဲ့ ပြုပြင်ပြောင်းလဲသွားဖို့ ရည်ရွယ်ထားပါသလဲ။**

**ဖြေ။** ကျွန်တော်တို့က ရက်ပေါင်း ၁၀၀ လုပ်တဲ့အခါမှာ ရေရှည်ကိုကြည့်ပြီးလုပ်ရမယ်။ Shot term လေးသွားလုပ်ရင် ဒါပြီးရင်ပြီးသွားမယ်။ ဘာမှဖြစ်မလာဘူး။ အဲဒီတော့ ရေရှည်ကို ကြည့်လုပ်ရမယ်ဆိုရင် ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို အခုထက်အရှိန်အဟုန်တိုးပြီးလုပ်ရမယ်။ နောက် ကျန်းမာရေးပညာပေးလုပ်ငန်းတွေကိုလည်း အရှိန်အဟုန်တိုးပြီးတော့ FM Radio Station ဒါမျိုးကနေ ကျေးလက်အထိ အကုန်လုံးရောက်အောင် လုပ်ပေးရမယ်။

တစ်ခုအရေးကြီးတာက ရေရှည်အနေနဲ့ စဉ်းစားကြည့်ရင် ဆရာဝန်တွေရဲ့ ကျင့်ဝတ်က အလွန်အရေးကြီးပါတယ်။ အဲဒီတော့ ဆရာဝန်ကျင့်ဝတ်တွေကို ဆေးကျောင်းမှာစပြီးတော့ တောက်လျှောက် (၆)နှစ်ဆက်တိုက် သင်ဖို့လုပ်တယ်။ သင်မယ်။ ဆွေးနွေးမယ်။ အဲဒီလိုပဲ ပြည်သူ့ကျန်းမာရေးဆရာဝန်က ပြည်သူ့ကျန်းမာရေးကျင့်ဝတ်ရှိတယ်။ ဒါတွေကို ပိုပြီးတော့ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်မယ်လို့ ရည်ရွယ်ထားတယ်။

ပြည်သူ့အသံနားထောင်ဖို့နဲ့ နားထောင်လို့ရအောင် ညီလာခံတွေ၊ ဆွေးနွေးပွဲတွေ အကုန်လုံး လုပ်ပေးရမယ်။ အဲဒီတော့ ဘာလုပ်မယ် စဉ်းစားခဲ့သလဲဆိုတော့ အခြားနိုင်ငံတွေမှာလုပ်သလို (People's health Assembly) လို့ခေါ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပြည်သူတွေ တကယ့်ကိုတွေ့မယ်။ တွေ့ပြီးတော့ ဆွေးနွေးမယ်။

ကျန်းမာရေးဝန်ကြီးဌာနအောက်မှာ အားကစားနှင့် ကာယပညာဦးစီးဌာနလည်းပါတဲ့အတွက် သူတို့ရဲ့အကူအညီအားကိုယူပြီးတော့ ကျောင်းတွေမှာ ကျောင်းသားတွေကို အားကစားစိတ်ဓာတ်ရှိဖို့၊ အားကစားလုပ်ဖို့ အကုန်လုပ်ပေးမယ်။ ဥပမာ အနည်းဆုံး စားပွဲတင်တင်းနစ်ကွင်းတို့၊ ဘတ်စကက်ဘောကွင်းတို့၊ ကြက်တောင်ကွင်းတို့၊ ဘောလုံးကွင်းကတော့ အခြေအနေအရ နေရာမရှိတဲ့အတွက် လုပ်လို့မရပါဘူး။ အလားတူပါပဲ အားကစားနဲ့ ကာယပညာဝန်ကြီးဌာနရဲ့ အကူအညီယူပြီးတော့ ပြည်သူထဲမှာ အားကစားတွေ ပိုပြီးလုပ်လာအောင်လုပ်ပေးမယ်။

**မေး။ ပြည်သူတွေမျှော်လင့်နေကြတဲ့ ရက် ၁၀၀ စီမံကိန်းတွေပြီးမြောက်မှုမရှိရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဖြည့်တင်းဆောင်ရွက်သွားမယ်ဆိုတာလည်း သိပါရစေ။**

**ဖြေ။** ကျန်းမာရေးဝန်ထမ်းအနေနဲ့ကတော့ ဒါတွေကို ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အားလုံးနဲ့ပေါင်းပြီးတော့ လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ သို့သော်လည်း ဘာအလုပ်ပဲလုပ်လုပ် မမျှော်လင့်တဲ့အကြောင်းအချက်တွေ၊ ဆိုလိုတာက ဝန်ကြီးဌာနက လုပ်ဆောင်လို့မရတဲ့ အကြောင်းအချက်တွေ အများကြီးရှိပါတယ်။ အဲ့ဒါတွေဖြစ်လာရင်တော့ မရနိုင်ဘူး။ သို့သော်လည်း မရနိုင်သမျှ အဲဒီလိုဖြစ်တဲ့ အကြောင်းတွေကို ပြန်လည်ဆန်းစစ်ပြီး ဘယ်လိုပြန်ရအောင်လုပ်မလဲဆိုတာကို ကျွန်တော်တို့ကလုပ်မယ်။ လက်တွေ့မှာဆိုလို့ရှိရင်တော့ ဘယ်အရာမဆို ရာခိုင်နှုန်းအပြည့်ဖြစ်နိုင်တယ်ဆိုတာ လုံးဝမရှိပါဘူး။ အဲဒီသဘောရှိပါတယ်။

**မေး။ ပြည်သူတွေ ဘက်ကရော ဘယ်လိုပူးပေါင်းဆောင်ရွက်သင့်သလဲဆိုတာကိုလည်း အကြံပြုပြောကြားပေးပါဦး။**

**ဖြေ။** ပြည်သူတွေဘက်ကတော့ ခုနပြောတဲ့ ညီလာခံတွေ၊ ဆွေးနွေးပွဲတွေမှာ ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်းကို ပြောရမယ်။ မပြောဘဲနဲ့ ဆရာကို ကြောက်လို့မပြောတာ။ မြို့နယ်ဆရာကို ကြောက်လို့မပြောတာ လုပ်လို့မရဘူး။ ပြောအောင်လည်း ဆရာတို့ဘက်က တာဝန်ယူပြီး သူတို့ကို ပြောအောင်လမ်းခင်းပေးရမယ်။ တစ်ယောက်နဲ့တစ်ယောက်က အားမနာဘူးပြောမယ်၊ အမှန်အတိုင်း ပြောမယ်။ အဲ့ဒါအရေးကြီးပါတယ်။

**မေး။ ဒီပြုပြင်ပြောင်းလဲမှုတွေနဲ့ ပတ်သက်လို့ ဖြည့်စွက်ပြောကြားစရာရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ဖြည့်စွက်ပြီးပြောချင်တာကတော့ ကျွန်တော်တို့ဆီက လူတွေက ပြောင်းမယ်ဆိုတဲ့ ကိစ္စကိုကြောက်ကြတယ်။ အကြောင်းကြောင်းကြောင့် မပြောင်းချင်ကြဘူး။ အဲ့ဒါကြောင့် ကျွန်တော်တို့ဟာ လုံလောက်တဲ့ အကြောင်းရှိရင် ပြောင်းသင့်ရင်ပြောင်းရမယ်။ ကျွန်တော်တို့ရဲ့ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေကိုလည်း ပြောင်းသင့်ရင် လုံးဝကိုပြောင်းရမယ်။ ပြောင်းဖို့ကို လုံးဝတွန့်ဆုတ်လို့မရပါဘူး။ ဒီလိုပြောင်းတဲ့အခါမှာလည်း စဉ်းစားရမယ်။ ဒီလိုစဉ်းစားတဲ့ အခါမှာ အုံလေး၊ အိမ်လေးထဲမှာမဟုတ်ဘူး။ ခေါင်းထွက်ပြူကြည့် တီထွင်ဆန်းသစ်တဲ့ တွေးခေါ်မှု (Out of the box thinking) ဒါမျိုးကိုစဉ်းစားရမယ်။ တစ်ချိန်လုံးကို စဉ်းစားနေရမယ်။ ဆန်းစစ်နေရမယ်။

ဒီလိုလုပ်ဖို့အတွက်ကိုလည်း (Virtual internal review technical assessment) ဆိုပြီးတော့ ကိုယ့်လုပ်ငန်းကို ကိုယ်လုပ်တာ ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာကို စစ်ဖို့အတွက် ညွှန်ကြားရေးမှူးတွေ အကုန်လုံးပါတဲ့အဖွဲ့ကို ဖွဲ့ဖို့လည်းရှိတယ်။ မကြာခင်ဖွဲ့လည်းဖွဲ့မယ်။ အဲ့ဒီတော့ သူတို့ကကြည့်မယ်။ ဘာကြည့်မလဲဆိုရင် မြန်မာပြည်မှာ လုပ်နေတဲ့ စီမံချက်တွေ၊ စီမံကိန်းတွေရှိတယ်။ ဒါတွေကို သူတို့ကသွားကြည့်မယ်။ ဘာတွေလိုသလဲ။ ဘာကပြင်ရမလဲ။ ဘာကလျှော့ရမလဲ။ ဒါတွေကို လုပ်မယ်။

ဆိုလိုတာက ဒီအဖွဲ့သည် ကျွန်တော်တို့ရဲ့ မျက်စိ၊ နား၊ လက်တွေဖြစ်တယ်။ သူတို့ အဲ့ဒီလိုသွားလုပ်မယ်။ တစ်ချိန်တည်းမှာပဲ ဒီအဖွဲ့ရဲ့ ရတဲ့ရလဒ်တွေကို ယူပြီးတော့ ကျွန်တော်တို့ရဲ့ စွဲနေတဲ့ ပြည်သူ့ကျန်းမာရေးစီမံကိန်း ၂၀၁၁ ကနေ ၂၀၂၁ အထိ အဲဒီမှာသေသေချာချာ လက်တွေ့ကျပြီး အမှန်အကန်ဖြစ်တယ်။ မလုပ်နိုင်တာကို လုပ်ရင်အလကားပဲ။ ကျွန်တော်တို့ ဆွဲတဲ့စီမံကိန်းမှာတော့ ဒီအတိုင်း သီအိုရီအရ လုပ်ရင်တော့ ကမ္ဘာမှာ နံပါတ်တစ်လောက်ကောင်းတဲ့ Plan ကြီးဖြစ်မယ်။ သို့သော်လည်း လက်တွေ့မှာ လုံးဝမလုပ်နိုင်ဘူး။ ဘာလို့မလုပ်နိုင်လဲ၊ လက်တွေ့မြေပြင်မှာ ဘာဖြစ်နေသလဲဆိုတာ ကျွန်တော်တို့မသိရင် ကျွန်တော်တို့လုပ်တာ ဒီဘက်သွားတယ်။ တကယ်ဖြစ်နေတာက ဟိုဘက်ဆိုရင် ကျွန်တော်တို့က ငွေကုန်အကျိုးမရှိတဲ့အပြင် လူတွေကလည်းပိုပြီးတော့ ခုထက် ကျန်းမာရေးအခြေအနေ တိုးတက်လာမှာမဟုတ်ဘူး။ အဲဒီတော့ ကျွန်တော်တို့က အမြဲတမ်းကြည့်နေမယ်။ ဆိုလိုတာက ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းဆန်းစစ်နေမယ်။ မှားရင်ပြင်မယ်။ ဒါကိုလက်ခံရမယ်။

**ဒေါက်တာသက်ခိုင်ဝင်း**
**အမြဲတမ်းအတွင်းဝန်**
**ကျန်းမာရေးဝန်ကြီးဌာန**

**မေး။ ပြည်သူလူထုအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံနိုင်စေဖို့နဲ့ ကုသမှုအရည်အသွေးပိုမိုမြင့်မားလာစေဖို့ ရက် ၁၀၀ အတွင်း ဘယ်လိုစီမံချက်တွေချမှတ် အကောင်အထည်ဖော်သွားမယ်ဆိုတာကို သိပါရစေ။**

**ဖြေ။** ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေ (၂၁)ခုအတွက် လိုအပ်တဲ့ နည်းဥပဒေတွေ ဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပြီး ရေးဆွဲထားပြီးဖြစ်တဲ့ ဥပဒေမူကြမ်း (၃)ခုကိုလည်း အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သွားမှာပါ။ ရက် ၁၀၀ အတွင်းမှာ မပြီးခဲ့ရင်တော့ ပြင်ဆင်ဖျက်သိမ်းမှုတွေကို ဦးစီးဌာနတွေကိုယ်စား လွှတ်တော်ရေးရာကော်မတီတွေနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းတွေ၊ ကုသရေးလုပ်ငန်းတွေ ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်စေဖို့အတွက် သစ်လွင်ဆရာဝန်များအနေနဲ့ လက်ထောက်ဆရာဝန်ရာထူးနေရာ ၁၀၀၀ နဲ့ သွားဘက်ဆိုင်ရာဆရာဝန်ရာထူး ၄၂ နေရာ စုစုပေါင်းလစ်လပ်ရာထူးပေါင်း ၁၀၄၂နေရာကို ရွေးချယ်ခန့်ထားဖို့ စီစဉ်ညှိနှိုင်းမှုတွေကို သက်ဆိုင်ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရက် ၁၀၀ အတွင်း ရွေးချယ်မှုစတင်နိုင်အောင် ဆောင်ရွက်သွားပါမယ်။ ဒ့ါအပြင် အခြားသော ဆေးဘက်နှီးနွှယ် ကျန်းမာရေးဝန်ထမ်းတွေ၊ သူနာပြုနဲ့ သားဖွားဆရာမတွေ ရွေးချယ်ခန့်ထားရေးကိုလည်း အဓိကလုပ်ဆောင်မှုတစ်ရပ်အနေနဲ့ ဆောင်ရွက်သွားပါမယ်။

ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ဦးစားပေးလုပ်ဆောင်သွားမယ့် လုပ်ငန်းတွေကတော့ ဆေးတက္ကသိုလ်တွေမှာ အရင်က 1st MB နဲ့ Final Part I သင်တန်းတွေမှာသာ သင်ကြားပေးတဲ့ Medical ethics သင်ခန်းစာတွေကို ဆေးတက္ကသိုလ်တွေနဲ့ ဆေးပညာနှီးနွှယ်တက္ကသိုလ်တွေရဲ့ ဘွဲ့ကြို ဘွဲ့လွန်အတန်းအားလုံးမှာ သင်ကြားနိုင်ဖို့အတွက် သင်ရိုးညွှန်းတမ်းကို ပြင်ဆင်ဆောင်ရွက်သွားပါမယ်။

ဆေးတက္ကသိုလ်တွေနဲ့ ဆေးပညာနှီးနွှယ်တက္ကသိုလ်တွေရဲ့ စာကြည့်တိုက်တွေမှာ Union Catalogue System အသုံးပြုနိုင်ရေး ဆောင်ရွက်သွားပါမယ်။

ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ သူနာပြုလိုအပ်ချက်ပြည့်မီနိုင်ဖို့အတွက် သူနာပြုဒီပလိုမာဝင်ခွင့်ဦးရေကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ သင်တန်းသားဦးရေ တိုးမြှင့်ခေါ်ယူနိုင်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်သွားပါမယ်။

ဆေးသုတေသနဦးစီးဌာနအနေနဲ့ မြန်မာတစ်နိုင်ငံလုံး ကျန်းမာရေးဝန်ဆောင်မှုပံ့ပိုးနိုင်ခြင်းနဲ့ အဆင်သင့်ဖြစ်ခြင်း လေ့လာဆန်းစစ်ချက်(၂၀၁၅ ခုနှစ်)ကို သက်ဆိုင်ရာ Stakeholders တွေဆီ ဖြန့်ချိပြီး မိမိတို့ရဲ့ လိုအပ်ချက်၊ အားနည်းချက်တွေကို ပြုပြင်ဖြည့်ဆည်းနိုင်ဖို့ အကြံပြုတိုက်တွန်းခြင်းကို ဆောင်ရွက်သွားပါမယ်။

ကင်ဆာရောဂါနဲ့ပတ်သက်ပြီး သုတေသနဆောင်ရွက်ချက်တွေ၊ စာတမ်းတွေရေးသားပြုစုချက်တွေကိုစုစည်းပြီး ကျမ်းပြုစာရင်းစာအုပ် ပြင်ဆင်ထုတ်ဝေဖြန့်ချိခြင်းနဲ့ Telemedicine နဲ့ Population-based Cancer Registry တို့ကို ချိတ်ဆက်ကျင့်သုံးနိုင်အောင် အစပျိုးဆောင်ရွက်ခြင်း၊ အမျိုးသားကျန်းမာရေးသုတေသနမူဝါဒကို ချမှတ်နိုင်အောင် ဆောင်ရွက်ခြင်း၊ ဆေးသုတေသနဦးစီးဌာန သုတေသနကျင့်ဝတ်ကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းနဲ့ အမျိုးသားအဆင့် သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီကို ပြန်လည်ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့ အကြံပြုတင်ပြခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ငှက်ဖျားရောဂါပူးပေါင်းဆောင်ရွက်ရေးဌာနကို ပြန်လည်အသိအမှတ်ပြုခံရအောင် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမှာပါ။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့ မူကွဲနေသော တိုင်းရင်းဆေးထုတ်လုပ်နည်း စာအုပ်တွေ တစ်ပြေးညီဖြစ်စေဖို့ ပြန်လည်ညှိနှိုင်းစိစစ်ထုတ်ဝေခြင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနသုံး ဆေးဝါးတွေ ပြန်လည်စိစစ်ဆောင်ရွက်ဖို့နဲ့ လိုအပ်သောဆေးဝါးတွေ၊ ဆေးရုံသုံးပစ္စည်းတွေ ဖြည့်ဆည်းပေးခြင်း၊ မှတ်ပုံတင်ထားခြင်းမရှိတဲ့ တိုင်းရင်းဆေးဝါးတွေ ဈေးကွက်စစ်တမ်းကောက်ယူခြင်းကို သုံးလတစ်ကြိမ်စစ်ဆေးပြီး ပြည်သူလူထုကို အသိပေးခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ရေကြီးနစ်မြုပ်နိုင်တဲ့ဒေသတွေမှာ ရာသီဥတုအလိုက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သွားမှာပါ။

အားကစားနှင့် ကာယပညာဦးစီးဌာနအနေနဲ့ ၂၀၁၆ ခုနှစ် ဇူလိုင်လထဲမှာ (၁၉)ကြိမ်မြောက် (၁၉) နှစ်အောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ရှိပါတယ်။



ကျန်းမာရေးကဏ္ဍမြင့်တင်မှုတွင် ခေတ်မီကျန်းမာရေးဆိုင်ရာ အထောက်အကူပြုစက်ပစ္စည်းများကလည်း မရှိမဖြစ်လိုအပ်သည်။

**ဒေါက်တာမြင့်ဟန်**
**ညွှန်ကြားရေးမှူးချုပ်**
**ကုသရေးဦးစီးဌာန**

**မေး။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးမှာ ယာဉ်မတော်တဆမှုတွေကြောင့် ပြည်သူတွေ ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေ မကြာခဏဖြစ်ပေါ်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုစီမံဆောင်ရွက်သွားဖို့ရှိပါသလဲ။**

**ဖြေ။** ကုသရေးဦးစီးဌာနအနေနဲ့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ ယာဉ်မတော်တဆမှုတွေကြောင့် လူတွေ ထိခိုက်ဒဏ်ရာရတဲ့အခါမှာ အရေးပေါ်သူနာပြုယာဉ်နဲ့ အရေးပေါ်စောင့်ရှောက်မှုစနစ် ကုသမှုပေးနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောင်ရွက်မယ့်အစီအစဉ်ကတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်မှာရှိတဲ့ ၁၁ နေရာပေါ့။ တစ်နေရာနဲ့တစ်နေရာ မိုင် ၄၀ လောက်အကွာမှာရှိတဲ့ ဆေးရုံတွေကို အခြေပြုပြီးတော့ လူနာတင်ယာဉ်အသစ်တွေကို ထားသွားမှာဖြစ်ပါတယ်။ လူနာတင်ယာဉ်နဲ့အတူ ယာဉ်မောင်းတွေနဲ့ အရေးပေါ်စောင့်ရှောက်မယ့် ဝန်ထမ်းတွေကို ၂၄ နာရီ တာဝန်ပေးသွားမှာဖြစ်ပါတယ်။

ပြည်သူတွေ အရေးပေါ်စောင့်ရှောက်မှုကို ရနိုင်ဖို့ဆိုတာ ကျွန်တော်တို့သတင်းရရှိဖို့ အရေးကြီးပါတယ်။ အမြန်လမ်းရဲတပ်ဖွဲ့နဲ့အတူ ဖုန်းနံပါတ် ၁၉၂ ကို ဆက်သွယ်ပြီး အချိန်နဲ့တစ်ပြေးညီသတင်းပေးရင် အလျင်အမြန် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

အမြန်လမ်းပေါ်မှာ အရေးပေါ်ကုသစောင့်ရှောက်ရေးပေါ်ပေါက်ရေးအတွက်က ပညာရပ်တစ်ခုဖြစ်ပါတယ်။ အရေးပေါ်ဆေးပညာကုသမှုနဲ့ပတ်သက်ပြီးတော့ ဆေးတက္ကသိုလ် (၁)က ပံ့ပိုးထားပါတယ်။ ဒီစနစ်မှာ နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံမှာ Command and Control Center ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က သယ်ဆောင်မှုတင်မကဘဲ ထိရောက်တဲ့ အရေးပေါ်ဆေးပညာနဲ့ လူနာတွေရဲ့အသက်ကို ကယ်တင်နိုင်ဖို့ကြိုးစားမယ့် စီမံချက်လည်းဖြစ်ပါတယ်။

**စာမျက်နှာ ၁၈ သို့ »»»**



ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးလျက်ရှိသည့် ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁) အဆောက်အအုံကို တွေ့ရစဉ်။

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀



စာမျက်နှာ ၁၇ မှ »»

**ဒေါက်တာသန်းထွဋ်**
**ညွှန်ကြားရေးမှူးချုပ်**
**အစားအသောက်နှင့်**
**ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**မေး။ ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်မှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနဲ့ ဘယ်ကဏ္ဍတွေကို ဦးစားပေးဆောင်ရွက်သွားမယ်ဆိုတာကို သိပါရစေ။**

**ဖြေ။** နှစ်ပိုင်းရှိပါတယ်။ ရက်ပေါင်း ၁၀၀ အတွင်းမှာ ပြီးသွားမယ့်ဟာတွေလည်းပါတယ်။ အစပြုရမယ့်ဟာတွေလည်း ပါပါတယ်။

စားသုံးဆီကိစ္စဖြစ်ပါတယ်။ စားသုံးဆီကိစ္စဟာ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ နေ့စဉ်နဲ့အမျှ အဓိကစားသုံးနေကြပါတယ်။ ဒီအတွက် ရောနှောဆီကိစ္စ FDA နဲ့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ အခုဆွေးနွေးမယ့်ကိစ္စက တကယ်ပဲ အရည်အသွေးပြည့်ဝပြီးတော့ အရည်အသွေးမီစားသုံးဆီကိစ္စဖြစ်ဖို့အတွက် နည်းပညာပိုင်းရော၊ ဥပဒေပိုင်းရော ဘက်ပေါင်းစုံ၊ လူပေါင်းစုံပါဝင်တဲ့ လုပ်ငန်းကြီးတစ်ခုဖြစ်ပါတယ်။ နိုင်ငံတကာပညာရှင်တွေ၊ လုပ်ငန်းရှင်တွေပါမယ်။ ပညာရှင်တွေပါမယ်။ အစိုးရဝန်ထမ်းတွေလည်းပါမယ်။ မေ ၁၇၊ ၁၈ ရက်လို့ ရည်မှန်းထားပါတယ်။ ရည်မှန်းချက်ကတော့ စားသုံးဆီဟာ တကယ်ပဲ အရည်အသွေးပြည့်မီရဲ့လား၊ လုပ်သားပြည်သူတွေအတွက် အန္တရာယ်ကင်းရဲ့လား၊ တိတိကျကျ အဖြေထွက်အောင်ဆောင်ရွက်ရမယ့် လုပ်ငန်းကြီးတစ်ခုဖြစ်ပါတယ်။

နောက်တစ်ခုက အစားအသောက်တွေ၊ အလှကုန်တွေ၊ ဆေးဝါးတွေနဲ့ပတ်သက်ပြီးတော့ လုပ်နေရတာနှစ်ခုရှိပါတယ်။ Pre market နဲ့ တစ်ခုက Post market ဖြစ်ပါတယ်။ ဈေးကွက်မတင်မီစစ်ဆေးတာကတော့ လုပ်ထုံးလုပ်နည်းတွေ၊ ဥပဒေတွေရှိပြီးသားပါ။ ဒါတွေနဲ့အညီ ခွင့်ပြုပေးခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက လုပ်သားပြည်သူတွေဆီကို တိုက်ရိုက်ရောက်တဲ့ Post market ဖြစ်ပါတယ်။ ဈေးကွက်ကို ထိန်းချုပ်ခြင်းလို့ ခေါ်ပါတယ်။ အဲဒါကိုတော့ ရက် ၁၀၀ အတွင်းမှာ ပိုပြီးတော့ အချိန်ယူပြီးလုပ်ပါမယ်။ ဒီမှာလည်း နှစ်မျိုးရှိပါတယ်။

တစ်ခုက ကျွန်တော်တို့ဌာနက လစဉ်လစဉ် Plan ဆွဲပြီးတော့ တိုင်းနဲ့ပြည်နယ်အနှံ့မှာ ဒီဈေးကွက်ကို ဘယ်လိုထိန်းချုပ်မလဲဆိုတာ လစဉ် Plan ရှိပါတယ်။ ဒါပုံမှန်ဆောင်ရွက်မယ့် ကိစ္စပါ။ လစဉ်လုပ်နေတာပါ။ အထူးကိစ္စတွေ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကော်ဖီမစ်စက်ရုံဝင်ကြည့်တာမျိုးတို့ အဲဒီအထူးကိစ္စတွေကို အဖွဲ့ပေါင်းစုံပါဝင်တဲ့ အဖွဲ့၊ မီဒီယာတွေ ပါပါတယ်။ ရက် ၁၀၀ အတွင်းမှာ အထူးကိစ္စပေါင်း တော်တော်များများ ဘယ်ချိန်၊ ဘယ်ကာလမှန်းမသိတဲ့ ဈေးကွက်ကို ကြပ်မတ်ခြင်း၊ အရည်အသွေးပြည့်မီတဲ့၊ အတုအပဖြစ်တဲ့၊ အန္တရာယ်ပြင်းတဲ့ အစားအသောက်၊ ဆေးဝါးတွေ၊ လူသုံးကုန်အလှပြင်ပစ္စည်းတွေကို ရှာဖွေခြင်းတွေကိုလုပ်ပါမယ်။

ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းကိစ္စတွေဖြစ်ပါတယ်။ ဒီနေရာမှာ FDA အနေနဲ့ကတော့ တရားမဝင်တဲ့ အစားအသောက် ဆေးဝါးတွေ၊ လူသုံးကုန်အလှကုန်တွေကို ရှာတယ်၊ ဖွေတယ် ပြီးရင်တရားစွဲဆိုပေးမယ်။ ဒါတွေနဲ့ ပိုပြီးထိရောက်အောင်အရေးယူမယ့် ညှိနှိုင်းအစည်းအဝေးကြီးတစ်ခု ပြုလုပ်ပါမယ်။ အဲဒီမှာ ပြည်သူတွေကိုယ်စားပြုတဲ့၊ ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်းပါမှာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာအကြီးအကဲတွေ နှီးနွှယ်ပတ်သက်တဲ့ ဌာနတွေပေါ့။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာ၊ အကောက်အခွန်ဦးစီးဌာန စတဲ့ ဒီဌာနတွေနဲ့ လက်တွဲဆောင်ရွက်နေရတဲ့ ဌာနတွေ၊ နောက်တစ်ခါ လုပ်ငန်းရှင်ကြီးတွေ၊ ပြည်သူတွေနဲ့ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့တွေ အဲဒီက ပုဂ္ဂိုလ်တွေအစုံပါမယ်။ ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာ မီဒီယာများပါပါပြီးတော့ အစည်းအဝေးလုပ်ဖို့ရှိပါတယ်။

အစားအသောက်တွေ၊ ဆေးဝါး၊ လူသုံးကုန် အလှကုန်တွေ၊ ဆေးပစ္စည်းတွေ အန္တရာယ်ကင်းနိုင်ဖို့ဆိုတာက အားလုံးက အသိပညာရှိဖို့လိုပါတယ်။ ပညာပေးလုပ်ငန်းတွေကို အရှိန်မြှင့်လုပ်မှာဖြစ်ပါတယ်။ နည်းပေါင်းစုံနဲ့ ပညာပေးပါမယ်။ ဟောပြောပွဲတွေရှိမယ်။ လက်ကမ်းစာစောင်တွေရှိမယ်။ Bill-board တွေရှိမယ်။ နောက်တစ်ခါ ပညာပေးရမယ့်အုပ်စုကတော့ ထုတ်လုပ်သူများဖြစ်ပါတယ်။ စားသောက်ကုန်ထုတ်လုပ်သူတွေ၊ ရောင်းချသူတွေ၊ ဒီလူတွေနဲ့ပတ်သက်တဲ့ ဘယ်လိုထုတ်လုပ်ပါ၊ ဘယ်လိုရောင်းချပါ၊ ဘယ်လိုသိုလှောင်ပါ၊ ဘယ်လိုဖြန့်ဖြူးပါဆိုတဲ့ ပညာပေးလုပ်ငန်းတွေဖြစ်ပါတယ်။

ဈေးကွက်ထဲမှာရှိနေတဲ့ တရားမဝင် အစားအသောက်တွေ၊ ဆေးဝါးတွေ၊ လူသုံးကုန် အလှကုန်တွေရော စောစောကပြောခဲ့တဲ့အတိုင်းပါပဲ။ Post market Survey နဲ့ အဓိကသွားပါမယ်။ ဒီနေရာမှာ ပုံမှန်သွားနေတဲ့ လမ်းကြောင်းကတစ်ကြောင်း၊ အဲဒီအပြင် အထူးကိစ္စအနေနဲ့ စောစောကပြောခဲ့သလိုပဲ ဆောင်ရွက်ဖို့တွေ အများကြီးရှိပါတယ်။ ဒီသုံးလမှာ အရေအတွက်တိုးပြီးတော့ ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ အဲဒီအပြင် စစ်ဆေးဆောင်ရွက်ခြင်းတွေကိုလည်းပဲ အရေအတွက်တိုးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဲဒီမှာ မဟာဗျူဟာတွေရှိပါတယ်။ မဟာဗျူဟာကိုတော့ 3L လို့ သတ်မှတ်ထားပါတယ်။ ပထမ L ကတော့ Law and Legislation (ဥပဒေကွပ်ကဲကြပ်မတ်ခြင်းပေါ့)။ မြန်မာနိုင်ငံမှာရှိတဲ့ အစားအသောက်ဥပဒေဟာ ၁၉၉၂ ခုနှစ်တုန်းက ရေးဆွဲခဲ့တာဖြစ်ပါတယ်။ သိပ်ခေတ်မမီတော့ဘူး။ ဒီအတွက် အသစ်ပြန်ဆွဲနေပါတယ်။ နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေ၊ ပြည်တွင်းက ကျွမ်းကျင်ပညာရှင်တွေနဲ့ပေါင်းပြီးတော့မှ ရေးဆွဲလျက်ရှိပါတယ်။ ပထမမူကြမ်းပြီးနေပါပြီ။

နောက်ထပ်ဥပဒေကတော့ Medical Device Law လို့ခေါ်ပါတယ်။ အလှကုန်နဲ့ ဆေးပစ္စည်းဆိုင်ရာဥပဒေ ဖြစ်ပါတယ်။ ဒါလည်းပဲ မကြာခင် First Draft ထွက်ပါမယ်။ နောက်တစ်ခုကတော့ ဆေးဝါးဥပဒေ



ပြည်သူ့ကျန်းမာရေးမြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် ရက် ၁၀၀ စီမံကိန်းဆောင်ရွက်ရာတွင် တပ်ကုန်းမြို့ ခုတင် (၁၀၀) ဆံ့ဆေးရုံတွင်လည်း ဒေသခံပြည်သူများအား ဆရာဝန်၊ သူနာပြုများက အထူးဂရုစိုက်ကုသမှုပေးလျက်ရှိသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဇာဏီ)

ဖြစ်ပါတယ်။ စပေါ်တာတော့ ၁၉၉၂ ခုနှစ်က ပေါ်တယ်။ ၂၀၁၄ ခုနှစ်မှာ Reverse လုပ်ထားပါတယ်။ သူ့ကိုလည်းပြန်ပြီးတော့ Review လုပ်နေပါတယ်။

ဒုတိယ L က Laboratory ပါ။ သူ့ကို ISO 17025 လို့ခေါ်တဲ့ နိုင်ငံတကာအသိအမှတ်ပြုတဲ့ Laboratory ဆောင်ရွက်ဖို့ရှိပါတယ်။ သူ့မှာ နှစ်ပိုင်းရှိပါတယ်။ Micro-biology လို့ခေါ်တဲ့ အဏုဇီဝအပိုင်းရယ်၊ Chemistry လို့ခေါ်တဲ့ ဓာတုအပိုင်းရယ် ဖြစ်ပါတယ်။ နှစ်ပိုင်းစလုံးကို ISO ရဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခါ သူ့အတွက်လိုအပ်တဲ့ Facility လို့ခေါ်တဲ့ ဓာတ်ခွဲပစ္စည်းတွေကိုလည်းပဲ ဒီသုံးလအတွင်းမှာ စပြီးတော့ ဘယ်လိုမှာယူဝယ်ယူကြမလဲဆိုတာကို အဖွဲ့နဲ့ စနစ်ကျသော Tender စနစ်နဲ့ ဒီသုံးလအတွင်းမှာ ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

နောက်ထပ် L ကတော့ Link ပေါ့။ ဒါဘာနဲ့နွှယ်လဲဆိုတော့ စောစောကပြောတဲ့ Post market Survey နဲ့ ပြန်နွှယ်ပါတယ်။ Local Link လို့ခေါ်တဲ့ ပြည်တွင်းကွန်ရက်အဖွဲ့အစည်းကို ထူထောင်ထားပါတယ်။ အလားတူပဲ Asean Link ဆိုတာရှိတယ်။ အဲဒီအဖွဲ့နဲ့ ဒီရက် ၁၀၀ အတွင်းမှာ ဆောင်ရွက်ဖို့ ကိစ္စလေးတွေရှိပါတယ်။ အနည်းဆုံး သုံးခု အဆင့်မြှင့်ဆောင်ရွက်မှာဖြစ်ပါတယ်။ နောက် တစ်ခုကတော့ International Link မှာ Interpol လို့ခေါ်တဲ့ အဖွဲ့အစည်းနဲ့ ချိတ်ဆက်ထားပါတယ်။ ထူးခြားထိရောက်တဲ့ သတင်းအချက်အလက်ဖလှယ်ခြင်း၊ ထူးခြားထိရောက်တဲ့ တရားမဝင်ပစ္စည်း၊ ဆေးပစ္စည်းတွေ၊ အလှကုန်တွေ၊ လူသုံးကုန်တွေ ရှာဖွေဖော်ထုတ်ခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာစိုးလွင်ငြိမ်း**
**ညွှန်ကြားရေးမှူးချုပ်**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**မေး။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်တဲ့ ကျေးလက်ဒေသတွေမှာ ကျန်းမာရေးကဏ္ဍနိမ့်ကျနေမှုနဲ့ပတ်သက်လို့ ဖြည့်တင်းဆောင်ရွက်မယ့်အစီအစဉ် ရက် ၁၀၀ စီမံကိန်းမှာ ပါပါသလား။**

**ဖြေ။** ကျေးလက်နေ ပြည်သူလူထုရဲ့ ကျန်းမာရေးအဆင့်အတန်းတိုးတက်အောင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့အတွက် ပြည်သူလူထုအခြေပြု ကျေးလက်ကျန်းမာရေးဌာန၊ ဆေးခန်းတွေ ဖွင့်လှစ်ထားပါတယ်။ community clinic လို့ခေါ်ပါတယ်။

အဲဒီဆေးခန်းကဘာလုပ်ပေးမလဲဆိုရင် အသက် (၅)နှစ်အောက်ကလေးတွေ ကျန်းမာရေးပြဿနာတွေ၊ ဖျားနာတာကအစ ကျွန်တော်တို့ သက်ဆိုင်ရာအခြေခံကျန်းမာရေးဝန်ထမ်းတွေ စမ်းသပ်ပေးမယ်။ ဆေးကုပေးမယ်။ လိုအပ်ရင် ကျွန်တော်တို့ အရေးပေါ်ဆေးရုံတွေကို လွှဲပေးတာတွေကို ဆောင်ရွက်ပေးမယ်။

ကလေးငယ်တွေနဲ့ ပတ်သက်တဲ့ဆေးခန်း child clinic က ဘာကိုပါလုပ်ပေးသလဲဆိုရင် ကလေးတွေကို ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းတွေကိုပါ လုပ်ပေးတယ်။

နောက်တစ်ခုက MCH clinic ပါ၊ MCH clinic ဆိုတာက ကလေးတွေကိုလည်း ကြည့်တယ်။ အမေတွေကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေကို နေ့စဉ်ဆေးခန်းဖွင့်ပြီးတော့ စောင့်ရှောက်မှုပေးတယ်။

နောက်တစ်ခုကတော့ သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းပါ။ အရင်တုန်းကတော့ ကျေးလက်ကျန်းမာရေးဌာနတစ်ခုအောက်မှာ RHC လို့ခေါ်ပါတယ်။ သူက ကာကွယ်ရေးလုပ်ငန်းကိုပဲလုပ်တယ်။ ကုသရေးလုပ်ငန်းကို မလုပ်ဘူး။ အခု ကျွန်တော်တို့က ဒီဆေးခန်းထဲမှာပဲ ဒီကျန်းမာရေးဌာနထဲမှာပဲ ဆေးခန်းသုံးခုကို ထည့်လိုက်တာပါ။ အောင်မြင်နေတဲ့နေရာတွေမှာဆိုရင် တစ်နေ့ကို ၅၀ ကနေ ၁၀၀ လောက် အဘိုးအဘွားတွေ လာပြီးတော့ပြကြပါတယ်။

အခုလောက်ဆိုရင် ကျွန်တော်တို့ရဲ့ community clinic တွေ အခု ဒီကျေးလက်ဒေသအခြေပြု ကျန်းမာရေးဆေးခန်းတွေဟာဆိုရင် ကျန်းမာရေးဝန်ထမ်းတွေနဲ့တင် ဆောင်ရွက်နေတာမဟုတ်ဘဲနဲ့ ရပ်ရွာမှာရှိတဲ့ လူငယ်တွေကလည်း လုပ်အားပေးတွေအနေနဲ့ ပါဝင်ဆောင်ရွက်တဲ့အတွက်ကြောင့် ပိုပြီးတော့ ထိရောက်ပါတယ်။

ပြည်သူလူထုအခြေပြု ကျန်းမာရေးဆေးခန်းတွေဖွင့်ရတာတော့ နည်းနည်းအခက်အခဲရှိပါတယ်။ ဒါပေမယ့်လည်းပဲ ရွာလူထုက ပူးပေါင်းဆောင်ရွက်တဲ့အတွက်ကြောင့် သူတို့သတ်မှတ်ထားတဲ့ အိမ်(သို့မဟုတ်) နေရာတစ်နေရာမှာ သက်ဆိုင်ရာဆရာမတွေနဲ့ ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။

**ဟုတ်ကဲ့။ အခုလို စိတ်ရှည်လက်ရှည်အချိန်ပေးပြီး ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးနဲ့ တာဝန်ရှိသူအားလုံးကို အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ။**

■



ပြည်သူများဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ရေးအတွက် အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ (ဓာတ်ပုံ-ဇာဏီ)

## အပူချိန်မြင့်မားမှုကြောင့် သန့်ရှင်းသောသောက်သုံးရေ ခက်ခဲမှုမရှိစေရန်အတွက် စဉ့်ကိုင်မြို့နယ်တွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်



**စဉ့်ကိုင် မေ ၁၇**

အပူချိန်မြင့်မားမှုကြောင့် သန့်ရှင်းသောသောက်သုံးရေခက်ခဲမှုမရှိစေရန်အတွက် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ရေရရှိမှုအခြေအနေများကို မေ ၁၆ ရက် နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဖလံပင်ကုန်းကျေးရွာ၊ ကျောက်တန်းကျေးရွာ၊ ထန်းသုံးပင်ကျေးရွာ၊ အနောက်ရွာသစ်ကျေးရွာ၊ သင်္ဂတုန်ကျေးရွာနှင့် သင်တောင်းကျေးရွာများတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းသိုက်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ဝန်ထမ်းများသည် ရေရရှိမှုအခြေအနေ၊ ရေသုံးစွဲမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်နိုင်မည့်အခြေအနေများအား သိရှိနိုင်ရန် ကွင်းဆင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယနေ့အချိန်အထိ ရေပြတ်လပ်မှု မရှိသေးသော်လည်း သန့်ရှင်းသောသောက်သုံးရေများ လိုအပ်မှုရှိပါက သိရှိနိုင်ရန်အတွက် ကျေးရွာများအရောက် မြေပြင်အမှန်အခြေအနေသိရှိနိုင်ရန် ကွင်းဆင်းစိစစ်ပေးခြင်းဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

## ငှက်အော်စမ်းကျေးရွာ၌ ဗုံးသီးနှင့် ကျည်ဆံများတွေ့ရှိ

**ကော့မှူး မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း၌ မေ ၁၅ ရက် နံနက် ၈ နာရီက သင်တန်းသား မောင်ဖြိုးလင်းကို ၁၆ နှစ်သည် သင်တန်းကျောင်းဝင်းအတွင်းရှိ ရေကန်သို့ ရေသွားခပ်စဉ် ရေကန်အတွင်း ငါးများပွက်နေသည်ကိုတွေ့ရှိ၍ ကန်အတွင်းဆင်းကာ ငါးလိုက်ဖမ်းစဉ် ကြွတ်ကြွတ်အိတ်တစ်ထုပ်အား စမ်းမိသဖြင့် ရေထဲမှဆယ်တင်ပြီး ဖွင့်ကြည့်ရာ ကျည်ဆံများဖြစ်နေသည်ကို တွေ့ရှိ၍ ဒုကျောင်းအုပ်ဆရာကြီး ဦးကျော်ဦးထံ အပ်နှံခဲ့သည်။

ဦးကျော်ဦးက မြို့နယ်တာဝန်ရှိသူများအား အကြောင်းကြားခဲ့ရာ ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်ဇော်၊ စခန်းမှူးဒုရဲမှူးတင့်နိုင်၊ အမှတ် ၂၀၁၈ လေကြောင်းရန်ကာကွယ်ရေးတပ်မှ ဗိုလ်ကြီးဇော်မျိုးနောင် ဦးစီးအဖွဲ့ကစစ်ဆေးရာ (၉၁)လက်ပစ်ဗုံးနှစ်လုံး (သံချေးတက်သုံးမရ)၊ ကျည်ဆံ ၂၁ တောင့် (သံချေးတက်သုံးမရ)၊ ကာဘိုင်ကျည် ၃၅ တောင့် (သံချေးတက်သုံးမရ)၊ ၉ မမကျည် ၇၃ တောင့် (သံချေးတက်သုံးမရ) တို့အား တွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းကျည်ဆံနှင့် ဗုံးသီးနှစ်လုံးအား ရဲမှူးသိန်းမြင့်ဇော်က သိမ်းဆည်းထားရှိပြီး သက်ဆိုင်ရာသို့ အပ်နှံရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

**ကော့သောင်း မေ ၁၇**

မိုးလေဝသ သတင်းများအရ များမကြာမီကာလတွင် ကျရောက်လာမည့် မုတ်သုံရာသီ၌ မြန်မာနိုင်ငံ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းများ ဖြစ်ပွားလာနိုင်ချေရှိသဖြင့် ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ရေကြောင်းခရီးသွားလာမည့်ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရန် မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲတစ်ရပ်ကို မေ ၁၅ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ပြုလုပ်ခဲ့သည်။

ပညာပေးဆွေးနွေးပွဲတွင် ကော့သောင်းခရိုင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဦးက ခရိုင်အတွင်း ရေလုပ်ငန်းလုပ်ကိုင်သူများ ရေကြောင်းခရီးသွားလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများ၊ ရေကြောင်းခရီးသည်ပို့ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများနှင့် ရေယာဉ်နှင့်ပတ်သက်သည့် အဖွဲ့အစည်းများ၊ ပြည်သူများသို့ မိမိတို့၏ လုပ်ငန်းသုံးရေယာဉ်များ ကြံ့ခိုင်မှု၊ ကျွမ်းကျင်ဝန်ထမ်းများအသုံးပြုရေး၊ ရေယာဉ်များတွင် သတ်မှတ်ထားသည့် အသက်ကယ်အင်္ကျီနှင့် မီးသတ်ကိရိယာများ ပြည့်စုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေး၊ ကောင်းမွန်သည့်ဆက်သွယ်ရေးစနစ်များ ပြည့်စုံစွာတပ်ဆင်အသုံးပြုကြရေး၊ မိုးလေဝသသတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ရယူသိရှိပြီးမှ ရေယာဉ်ထွက်ခွာကြရေး၊ ခရီးသည်တင်ရေယာဉ်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တင်ဆောင်ထွက်ခွာကြရေး၊ ရေယာဉ်များ ဆိပ်ကမ်းဆိုက်ကပ်ထားစဉ်၊ ရေပြင်တွင်ခုတ်မောင်းနေစဉ် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အရေးပေါ်ဆောင်ရွက်နိုင်ရန် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် တက်ရောက်လာသည့် ရေယာဉ်နှင့်ပတ်သက်သည့်အဖွဲ့အစည်းများနှင့် ပြည်သူများက သိလိုသည်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**ကျော်စိုး(ပြန်/ဆက်)**

## မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲ ရွှေဘို၌ပြုလုပ်

**ရွှေဘို မေ ၁၇**

ရွှေဘိုမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို မေ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ရွှေနိုင်ငံခန်းမ၌ပြုလုပ်ရာ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို) ဒုဥက္ကဋ္ဌ ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

လက်ရှိ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး နာယကဦးပြည့်နှင့် စာရင်းစစ်ဦးတာတီးတို့က နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများဖတ်ကြားပြီး (ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ် (ရွှေမန်းသားလေးဖိုးချစ်) က ရွေးချယ်ရေးစည်းမျဉ်း၊ စည်းကမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရွေးချယ်တင်မြှောက်ခြင်းကို ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့်ရွေးချယ်ကြရာ ရွေးချယ်တင်မြှောက်ခံ အလုပ်မှုဆောင်ကော်မတီဝင်များက သဘာပတိရွေ့မှောက်တွင် ကတိသစ္စာခံယူပြီး ရွေးချယ်ခံဥက္ကဋ္ဌ ဦးဝင်းမြိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စိုးသီဟ(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်၊ ပိုက်ဆက်၊ လျှပ်စစ်သင်တန်း ဖားဆောင်းမြို့၌ ဖွင့်လှစ်သင်ကြား

**ဖားဆောင်း မေ ၁၇**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် တောင်ပေါ်ကျေးရွာ၌ မေ ၁၅ ရက် နံနက် ၉ နာရီခွဲက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်၊ ပိုက်ဆက်၊ လျှပ်စစ်သင်တန်း ဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေလှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် သင်တန်းနည်းပြသုံးဦးဖြင့် သင်ကြားပေးပြီး သင်တန်းသား ၂၀ ရှိပြီး သင်တန်းကာလမှာ ၁၅ ရက် ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဖားဆောင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ၂၀၁၆ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု မော်လိုက်မြို့၌ကျင်းပ

**မော်လိုက် မေ ၁၇**

၂၀၁၆ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဆင်းပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စာတတ်မြောက်ရေးသင်တန်းကြီးကြပ်မှုကော်မတီ နာယကကိုယ်စား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မုံရွာတက္ကသိုလ်ပါမောက္ခချုပ်ကိုယ်စား နိုင်ငံတကာဆက်ဆံရေးဦးစီးဌာန ကထိကဦးသောင်းကျော်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးကိုယ်စား လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်မာနှင်းက လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က တက္ကသိုလ်လုပ်အားပေးကျောင်းသား၊ ကျောင်းသူများနှင့် အခြေခံစာတတ်မြောက်ရေး သင်တန်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဆင်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မုံရွာတက္ကသိုလ်မှ ကထိကများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိများ၊ မုံရွာတက္ကသိုလ်မှ လုပ်အားပေးကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ဖလမ်း၌ မဟာဓာတ်အားလိုင်း လျှပ်စစ်မီးရရှိရေး မဟာဓာတ်အားလိုင်းစက်ရုံအား ကြည့်ရှုစစ်ဆေး

**ဖလမ်း မေ ၁၇**

ချင်းပြည်နယ် ဖလမ်းမြို့တွင် မဟာဓာတ်အားလိုင်းရရှိရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လေး၊ မန္တလေးမြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကော်ပိုရေးရှင်း အင်ဂျင်နီယာချုပ် ဦးကျော်သူ၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးလှထွန်းတို့က မေ ၁၅ ရက် နံနက် ၁၁ နာရီက ဖလမ်းမြို့ မဟာဓာတ်အားလိုင်းစက်ရုံအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးစဉ် မြို့မိမြို့ဖများမှ မဟာဓာတ်အားလိုင်းအား ဖလမ်းမြို့သာမက ကျေးရွာများအထိရရှိရေး ဆောင်ရွက်ပေးရန် တင်ပြရာ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးက မေလကုန်တွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဟားခါး-ဖလမ်း 66KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မန်းစိန်)**



ကြေးမုံ



## မြန်မာ–ထိုင်း နယ်စပ် ရနောင်းမြို့ရှိ အမျိုးသားသစ်တောကြိုးဝိုင်း အတွင်းရှိ ခေါ်ချမောရေတံခွန်တွင် ထူးဆန်းစွာ ငါးများသေဆုံးနေ



**ကော့သောင်း မေ ၁၇**

မြန်မာ-ထိုင်းနယ်စပ် ကော့သောင်းမြို့တစ်ဖက်ကမ်း ထိုင်းနိုင်ငံ ရနောင်းမြို့ရှိ အမျိုးသားသစ်တောကြိုးဝိုင်းအတွင်းရှိ ခေါ်ချမော Khao Cha Mao ရေတံခွန်တစ်ဝိုက်တွင် မေ ၁၅ ရက်က ထူးဆန်းစွာ ငါးများသေဆုံးနေကြောင်း သိရသည်။

အဆိုပါရေတံခွန်သည် ရာသီမရွေး မခန်းခြောက်ဘဲ အမြဲမပြတ်ရေစီးဆင်းနေသည့် နေရာဖြစ်ကြောင်း၊ အလွန်ပူပြင်းသည့်အချိန်များတွင် ထိုင်းလူမျိုးများ နယ်မြေအနှံ့က လာရောက်အပန်းဖြေကြသည့်အပြင် နိုင်ငံတကာခရီးသွားများလည်း လာရောက်လည်ပတ်လေ့ရှိသည့်နေရာတစ်ခုဖြစ်ကြောင်း၊ ယခုရက်ပိုင်းမှစတင်၍ စမ်းချောင်းအတွင်း ရေများရှိနေလျက် ငါးမျိုးစုံ သေဆုံးနေကြောင်း သိရသည်။

ယင်းငါးများသေဆုံးမှုကြောင့် စမ်းချောင်းတစ်လျှောက် အပုပ်နံ့များထွက်နေရာ သစ်တောဝန်ထမ်းများက ငါးအသေများအား ဆယ်ယူရှင်းလင်းနေကြရကြောင်း၊ ငါးခူကဲ့သို့ ရာသီဥတုဒဏ်အကြမ်းခံနိုင်သည့် ငါးကြီးများပင် ရေစပ်တစ်လျှောက် စုပြုံတိုးဝှေ့ကာ ပြင်ပလေရှူနေကြရကြောင်း သိရသည်။

သစ်တောထိန်းသိမ်းရေးတာဝန်ရှိသူများ ခန့်မှန်းချက်အရ ရေထုအတွင်း အောက်ဆီဂျင်ပြတ်လပ်မှုကြောင့်ဖြစ်နိုင်ချေရှိကြောင်း ရနောင်းမြို့မှရရှိသောသတင်းများအရ သိရသည်။

**ကျော်စိုး(ကော့သောင်း–ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ် တွင်အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်အခြေခံ သင်တန်းဖွင့်

**တပ်ကုန်း မေ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းကျေးရွာအုပ်စု ကြက်သွန်ခင်းကျေးရွာတွင် ဒေသခံပြည်သူများအား အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဖြစ်စေရန် ပန်းရန်အခြေခံသင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၁၃ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပန်းရန်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် သင်တန်းဆရာများက အခြေခံပညာရပ်များ စတင်သင်ကြားပေးခဲ့သည်။ သင်တန်းကာလမှာ ရက်သတ္တပတ်ကြာသင်ကြားပို့ချမည်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး စုစုပေါင်းသင်တန်းသား ၂၀ တက်ရောက်သင်ကြားလျက်ရှိသည်။

"ကျွန်မတို့အမျိုးသမီးတွေက ကောက်စိုက်၊ ပေါက်ပြားပေါက် နေ့စားအလုပ်တွေ လုပ်ကိုင်ခွင့်ရှိပြီး ပန်းရန်အတတ်ပညာတတ်မြောက်ခွင့် မရှိဘူးထင်ကြပါတယ်။ အခုလို သင်တန်းတက်ရောက်ပြီး ပန်းရန်အတတ်ပညာ သင်ကြားခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ပန်းရန်လုပ်ငန်းက နေရာဒေသမရွေး လုပ်ကိုင်စားသောက်လို့ရတဲ့ ပညာရပ်ဖြစ်ပါတယ်။ ဒီသင်တန်းက ပန်းရန်ပညာရရှိခဲ့ရင် သင်တန်းတက်ရောက်သင်ကြားတဲ့ အမျိုးသမီးတွေ အလုပ်အကိုင်အခွင့်အလမ်း ထပ်တိုးပြီး မိသားစုအပိုဝင်ငွေများ ရရှိမှာဖြစ်ပါတယ်"ဟု ကြက်သွန်ခင်းကျေးရွာမှ သင်တန်းတက်ရောက်သင်ကြားသည့် အမျိုးသမီးတစ်ဦးက ပြောပြသည်။

**တင်စိုးလွင်**

## ကျွန်းလှတွင် ကိုယ့်အားကိုယ်ကိုး ယာယီကျောင်းဆောင် ဆောက်လုပ်ရေး ဆွေးနွေး

**ကျွန်းလှ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက် အမှတ်(၁) မူလတန်းလွန်ကျောင်း၌ မေ ၁၅ ရက်က ကိုယ့်အားကိုယ်ကိုး ယာယီကျောင်းဆောင်ဆောက်လုပ်ရန် ဆွေးနွေးကြကြောင်း သိရသည်။

ယင်းကျောင်းသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်ပြီး အလယ်တန်းကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေး အဆင်ပြေရန် (အလျား ၃၆ ပေ × အနံ ၁၈ ပေ) သွပ်မိုး၊ ကပ်ကာ ယာယီကျောင်းဆောင်ကို ငွေကျပ် ၂၅ သိန်းခန့် အကုန်အကျခံဆောက်လုပ်မည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်မောင်သင်းက ပြောသည်။

အဆိုပါယာယီကျောင်းဆောင်အတွက် အလှူရှင်များနှင့် ကျောင်းသားမိဘများ လှူဒါန်းလိုပါက ဖုန်း ၀၉-၇၉၄၄၂၈၃၂၃၊ ၀၉-၄၀၀၄၃၀ ၅၀၀၊ ၀၉-၄၀၀၄၃၀၁၇၁ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

**မြင်းမူ မေ ၁၇**

ပူပြင်းခြောက်သွေ့သည့် နွေကာလအတွင်း သောက်သုံးရေအတွက် အခက်အခဲမရှိစေရေး ကျေးရွာသူ ကျေးရွာသားများ လွယ်ကူစွာ သုံးစွဲနိုင်ရန်အတွက် မြင်းမူမြို့နယ် ကျေးလက်ဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်နေကြောင်း သိရသည်။

မြင်းမူမြို့နယ်ရှိ စံတင်ကင်းကျေးရွာ၊ ကန်စွယ်ကျေးရွာနှင့် တောချောင်းဦးကျေးရွာတို့တွင် စက်ရေတွင်းပြုပြင်ခြင်း၊ ရေမြုပ်ပန့်များ တပ်ဆင်ခြင်းနှင့် အင်ဂျင်သစ်များတပ်ဆင်ခြင်းလုပ်ငန်းများကို မေလပထမပတ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ခဲ့သည်။ ၎င်းကျေးရွာများမှာ ယခုအခါ ရေဖူလုံစွာရရှိနေပြီဖြစ်၍ သောက်ရေ၊ သုံးရေအပြင် မီးဘေးအန္တရာယ်အတွက်ပါ စိတ်ချနေရပြီကြောင်း သိရသည်။

ထို့အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာ စက်ရေတွင်းပြုပြင်ခြင်း၊ ကျေးရွာခြောက်ရွာတွင် ၄ လက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေမြုပ်ပန့်များတပ်ဆင်ခြင်း၊ ရေကန်တည်ဆောက်ခြင်းနှင့် ရေစက်အဆောက်အအုံတည်ဆောက်ခြင်း စသည်ဖြင့် စုစုပေါင်းကျေးရွာကိုးရွာ ရေရရှိရေးအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၅ ဒသမ ၉၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ(ပြန်/ဆက်)**

## မတ္တရာမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း (၁/၂၀၁၆) ဖွင့်လှစ်

**မတ္တရာ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ခန့်အပ်ထားပြီးဖြစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မှ ကွင်းတာဝန်ခံစာရေးများအား ပြည်သူအကျိုးပြုလုပ်ငန်းများ၊ ရုံးလုပ်ငန်းများ ကျွမ်းကျင်မြန်ဆန်စေရန်၊ လုပ်ထုံးလုပ်နည်းဥပဒေ၊ နည်းဥပဒေများကို ပိုမိုသိရှိနားလည်သဘောပေါက်စေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်မြင့်မားရေးအတွက် ရည်ရွယ်၍ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို မေ ၁၆ ရက်က မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေးနှင့် ဦးမင်းမင်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၉၉ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ဟိုပင်၌ ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဆင်းပွဲကျင်းပ

**ဟိုပင် မေ ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ ခြသေ့်နှစ်ကောင်တောင်ပေါ်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ငယ်စဉ်ကတည်းက လိမ္မာယဉ်ကျေးပြီး ဗုဒ္ဓဘာသာသာသနာ ထွန်းကားပြန့်ပွားစေရန်နှင့် အခြေခံတရားတော်များ သိရှိနားလည်စေရန်ရည်ရွယ်၍ မြလင်းရောင်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဗုဒ္ဓဘာသာအခြေပြုဆင့်၊ ပထမဆင့်၊ ဒုတိယဆင့်၊ ဂုဏ်ထူးဆင့်ဟူ၍ ဧပြီ ၂၃ ရက်မှစပြီး သင်တန်းသား ၃၀၀ တို့ကို သင်တန်းနည်းပြ ဆရာတော်ခုနစ်ပါးနှင့် ဆရာမလေးဦးတို့က သင်ကြားပို့ချခဲ့သည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၅ ရက်မွန်းတည့် ၁၂ နာရီက ခြသေ့်နှစ်ကောင် တောင်ပေါ်ကျောင်းဓမ္မာရုံ၌ကျင်းပရာ သင်တန်းနည်းပြဆရာတော်ဦးသောဘိတက သင်တန်းဖွင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး နှစ်စဉ်သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် ဘာသာသာသနာအကျိုးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူလေးများက ဦးဓမ္မာနန္ဒ(ဟိုပင်)ရေးသားသော ယဉ်ကျေးသင်တန်းအောင်ပန်းကဗျာ၊ ဆရာဂုဏ်ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုပေါင်း ၃၀ ချီးမြှင့်ရာ အလှူရှင်များစုပေါင်းငွေကျပ် ၆၆၅၀၀၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများနှင့် ဆုငွေများကို ဆရာတော်များနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုးတိုးမေ(ဟိုပင်)**

## ရေးမြို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၁/၂၀၁၆) ဖွင့်ပွဲကျင်းပ

**ရေး မေ ၁၇**

မွန်ပြည်နယ် ရေးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၆ ရက် နံနက် ၉ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း (၁/၂၀၁၆) ဖွင့်ပွဲကျင်းပခဲ့ကြောင်းသိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် ရေးမြို့နယ်မှ မြို့ပေါ်ရပ်ကွက်ကိုးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများတက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်သည်။

အဆိုပါသင်တန်းကာလတွင် ရဲတပ်ဖွဲ့လုပ်ငန်းတာဝန်များ၊ လူကုန်ကူးမှုနှင့် မူးယစ်၊ လ. ဝ. က၊ စာရင်းစစ်၊ တရားရေး၊ ဥပဒေရေးရာ၊ စိုက်/ဘဏ်၊ စီမံကိန်း၊ မီးသတ်၊ မြေစာရင်း၊ အလုပ်သမား၊ ပညာရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး၊ နည်းပဒေများ၊ သစ်တော၊ စည်ပင်၊ လျှပ်စစ်၊ ပြန်/ဆက်၊ ကျေးလက်လယ်ယာမြေစီမံခန့်ခွဲရေး၊ မြေလွတ်မြေရိုင်း၊ ရပ်၊ ကျေးဥပဒေကျင့်သုံးသောဥပဒေများကို သင်တန်းကာလတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက် ပို့ချကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# စားသောက်ကုန်လုပ်ငန်းများ နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်ရေးကြိုးပမ်းလာ

**မန္တလေး မေ ၁၇**

တိုးတက်ပြောင်းလဲလာသောကာလတွင် ပြည်တွင်းစားသုံးကုန်ထုတ်လုပ်ငန်းများ အဆင့်မြင့်ကုမ္ပဏီများမှာ နိုင်ငံတကာထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလာကြသည်။

ကုန်ထုတ်လုပ်သည့်နည်းစနစ်များ၊ သန့်ရှင်း သပ်ရပ်မှု စနစ်များမှအစ ပြောင်းလဲကာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြုလုပ်လာကြသည်။ ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ခြင်း၊ သင်တန်းပေးခြင်းများကို လစဉ်ပြုလုပ်ပေးပြီး အခြေခံစိတ်ခံယူမှုမှအစ ပြောင်းလဲပေးလာကြသည်။

ISO၊ G.N.P စနစ်များမှအစ အဆင့်မြှင့်တင်လုပ်ဆောင်လာကြသည်။ ကောင်းမွန်သော အရည်အသွေးဆိုင်ရာ မူဝါဒများချမှတ်ကာ စားသုံးသူအတွက် ဦးစားပေးလုပ်ဆောင်လာကြသည်။ အရည်အသွေးမြင့်ထုတ်ကုန်များကို ပြည်တွင်းသာမက ပြည်ပအထိပို့ဆောင်နိုင်စေရန် စတင်ကြိုးစားခြင်း၊ စားသုံးသူများကျေနပ်နှစ်သက်မှုရစေရန် ဂရုပြုခြင်းများပြုလုပ်လာကြသည်။ ISO အရည်အသွေးဆိုင်ရာ နည်းစနစ်များနှင့်အညီ ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်တွင် ကုန်ထုတ်လုပ်ခြင်းများ၊ စနစ်တကျတိုင်းတာမှုများဖြင့် ပြုလုပ်လာကြသည်။

ထုတ်ကုန်အရည်အသွေးမြင့်ကာ စားသုံးသူဘေးအန္တရာယ်ကင်းစေရန်အတွက် အခြေခံကျသော ကုန်ထုတ်လုပ်သည့်ပတ်ဝန်းကျင်မှ လေထုအတွင်းပါဝင်သော ပိုးမွှားများ၊ အမှုန်များ၊ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုများကို ကျွမ်းကျင်သူများနှင့် တိုင်းတာကာ စနစ်တကျ ဓာတ်ခွဲစမ်းသပ်၍ ကျန်းမာရေးနှင့် ညီညွတ်ရန် ကြိုးစားလုပ်ဆောင်လာကြပြီဖြစ်သည်။

ခေတ်မီနည်းစနစ်များ သယ်ယူပို့ဆောင်မှုများကို အသုံးပြုကာ ဝန်ထမ်းများ ကျေနပ်ပျော်ရွှင်ရေးအတွက်ပါ လုပ်ဆောင်ပေးကြသည်။ တစ်နှစ်တစ်ခါ အပျော်ခရီးထွက်ပေးခြင်းမှအစ နှစ်စဉ် အပိုဆုပေးခြင်းများ၊ လစာတိုးခြင်းများကို ထိုက်တန်စွာပြုလုပ်လာကြသည်။ လက်ရှိကာလတွင် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၊ မုန့်တိုက်များတွင် ကျန်းမာရေးနှင့်ညီညွတ်သော ထုတ်ကုန်များ ထုတ်လုပ်ပြီး နိုင်ငံတကာစံချိန်နှင့်အညီ တိုင်းတာလုပ်ဆောင်မှုများ ပြုလုပ်လာကြောင်း လေ့လာသိရှိရသည်။

**တိမ်တမန်**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၁၇**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ စိုက်/မွေး(၁)ရပ်ကွက်ရှိ ရပ်ကွက်ကြီး (၆)တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေးအတွက် ပိုးလောက်လမ်းများမရှိစေရန် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို မေ ၁၄ ရက် နံနက် ၇ နာရီခွဲမှစတင်၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ဦးစီး၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ ပူးပေါင်းပါဝင်ခဲ့သည်။

